www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမိမိုး




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



အစိုးရရုံးတစ်ခုက အထက်တန်းစာရေးကြီး တစ်ယောက်ရဲ့လစာက သူ့တစ်ကိုယ်စာအတွက်ပဲ လုံလောက်ရုံ။ ကျန်တဲ့မိသားစုစရိတ်၊ သားကျွေးမှု၊ မယားကျွေးမှုတွေ တာဝန်ယူနိုင်ဖို့တော့ဝေး။

ဒီတော့ မိန်းမဖြစ်သူက အိမ်မှာ စာအုပ်ဆိုင်နဲ့အခွေငှားဆိုင်လေး ဖွင့်ထားရတယ်။

မိဘအမွေအနှစ်က နေစရာလေး ချန်ခဲ့ပေးလို့ မြို့သစ်မှာ အိမ်လေး ခြံလေးနဲ့ နေရေးအတွက် ပူစရာမလို၍ တော်သေးသည်။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သားသမီးဆိုလို့ သမီးလေးတစ်ယောက်တည်းရှိ၍ ပါးစပ်ပေါက်မများ။ ကုန်စရာ ကျစရာမများ၍ သူတို့ဝင်ငွေနဲ့ဆိုရင် အဆင်ပြေသည်ဟုပဲ ဆိုရမည်။

ဒါက ကိုအေးနိုင်နဲ့ မမြမြအေးတို့မိသားစုဘဝပါ။ သူတို့သမီးလေးနာမည်ကတော့ မြယွန်းပုံ တဲ့။

သူတို့လင်မယားရဲ့ရုပ်ရည်က သာမန်ရွက်ကြမ်းရေကျိုမို့ မြယွန်းပုံကလည်း သိပ်ပြီးချောမောလှပခြင်းတော့မရှိပါ။ သာမန်ကလေးမလေးပါပဲ။

ဒါပေမဲ့ မြယွန်းပုံက စာအရမ်းဖတ်တယ်။ စာမျိုးစုံကိုဖတ်တယ်။

အိမ်မှာ စာအုပ်အငှားဆိုင် ဖွင့်ထားတော့ မြယွန်းပုံ စိတ်ကြိုက် စာဖတ်လို့ရတာပေါ့။

ဝတ္ထု၊ မဂ္ဂဇင်း၊ ကာတွန်း ဘာမှမလွတ်စေရ၊ သတင်းစာ ဂျာနယ်လည်း လာထားပဲ။





ကျောင်းစာထက် အပြင်စာကို ပိုစိတ်ဝင်စားနေတဲ့ ခြောက်တန်းကျောင်းသူ သမီးအတွက် ကိုအေးနိုင်က စိတ်ပူနေတယ်။

"မပူပါနဲ့ ကိုအေးရဲ့။ ရှင့်သမီး ဘာစာပဲဖတ်ဖတ် တစ်နှစ်တစ်တန်းတော့ အောင်နေတာပဲလေ"

"အေး ... အောင်တော့ အောင်တာပေါ့ကွာ၊ ထူးထူးချွန်ချွန်လေးအောင်တော့ ပိုမကောင်းဘူးလား။ အတန်းငယ်တုန်းတော့ ကိစ္စမရှိဘူး။ ကိုးတန်း ဆယ်တန်းရောက်မှ ဒုက္ခရောက်မယ်"

"ဒုက္ခမရောက်စေရပါဘူး၊ မြအေး တာဝန်ယူတယ်၊ စာဖတ်လို့ ဒုက္ခရောက်တဲ့သူ မရှိပါဘူး ကိုအေးရဲ့။ မြအေးသမီး ဆရာဝန်ဖြစ်ချင်မှဖြစ်မယ်၊ ဒါပေမဲ့ ဒီစာအုပ်တွေနဲ့ သူ့ဘဝကိုသူ အကောင်းဆုံး တည်ဆောက်သွားနိုင်လိမ့်မယ်လို့ မြအေး ယုံတယ်"

"အေး ... မင်းပြောသလို ဖြစ်ပါစေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ … မြအေးသမီး ဘယ်တော့မှ ဒုက္ခမရောက်ဘူး၊ နိုင်ငံ့ခေါင်းဆောင်ကြီးတစ်ယောက်က သူ့တပည့်တွေ အပြစ်လုပ်ရင် ဘယ်လိုအပြစ်ပေးတယ် ထင်သလဲ ကိုအေး၊ အပြစ်တစ်ခါလုပ်တိုင်း စာအုပ်တစ်အုပ်ဖတ်ခိုင်းပြီး အပြစ်ပေးတယ်တဲ့ရှင်"

"အင်း … ငါ့မိန်းမ မြအေး ဆယ်တန်းမအောင်လို့ပော့၊ မဟုတ်ရင် ကမ္ဘာကိုတောင် ခါးစောင်းတင်မလား မသိဘူး"

"ဆယ်တန်းမအောင်တာက ပညာကို ဆုံးခန်းတိုင်အောင် သင်နိုင်တဲ့အနေအထား မရှိခဲ့လို့ရှင်၊ ဒါပေမဲ့ ကျွန်မက စာဖတ်တယ်လေ၊ အဲဒါကြောင့် စာမဖတ်တဲ့ဘွဲ့ရတွေကိုတော့ ယှဉ်နိုင်တယ်"

"ဟုတ်ပါပြီကွာ၊ ဒါနဲ့ သမီး ပုံပုံ ကျူရှင်သွားပြီလား"

"သွားပြီ"





"အေး … အေး၊ ငါလည်း ဒီနေ့ ရုံးပိတ်တုန်း မြို့ထဲသွားပြီး မင်းအတွက် စာအုပ်နဲ့အခွေ သွားဝယ်ဦးမှပဲ"

"သွားရင်းနဲ့ ဆီလေးတစ်ပိဿာလောက် ဆွဲခဲ့ပါလား။ ကျုပ်တို့မြို့သစ်ရောက်ရင် ဆီကဈေးတက်သွားလွန်းလို့"

○✚○



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ မြို့ရဲ့အစွန်အဖျား မြို့သစ်မှာနေရတာ ဘာမဆို ဈေးကြီးပါတယ်။ ဘာကြောင့်လဲ ? ။

သွားဝယ်ရတာက မြို့ထဲ။ ကားနှစ်ဆင့် သုံးဆင့် စီးရတဲ့နေရာဆိုတော့ သယ်ယူပို့ဆောင်ရေးစရိတ်တက်ပြီး ဈေးတွေကြီးတော့တာပါပဲ။

သီရိမင်္ဂလာဈေး။ စံပြငါးဈေး။ လမ်းမတော်သံဈေး။ အားလုံးက သူတို့မြို့သစ်နဲ့ နီးမှမနီးတာ။

ဒီတော့ မြို့ထဲသွားရင် ဆီနဲ့တခြားလိုအပ်တာလေးတွေ မှာလိုက်ရသည်။ ကားခလေး ပိုထွက်လာလည်း မနည်းဘူးမို့လား။ မမြမြအေးက ထိုသို့စစ်စီတတ်ပါသည်။





ပညာမတတ်ပေမယ့် သညာတော့တတ်သည်။ စည်းကမ်းလည်းရှိသည်။ ဒီလောက်ဆို လူ့ဘဝမှာ အဆင်ပြေစွာရပ်တည်နိုင်ပါပြီလေ။

သူတို့မြို့သစ်က လူအများစုကတော့ ထိုသို့မဟုတ်။ အားရင် လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်တွေမှာ ယောကျ်ားမိန်းမတွေ စုပြုံတိုး။ အရည်မရ၊ အဖတ်မရ။ အာလာပသလ္လာပတွေပြောပြီး အချိန်ကုန်ကြ။ စုပြုံပြီး ချဲထီတွေထိုးကြ။

အတင်းတွေပြောပြီး စကားလည်း ခဏခဏများကြသည်။

အနေအထိုင်ရမ်းပြီး အပြောအဆိုလည်း ကြမ်းကြသည်။

ညစဉ်ညတိုင်းလိုလိုမှာ ပုဆိုးစလွယ်သိုင်းပြီး မူးရူးဖျော်ဖြေသူတွေလည်းရှိ၏။

မူးပြီး အသံသေး အသံကြောင်နဲ့အော်ကာ သီချင်းဟစ်တော့ လူမပြောနဲ့ ခွေးတောင် နားမခံသာ၍ထင်ပါ့။ အမူး



www.burmeseclassic.com

www.burmeseclassic.com



သမားတွေရဲ့သီချင်းသံတွေနောက်မှာ-ချွေးပေါင်သံက အမြဲဟာမိုနီလိုက်သည်။

ပြီးတော့ နိဗ္ဗာန်ဈေးပွဲတော်တွေ ကျင်းပသည့်အချိန်ဆိုလည်း ဘယ်လောက်ဝေးဝေး အုပ်လိုက်ချီတက်တတ်ကြသည်။ စတုဒိသာသတင်းကြားရင်လည်း မလွတ်စေရ။ မိသားစုလိုက်ကို မီးနိုးတိုက်ပစ်တာပဲ။

အဲဒီလိုပတ်ဝန်းကျင်မှာ ကြီးပြင်းရတဲ့ မြယွန်းပုံရဲ့ အနာဂတ်က လှပပါ့မလားဟု တွေးချင်စရာပါ။

ပန်းပုဆရာတွေ လှပစွာအနားသတ်နိုင်ပါ့မလား ?။

○✚○





ကျွန်မ ... ကျွန်မလို့ ပြောတတ်တဲ့ ခပ်သွက်သွက် ကောင်မလေးတစ်ယောက် ရှိပါတယ်။

သူ့မနာမည်က နှင်းကဗျာတဲ့။ နာမည်နဲ့လိုက်အောင် ဖြူနွဲ့.နွဲ့.လေးပါ။

ဒါပေမဲ့ နှင်းကဗျာက သိပ်အလှကြီးတော့မဟုတ်။ အသားအရေလှ၍ ကြည့်ကောင်းနေတာပါ။

နှင်းကဗျာက အသွက်ကလေးပါ။ မိဘတွေက ဝန်ထမ်းတွေဆိုတော့ နှင်းကဗျာကို အချိန်ပြည့် စောင့်မကြည့်နိုင်။

နှင်းကဗျာမှာ အစ်ကိုတစ်ယောက်ရှိ၏။ ထိုအစ်ကိုကပဲ နှင်းကဗျာကို ထိန်းရတာများသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက နှင်းကဗျာက အစ်ကိုနောက် တကောက်ကောက် လိုက်တတ်သူပါ။

အစ်ကို ဂေါ်လီရိုက်သည့်အရွယ် နှင်းကဗျာ ဂေါ်လီလုံးနှင့်ဆော့သည်။

အစ်ကို ဘောလုံးသွားကန်ရင် နှင်းကဗျာက ဘောလုံးလေးတပိုက်ပိုက်။

အစ်ကိုလက်ဖက်ရည်ဆိုင် ထိုင်တတ်သည့်အရွယ်လည်း နှင်းကဗျာပါသည်။

အစ်ကိုက လက်ဖက်ရည်ဆိုင်ကျတော့ သိပ်မခေါ်ချင်တော့။

ဒါပေမဲ့ အမေက နှင်းကဗျာကို မခေါ်သွားရင်အပြင်မထွက်ရ အမိန့်ထုတ်ထားလို့ မခေါ်ချင်ဘဲ ခေါ်ရတာ။ အောင့်သက်သက်နဲ့ ဆူဆောင့်ဆောင့်။

ဒါပေမဲ့ ကဗျာကတော့ မရအရလိုက်သည်။ အစ်ကိုခေါ်ချင်တာ မခေါ်ချင်တာ ကဗျာသိဖို့မလို။ လိုက်ရဖို့အရေးကြီး





သည်။ အစ်ကို့လက်ဖက်ရည်ခွက်ထဲမှာ အီကြာကွေးလေးနှစ်ပြီး စားရဖို့ အရေးကြီးသည်။ အဲဒီလိုကြီးပြင်းခဲ့ရသည့် ကဗျာပါ။

အစ်ကိုနဲ့ အစ်ကို့သူငယ်ချင်းတွေကြားထဲ ကြီးပြင်းခဲ့ရပေမယ့် နှင်းကဗျာ ယောကျ်ားလုံး မဖြစ်ခဲ့။ ကျွန်မ ... ကျွန်မနဲ့ မိန်းကလေးပီသမှပီသ။

သူ့ဗီဇနဲ့ သူလာတာပါ။

ဖော်ပြခဲ့သည့်အတိုင်း နှင်းကဗျာဟာ မိန်းကလေးပေမယ့် အမေနဲ့ လက်ပွန်းတတီး မနေရရှာသော ကလေးပါ။

ထို့ကြောင့် နှင်းကဗျာဟာ အမြဲ ကိုယ့်မြင်းကိုစိုင်းတတ်သည့် ကောင်မလေး ဖြစ်လာပါသည်။

သူမ မှန်တယ်ထင်ရင် နောက်မတွန့်တတ်သလို သူမ လုပ်သမျှကိုလည်း မှန်တယ်ထင်သူ ဖြစ်ပါသည်။ ဩော် ... နှင်းကဗျာတို့မိသားစုက ဝန်ထမ်းအိမ်ရာမှာနေတာနော်။

နှင်းကဗျာရဲ့ပတ်ဝန်းကျင်က ဝန်ထမ်းမိသားစုတွေပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်သန့်တယ်လို့ ဆိုရမှာပေါ့။ အဆင့်အတန်းလည်း ညီတယ်လို့ ပြောရမှာပေါ့။

နှင်းကဗျာတို့ဝန်ထမ်းအိမ်ရာကြတော့ အားနည်းချက်ဟာစ်ခုရှိသည်။

အပြိုင်အဆိုင် ကြီးကြတာပင်။

ယောက်ျားချင်း ရာထူးပြိုင်သည်။ မိန်းမချင်း ဂုဏ်တုဂုဏ်ပြိုင် ဝတ်ကြစားကြ၏။ ကလေးချင်း ပညာအရည်အချင်းပြိုင်တတ်ကြသည်။

ထို့ကြောင့် နှင်းကဗျာတို့ မောင်နှမလည်း အတော်ကြီးမဟုတ်ပေမယ့် တစ်နှစ်တစ်တန်းတော့ မှန်မှန်အောင်ပါသည်။ မအောင်ရင် အဖေ့ကြိမ်လုံးနဲ့တွေ့မှာလေ။

ထိုတစ်ခုပဲ နှင်းကဗျာတို့ အာရုံစိုက်ရသည်။ ကျန်တာကတော့ အဖေမအား၊ အမေမအား။ **Freedom** ။ ပြောရဦးမယ် ...





နှင်းကဗျာတို့ ဝန်ထမ်းအိမ်ရာမှာ နှင်းကဗျာက ငယ်ငယ်တည်းက ဂျလည်လေး။ အလည်မလေးဟု နာမည်ကြီးသတဲ့။

နှင်းကဗျာရဲ့အနာဂတ်ကရော ဘယ်လိုလာမယ် ထင်သလဲ။

○✤○



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တစ်ယောက်နဲ့ မိတ်ဆက်ပေးချင်ပါသေးတယ်။ သူမနာမည်က နီရာ။

နီရာရဲ့ဘဝက တစ်မျိုးပါ။

နီရာဟာ တစ်ဦးတည်းသော သမီး၊ တစ်ဦးတည်းသောမြေးမို့ ဘိုးဘွားမိဘတွေရဲ့ စုပုံချစ်ခြင်းကို ခံရသူပါ။

စုပုံချစ်သည် ဆိုရာတွင်လည်း အလိုလိုက်ပြီးချစ်တာမျိုးမဟုတ်ဘဲ အရိပ်တကြည့်ကြည့်နှင့် မျက်စိအောက်က အပျောက်မခံ ချစ်တာမျိုးပါ။

မိန်းကလေးမို့ အဘွားနဲ့အမေက အရိပ်တကြည့်ကြည့်နဲ့ သံကွန်ခြာခုနစ်ထပ် အုပ်ထားကြသည်။





နီရာတစ်ယောက်တည်း အပြင်သွားရတာမျိုး တစ်ခါမှမရှိ။

ကျောင်းသွားရင်တောင် အိမ်နဲ့ကျောင်းက နီးတာမို့ ဆယ်တန်းအထိ မအေက တကောက်ကောက် လိုက်ပို့တာ။

မေမေရေ ဆိုတာနဲ့ ရေခပ်ပေးပြီးသား။ သမီးကို ချစ်လွန်းလို့ အလိုလိုက်ထားခဲ့တာ။ ဘာမှမနိုင်းရက်ဘဲ ထမင်းစားမယ် ဆိုရင်တောင် ဇွန်း၊ ခက်ရင်းက အဆင်သင့်။

အရွယ်ရောက်လာတော့လည်း နီရာက နတ်သမီးတစ်ပါးလို လှနိုင်လွန်းသဖြင့် မိဘဘိုးဘွားတွေ ပိုပြီးစိတ်မချနိုင်တော့။

ရွှေမှုန်စားပြီး မွေးထားသလား ထင်ရလောက်အောင် နီရာက လှနိုင်လွန်းသည်။

အသားအရေ နူးညံ့ကြည်လင် ဝင်းမွတ်လှသလို မျက်နှာအကျကလည်း နှိုင်းစရာမရှိ။ ခန္ဓာကိုယ်အချိုးအစားကလည်း ဘာပဲဝတ်ဝတ် ပြေပြစ်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လူကြီးတွေက နောက်ထပ်သံကွန်ခြာတွေ တစ်ထပ်ပြီးတစ်ထပ် အုပ်ကြပြန်သည်။

အပြင်သွားတာကိုတင် ကန့်သတ်တာမဟုတ်၊ အိမ်မှာနေရင်လည်း အချစ်ဇာတ်လမ်းတွဲ၊ ဗီဒီယို၊ ဝတ္ထုကာတွန်းစတာတွေ မဖတ်ရ၊ မကြည့်ရပါ။ ပိုဆိုးတာက သီချင်းတောင် နားမထောင်ရ။

လပြည့်လကွယ်နေ့တွေတိုင်း အဘွားနဲ့အတူ ဘုန်းကြီးကျောင်း ဥပုသ်လိုက်ဆောက်တည်ရသေးသည်။

ဒီတော့ နီရာလေးခမျာ မျက်စိပိတ်၊ နားပိတ်နဲ့ လူကြားသူကြားထဲမှာကို မနေတတ် မထိုင်တတ်ဘဲ ကြောက်မကလေးဖြစ်ကာ လူကြောက်မကလေးကို ဖြစ်နေတော့သည်။

ဘာဗဟုသုတမှလဲမရှိဘဲ လောကကြီးနဲ့ အဆက်အသွယ် ပြတ်လွှန်းလှသည်။

ဆယ်တန်းအောင်တော့ ကျောင်းဆက်မတက်ချင်တော့ဟု တောင်းဆိုတာကိုလည်း မိဘတွေက သဘောတောင်ကျနေသေး၏။





ခုလို နီရာ ဘာမှမသိဘဲ အဖြူသက်သက်ကလေးဖြစ်နေတာကို ပီတိဖြာနေကြသည်။

ခုလိုခေတ်ကြီးမှာ အပြင်တလန်းလန်းထွက်နေပြီး ဖြစ်ချင်တိုင်း ဖြစ်နေတတ်တဲ့ သမီးမိန်းကလေးတွေထက်စာရင် နီရာ ဒီလိုနေတာက ပိုကောင်းသည်ဟု ထင်ကြသည်။

မိဘက ပိုက်ဆံရှိပြီးသားမို့ ပူစရာမလိုဟုထင်သည်။,

နီရာ့ပတ်ဝန်းကျင်မှာ အကောင်းဆုံးဆိုတဲ့ အသုံးအဆောင်တွေ၊ အဝတ်အစားတွေ၊ အစားအစာတွေ၊ အရုပ်ကလေးတွေ၊ ကာတွန်းကားလေးတွေ၊ သတင်းစာတွေ ဒါတွေပဲရှိသည်။

ထို့ကြောင့် နီရာသည် ကာတွန်းကားလေးတွေကြည့်၊ အရုပ်ကလေးတွေနှင့်ဆော့၊ စားချင်တာစားနှင့် တကယ် ကလေးသာသာ ကောင်မလေးတစ်ယောက် ဖြစ်နေခဲ့ပါသည်။

နီရာ့ရဲ့ပန်းပုဆရာတွေက နီရာကို ဘယ်လိုအရုပ်ကလေးဖြစ်အောင် ထုမလဲ ? ။

○✤○



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းပုံဆီ ပြန်သွားကြပါစို့။

အတန်းထဲမှာ စာမတော် စာမည့်သော မြယွန်းပုံသည် တစ်နှစ်တစ်တန်း မှန်မှန်အောင်ရင်းပဲ ကိုးတန်းရောက်လာခဲ့သည်။

အရွယ်ကလေးပြောင်းစမို့ ဖွံ့စ၊ ဖြိုးစ၊ စိုပြည်စ မြယွန်းပုံကလေးက နှင်းဆီရိုင်းအငုံစကလေးတစ်ပွင့်လို ချစ်စရာကောင်းလှ၊ နုသစ်လှပါသည်။

ဒီတော့ ရပ်ကွက်တို့ရဲ့ထုံးစံအတိုင်း အပေအတေ ဂျလေဂျပိုးတို့က မြယွန်းပုံကို မျက်စိကျလာကြသည်။





နီးနီးနောက်နောက် လုပ်ချင်လာကြသည်။ လက်ဖက်ရည်ဆိုင်ကနေ ဖိုသံပေးလာကြသည်။

တပြွတ်ပြွတ်၊ တရွှတ်ရွှတ်သံတွေက မကြားချင်မအဆုံး။

မမြမြအေးရဲ့အခွေငှားဆိုင်နဲ့ စာအုပ်ဆိုင်မှာလည်း မြယွန်းပုံရှိတဲ့ အချိန်ဆို လူစည်နေသည်။

မမြမြအေးကလည်း အပြောင်းအလဲ သဘောတရားတွေကို ရိပ်မိပါသည်။ ထို့ကြောင့် သမီးကို မိန်းကလေးတွေဖတ်သင့်သည့်စာအုပ်မျိုးတွေ ဝယ်ပေးလိုက်သည်။ သမီးလေးဖတ်ဖို့။ တော်ဝင်မိန်းမများ အစရှိသည့် အမျိုးသမီးရေးရာစာအုပ်ကလေးတွေ ဖတ်ခိုင်းလိုက်သည်။

မမြအေး ဆုံးမစရာမလို။ စာအုပ်တွေက ဆုံးမလိမ့်မည်။ မမြအေးက ဆုံးမရင်တောင် နားဝင်ချင်မှဝင်မှာ။ စာအုပ်တွေဖတ်လိုက်ရင် နှလုံးသားထဲရော၊ ဦးနှောက်ထဲပါ အလိုလိုလင်းလက်သွားမှာ။ မိခင်ဆုံးမတာထက် ပိုပြီးပြည့်စုံသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြယွန်းပုံကလည်း အသိရှိပါ၏။ ရပ်ကွက်ထဲက ကောင်တွေကို ယောင်လို့တောင် လှည့်မကြည့်ခဲ့။ စုမှ ဆယ့်ငါးနှစ်သာရှိသေးသော သူမ ဒီကိစ္စတွေနှင့် မဆိုင်သေးတာလည်း မြယွန်းပုံ သိသည်။

ကျောင်းစာကိုပဲ အာရုံစိုက်သည်။ ကိုးတန်းဆိုတော့ အတန်းကြီးလာသလို စာကလည်းများလာပြီ။

သစ်ရွက်လှုပ်ရင် ရယ်တတ်တဲ့အရွယ်မှာ စာအုပ်တွေရဲ့ကျေးဇူးကြောင့် မြယွန်းပုံ ဆိုတဲ့ ကောင်မလေးကတော့ သစ်ရွက်တွေ ဘာကြောင့်လှုပ်ရသလဲ ဆိုတာကို ဆန်းစစ်တတ်နေပါသည်။

သစ်ရွက်လှုပ်တဲ့ အကြောင်းရင်းကို ဆန်းစစ်နေရတာနဲ့ မြယွန်းပုံ ရယ်ဖို့မေ့နေခဲ့ပါ၏။

○✚○





ဒီလိုနဲ့ မြယွန်းပုံ ဆယ်တန်းကိုလည်း ချောမောစွာ ဖြေနိုင်ခဲ့ပါသည်။

ဆယ်တန်းဖြေပြီးတော့ မြယွန်းပုံက ပညာဒါနပြုသော ဘုန်းကြီးကျောင်းတစ်ခုမှာ သင်တန်းသွားတက်သည်။ အင်္ဂလိပ်စကားပြော သင်တန်းပါ။

နိုင်ငံတကာကို ရင်ဘောင်တန်းနိုင်ဖို့က နိုင်ငံတကာသုံး အင်္ဂလိပ်စကားတော့ မဖြစ်မနေ တတ်ထားဖို့လိုပါသည်။

မိမိဘာသာမဟုတ်သော ရေခြားမြေခြားဘာသာစကားတစ်ခုကို သင်ယူရတာ သိပ်မလွယ်ပေမယ့် အခက်အခဲကြီးတစ်ခုလည်း မဟုတ်ပါ။ မခက်လို့လည်း ကမ္ဘာပေါ်မှာ လူအများစု



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စကားကို ပြောတတ်ကြတာဖြစ်သည်။ A,B,C,D, စကားလုံးလေးတွေမှာ အသတ်တွေ အစက်တွေမပါပါ။

အကွေ့တွေ အဝိုက်တွေ မကွန့်ဘဲ အင်မတန်ရိုးရှင်းပါသည်။

သင်ရင်တတ်လွယ်ပါသည်။

ဘူးသီးငါးပေါင်းကြော် ဘာသာစကားတွေကိုတောင် ရအောင်ရေးနိုင်၊ သင်နိုင်ကြသေးတာပဲ။

ထိုအတွေးနဲ့ မြယွန်းပုံ ကြိုးစားပါသည်။

ဘာပဲလုပ်လုပ် အဘက်ဘက်က သေချာစဉ်းစားတွေးတောပြီးမှ လုပ်တတ်တာ မြယွန်းပုံရဲ့အကျင့် ဖြစ်နေပါပြီ။

အလုပ်တစ်ခုရဲ့ကောင်းကျိုး ရှိသလို ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေကိုလည်း တွေးထားရမှာလေ။ ဒါမှ အဆိုးနဲ့အကောင်းကို ချိန်ဆနိုင်မှာပေါ့။ အဆိုးနဲ့အကောင်း ချိန်ဆနိုင်ရင် တစ်ဝက်တော့ အောင်မြင်တာပဲမို့လား။

ဒီအသိတွေကို မြယွန်းပုံ စာဖတ်ရင်းရခဲ့တာပါ။





နောက်တစ်ခုက မြယွန်းပုံ မြတ်နိုးတာ တစ်ခုရှိသေးသည်။ မြန်မာပြည်ဖြစ် ချည်ထည်လေးတွေကို အသေအလဲကို မြတ်နိုးတာပင်။ မြယွန်းပုံ အပျိုဖော်ဝင်ကတည်းက နိုင်ငံခြားကဝင်လာတဲ့ တီရှပ်၊ စပို့ရှပ်၊ ဂျော်ဂျက်၊ ဆွဲသား စတာတွေကို မဝတ်တော့။

မြန်မာ့ဆန်ဆန်အင်္ကျီလေးတွေကို ပြည်တွင်းဖြစ် ချည်စကလေးတွေနဲ့ ချုပ်ဝတ်သည်။ ပြီးတော့ တိုင်းရင်းသူတွေရဲ့ ရိုးရာဝတ်စုံလေးတွေကိုလည်း သဘောကျသည်။ ဒီတော့ ရပ်ကွက်ထဲက သူမကို နာမည်ပေးကြသည်။ မဟာဆန်သူကြီးတဲ့လေ။

○✤○



www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင် ဖြီးထားတဲ့ ကွမ်းသွေးပေကျံနေသော ပါးစပ်ကြီးတစ်ခုကို အဝေးကပင် လှမ်းမြင်ရသည်။

မြယွန်းပုံကို အသေရရင်တောင် လိုချင်ပါသည်ဟု သတင်းလွှင့်ထားသော ပန်းရုံဆရာ ဘသာရဲ့ပါးစပ်ကြီးပါ။

"ပုံလေး"

မြယွန်းပုံက မော့ကြည့်လိုက်သည်။

"ဟိုခွေရှိလား"

"ဘာခွေလဲ"

"ဟိုခွေလေ"





"မရှိဘူး"

"အလို့ ... ဘာခွေလဲဆိုတာ ဒက်တယ်ပေါ့"

"ဘာကိုဒက်ရမှာလဲ၊ ရှင်ပြောတဲ့ ဟိုခွေဆိုတဲ့ အခွေမရှိဘူးလို့ပြောတာ။ ဟိုခွေလည်း မရှိဘူး၊ ဟိုဆိုတဲ့အခွေလည်း မရှိဘူး"

"ပုံလေးကလည်း ခွတိုက်နေပြန်ပြီ။ တိုက် ... တိုက်၊ အဲလို ခွတိုက်လေ ကိုဘသာက ပိုချစ်လေပဲ"

"ကဲ ... ရှင် ဘာခွေယူမလဲ၊ မယူရင်လည်းကြွ၊ အရည်မရ အဖတ်မရတွေ လာပြောမနေနဲ့။ ကျွန်မ စီးပွားရေးလုပ်နေတာ။ ရှင်ပြောတဲ့ အဖိုးမတန်စကားတွေကို နားမထောင်ချင်ဘူး ဦးဘသာ"

"ပုံလေးကလည်း"

"ဟိတ်ကောင် ... ဘသာ"

"ဗျာ ... ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ထပ် ... ဘာ ဦးလဲကွာ၊ မင်း အရင်က ငါ့ကို အစ်ကို ခေါ်တာပါ။ ခွေလာဗွားတာလား၊ ဘာခွေလဲ"

မြယွန်းပုံအဖေ ရောက်လာ၍ ဘာသာလည်း ကုပ်သွားသည်။

အခွေတစ်ခွေဗွားပြီး လစ်သွားသည်။

"ပုံပုံ ... သမီး၊ နောက်ဆို ဆိုင်မထိုင်နဲ့တော့။ ဒီလိုကောင်တွေ ငါ့သမီးကို လာလာရစ်နေတာ ကြာရင် အဖေသည်းခံနိုင်မှာ မဟုတ်ဘူး"

"သမီးကတော့ သူတို့ ဘာပြောပြော နားထဲကိုမရောက်ပါဘူး အဖေရယ်၊ ကိုယ့်ဆိုင်ထဲထိုင်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်တာ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး။ အဖေမစိုးရိမ်ပါနဲ့၊ သမီးအားတဲ့အချိန်လေး ကူထိုင်ပေးတော့ အမေသက်သာတာပေါ့"

"သမီးကလည်း"

"အဖေ သမီးကို ယုံတယ်မို့လား"





"ငါ့သမီးကို ယုံပါတယ်"

"တေလေဂျပိုးတွေ လာနှောင့်ယှက်လို့ မြယွန်းပုံ ဆိုင်မထိုင်ရဲဘူးဆိုတဲ့ ရာဇဝင် မရှိစေရဘူး အဖေ"

"ကဲ ... သမီးသဘော"

ကိုအေးနိုင်က လိမ္မာသော သမီးလေးကိုကြည့်ကာ ပီတိဖြာနေပါသည်။

သမီးကလေး သိထတ်တော့ မမြအေးလည်း သက်သာတာပေါ့လေ။

သားအဖနှစ်ယောက် စကားပြောနေတာကို တစွန်းတစ ကြားလိုက်သော မမြအေးလည်း သူမရဲ့ပန်းပုရုပ်ကလေး လက်ရာမြောက်နေတာကို ကျေနပ်သွားပါ၏။

မြယွန်းပုံကတော့ လုပ်စရာရှိတာ ဆက်လုပ်နေသည်။

ကိုအေးနိုင် ငုတ်တုတ်ထိုင်နေတာတောင် ဆိုင်က လူမပြတ်။



www.burmeseclassic.com

သကောင့်သားလေးတွေ စာအုပ်တွေကို ဖွနေတာ တော်တော်ကြာပြီ။

ဗုားတော့လည်း စာအုပ်နာမည်က "ချစ်တယ်"တဲ့။ ဂန်းမသားလေးတွေ။





မြယွန်းပုံသည် ရပ်ကွက်ထဲကလူတွေကို တန်းတူ ရည်တူတော့ ဆက်ဆံပါသည်။ စာမတတ်၊ ပေမတတ် ရိုင်းစိုင်း သည့်သူတွေကိုတောင် မြယွန်းပုံက ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံသည်။

သူမကို ထိကပါး ရိကပါး ပြောလာရင်သာ မှတ် လောက်သားလောက်အောင် တုံ့ပြန်ငြင်းဆိုတတ်တာ။ ရိုင်းရိုင်း စိုင်းစိုင်းတော့ မပြောပါ။ ပြီးတော့ ရပ်ကွက်ထဲက ကောင်တွေက ယဉ်ယဉ်ကျေးကျေး ငြင်းလို့မှမရတာ။

ထို့ကြောင့်လည်း မြယွန်းပုံကို အမုန်းဖက် အငြိုး ထားမည့်သူတော့ မရှိပါ။

www.burmeseclassic.com



မိန်းမချင်း မနာလိုတာပဲရှိသည်။ မိန်းမချင်း မနာလိုတာကတော့ မြယွန်းပုံကိုမှ မဟုတ်။ သူမအမေ မမြအေးကိုပါ မနာလိုကြတာ။

ဖြတ်စဗျင်းတောင်းနေတတ်တဲ့ ပျံကျရပ်ကွက်မှာ စည်းနဲ့ကမ်းနဲ့နေတတ်တဲ့သူကပဲ မှားနေသလိုလို။ မမြအေးကို ဝိုင်းပြီးမေးငေါ့ကာ အတင်းတုပ်ကြသည်။

ထိုအရှိန်နဲ့ မြယွန်းပုံကို ပိုပြီးအမြင်ကတ်ကြသည်။ အမနာပ ပြောချင်ကြသည်။ မြယွန်းပုံတို့အငှားဆိုင်လေး လူစည်နေရင်ပဲ ချောင်းမြောင်းစပ်စုချင်ကြသည်။ မြယွန်းပုံနဲ့ ရပ်ကွက်ထဲကနကောင်တွေပဲ တရှန်းရှန်းလိုလို ပြောချင်ကြသည်။

ဒါပေမဲ့ မြယွန်းပုံက အနေမှန်၍ မပြောသာ။ ပြောစရာအကွက်ကိုမရှိ။ ကိုအေးခိုင်ရော မမြမြအေးပါ သမီးဘေးမှာ ဘယ်ညာဝန်းရံနေကြသည်လေ။

ဒီတော့ မြယွန်းပုံက ကောင်းသတင်းဖြင့်သာ ကျော်ကြားတော့တာပေါ့။





မြယွန်းပုံသည် သူတို့ရပ်ကွက်ရဲ့ စံပြမိန်းမပျိုဖြစ်သည်။

တချို့မိခင်တွေက သူတို့သမီးတွေကို ဆုံးမချင်ရင် မြယွန်းပုံကို နမူနာပြပြီး ဆုံးမတတ်ကြသည်။

သားရှင်တွေကလည်း မြယွန်းပုံကို လိုလိုလားလား ချွေးမတော်ချင်လွန်းကြသည်။

သို့သော် မြယွန်းပုံကတော့ လုံးဝစိတ်မဝင်စားပါ။ အချစ်နှင့်အိမ်ထောင်ရေးဆိုတာ မြယွန်းပုံ အတွေးထဲကို တစ်စွန်းတစ်စတောင် လာမငြိဘူးသေးပါ။

စာဖတ်များပြီး ဆင်ခြင်နိုင်စွမ်းရှိတဲ့ မြယွန်းပုံဦးနှောက်ထဲမှာ ဘဝရှေ့ရေးအတွက် လုပ်စရာတွေ အကွက်ချလို့တောင်မဝ။

ဒီတော့ ပတ်ဝန်းကျင်က တစ်မျိုးပြောကြပြန်၏။ မြယွန်းပုံက စာကြမ်းပိုးမလေးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပါဝါမျက်မှန်ပါးပါးလေး တပ်ထားရတဲ့ မြယွန်းပုံက ကိုယ်လက်လေ့ကျင့်ခန်းစာအုပ်တွေဝယ်ပြီး အိမ်မှာ ကိုယ့်ဘာသာ ပုံမှန်လုပ်သဖြင့် ချိုကုန်းပုံစံစာကြမ်းပိုးရုပ် မဟုတ်ပါ။ လတ်ဆတ်စိုပြည်သော အလှဖြင့် ပြည့်စုံပါ၏။

ပြောချင်သူတွေက ပါဝါမျက်မှန်လေးကြောင့် အားမနာလျှာမကျိုး စာကြမ်းပိုးကမ္ဘည်းတပ်ကြတာပါ။

မြယွန်းပုံကတော့ ဂရုမစိုက်ပါ။ လုပ်စရာရှိတာဆက်လုပ်သည်။ လူတစ်ယောက်ရဲ့ခြေလှမ်းဟာ ပတ်ဝန်းကျင်ရဲ့အမနာပစကားတွေကြောင့်တော့ ယိမ်းယိုင်စရာ အကြောင်းမရှိဘူးလေ။

ပညာဒါန သင်တန်းကျောင်းမှာ စကားပြောတက်၊ အင်္ဂလိပ်စကားပြောစာအုပ်တွေ ဝယ်ဖတ်၊ အင်္ဂလိပ်မြန်မာအဘိဓာန်ထဲက မီးနင်းတွေကို တစ်နေ့အလုံးငါးဆယ်ကျက်။ စသဖြင့် တတ်သလောက် မှတ်သလောက် ကြိုးစားနေသည်။





သူမတို့အိမ်ရဲ့စီးပွားရေးအခြေအနေက သင်တန်းတွေပြန်လန်နေအောင် တက်နိုင်တဲ့ အခြေအနေမှ မရှိတာလေ။

ဒီတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ကိုယ့်ကိုယ်ကိုယ် အရောင်တင်ရသည်။

မြယွန်းပုံ ဆယ်တန်းအောင်စာရင်းထွက်တော့ ဆယ်တန်းကို ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်သည်။

ကိုအေးနိုင်နဲ့ မမြအေးတို့ ကျေနပ်မဆုံး။ သူတို့ရပ်ကွက်မှာ ဆယ်တန်းတဖုန်းဖုန်းကျနေသူတွေ များတာလေ။ အောင်တဲ့သူတောင် ခပ်ရှားရှားရယ်။

ခုလို ဂုဏ်ထူးတစ်ခုပါတာက မဟာမျက်နှာပန်းပွင့်ခြင်းတည်း။

ဆယ်တန်းအောင်တော့ မြယွန်းပုံက ...

"အဝေးသင်တက်ရင်း အလုပ်လုပ်မယ် အဖေ"

သူတို့အင်အားကလည်း Day တက်နိုင်စွမ်းမှ မရှိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မြယွန်းပုံ အင်္ဂလိပ်စာအမှီကနဲ့ အရှေ့ဥးသင်တက်ရင်း စာပေတိုက်တစ်ခုရဲ့အရောင်းဆိုင်မှာ အလုပ်လုပ်တယ်။

စာအုပ်တွေကိုချစ်တဲ့ မြယွန်းပုံ စာအုပ်တွေကြားထဲ ဆက်ကူးခတ်ပြန်၏။

○✤○





နှင်းကဗျာ အရွယ်ကလေး ပြောင်းလာတော့ နှင်းကဗျာကို လိုက်ကြသည့် ကောင်လေးတွေ များလာ၏။

နှင်းကဗျာ ရှစ်တန်းမှာစပြီး ရည်းစားစာပေးခံရသည်။ ဒါတောင် နှင်းကဗျာဘေးမှာ ကိုကို အမြဲပါသည်။

နှင်းကဗျာ အပြင်ထွက်ရင် ကိုကိုနှင့်အတူပဲ ထွက်ရသည်၊ ဒီအခြေအနေထဲမှာတောင် နှင်းကဗျာကို စာရအောင်ပေးနိုင်ကြသည်။

နှင်းကဗျာ အရွယ်ပြောင်းလာချိန်မှာ ကိုကိုတို့က ဆယ်တန်းအောင်ပြီးပြီ။

နှင်းကဗျာကို အရင်လို မခေါ်ချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေမေက သူမ မရှိ၍ အိမ်မှာလည်း တစ်ယောက်တည်း ထားရမှာစိတ်မချ။ ထို့ကြောင့် ကိုကို့ကို ဘယ်သွားသွား ခေါ်သွားဖို့ အမိန့်ချထားသည်။

ကိုကိုတို့နဲ့အတူ လက်ဖက်ရည်ဆိုင်ထိုင်ပါများတော့ ယောက်ျားလေးတွေအကြောင်း တီးမိခေါက်မိလာသည်။

ကိုကို့သူငယ်ချင်း ကိုတေဇာဆို ရည်းစားရှိသည်။ ရည်းစားကလည်း တော်တော်ချော၏။ ဒါကို လက်ဖက်ရည်ဆိုင်ထိုင်ရင်း တွေ့သမျှမိန်းကလေးတွေကို မျက်စိစားပွဲထိုင်သေး၏။

ပါးစပ်အရသာခံပြီး ဝေဖန်စစ်ကြောရေးဝင်သေးသည်။ ထိုအချိန်မှာ ကဗျာက ...

"ကိုတေဇာ ... မအိမ်စည်ကို သတိမရဘူးလား"

"ကျစ် ... ကဗျာကလည်း မပေါက်ဘူး။ လက်ဖက်ရည်ဆိုင်ထိုင်ချိန်ဆိုတာ နှလုံးသားက ပရဟိတလုပ်တဲ့ အချိန်ဟ"

"နှလုံးသားက ပရဟိတလုပ်တာ"





"ဟုတ်တယ်။ အချိန်တော်တော်များများ နှလုံးသားကို ရည်းစားကို ပေးထားရတာ။ ရည်းစားတစ်ယောက်တည်းက သိမ်းပိုက်ထားတာပေါ့ဟာ။ အတ္တကြီးတာပေါ့။ အဲဒါကြောင့် လက်ဖက်ရည်ဆိုင်ထိုင်တဲ့ အချိန်တော့ တွေ့တဲ့ မိန်းကလေးတွေကို အယုတ်အလတ် အမြတ်မရွေး နှလုံးသားက ခံစားပေးလိုက်တာပါ။ အဲဒါကို ပရဟိတလုပ်တယ်လို့ သဘောထားတာ"

"ဟင်း ... လိုရာဆွဲတွေးထားတာပါ"

"မှတ်ထား။ အဲဒါ ယောက်ျားတွေရဲ့ နှလုံးသားပရဟိတလုပ်ခြင်းပဲ"

နောက်တစ်ယောက်ကျတော့ ပုံစံတစ်မျိုး။ ကောင်မလေးသုံးယောက်ကို တစ်ပြိုင်တည်းလိုက်သည်။ တစ်ယောက်မဟုတ် တစ်ယောက် ရအောင်လို့တဲ့။

တချို့က ရှိသေးသည်။

"မင်းအချစ်ကိုမှ မရရင် ကိုယ်သေမှာပဲ"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအချစ်ကိုသာ ရမယ်ဆိုရင် ကောင်းကင်က ဓူဝံကြယ်ကိုလည်း ဆွတ်ပေးပါ့မယ်"တဲ့။

မဖြစ်နိုင်တာတွေကို အတင်း အလီဘိုင် တင်ကြသည်။

ဒါကို သနားသည့် မိန်းကလေးတွေကလည်း ရှိသေး၏။

တချို့ဆို ယောကျ်ားတန်မဲ့ မျက်ရည်တွေကျပြလို ကျပြ။

ဒူးထောက်ကာ ခယလိုခယနှင့် ပလီပလာ ကမ်းကုန် ဇာတ်လမ်းစုံ ပြတဲ့လူလည်း ရှိသည်။

ပြီးရင် ဘယ်ကောင်မလေးကို ငါ ဘယ်လိုလိုက် လိုက်တာ ကောင်မလေးတော့ ဟတ်ထိပြီးရင်းထိပဲ။ ရယ်စရာ ကောင်းတဲ့ အရာတစ်ခုလို ဟားကြသေးတာ။

နှင်းကဗျာက ယောကျ်ားတွေအကြောင်းသိပြီးရင်း သိရသည်။





ရှိသေးသည်။ ကိုကိုပေါ့။ ကိုကိုကလည်း ကဗျာ့ အစ်ကိုပီပီ ဖြူဖြူပါးပါးပါပဲ။

ကိုကို့ကို မိန်းကလေးတွေက ကြည့်ကြသည်။ စန်းရှိတယ်ပဲ ပြောရမှာပေါ့။ ဒါပေမဲ့ ကိုကိုက ငွေး။ ကောင်မလေးတွေကို အထာတွေ မာလကာတွေပြသည်။ ပြီးတော့ မထိတထိ အီစီကလီလုပ်သည်။ ကောင်မလေးတွေဘက်က ပါလာပြီဆိုရင်တော့ ခွေးနဲ့ခေါက်ပစ်တာတ်သည်။

တချို့ကောင်လေးတွေကြတော့ ရောက်ရာအရပ်မှာ ရည်းစားတွေကို ရှက်ကျပင်ပေါက်ပစ်လိုက်သည်။

တချို့ကျတော့ ရေလွှဲသည့်မိန်းမတွေကိုကပ်။ အချို့ ဇယားတွေခင်း။

လူပျိုတွေ ရုပ်တာထက် အိမ်ထောင်သည်တွေက ပိုဆိုးသေး၏။

တဏှာနစ်ပြီး ညစ်ပေနေတဲ့ ယောကျ်ားတွေဟာ ရေတွေ့တိုင်း ခြေဆေးချင်ကြသည်။ ဒါပေမဲ့ ရေချင်းတူပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးမတူ။ တန်ဖိုးကြီးတဲ့ ရေကြတော့ ခြေဆေးဖို့ နှမြောကြသည်။ ထို့ကြောင့် အိုင်ထဲကရေကိုပဲ ခြေဆေးကြတာ။ ဒါကြောင့် စကားပုံက အိုင်ဖွေ့တိုင်း ခြေဆေးတယ်ဟု ဖြစ်သွားတာ။ တကယ်တော့ ရေတွေ့တိုင်း ခြေဆေးချင်ကြတာပါ။

ထို့ကြောင့် မိန်းကလေးတွေဟာ အိုင်ထဲကရေ မဖြစ်ဖို့ အရေးကြီးသည်။

○✤○





အစ်ကိုဖြစ်သူနဲ့ သူ့အပေါင်းအသင်းတွေကြောင့်ပဲ နှင်းကဗျာ ကောင်လေးတွေရဲ့အထာကို တော်တော်နပ်ခဲ့သည်။

ရွယ်တူမိန်းကလေး သူငယ်ချင်းတွေကြားမှာဆို နှင်းကဗျာက ဆရာမကြီးအဖြစ် ကောင်လေးတွေအကြောင်း လက်ချာပြန်ပို့ချတတ်သည်။

ကိုးတန်းရောက်တော့ သစ်ရွက်ကလေးတွေ လှုပ်တာကို ချစ်တတ်လာသည်။

အချစ်သီချင်းလေးတွေကို နားထောင်ခံစားတတ်လာသည်။

မိုးဖွဲလေးထဲ လမ်းလျှောက်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးပါးကွက်လေးတွေကို ညီအောင်ညှိရတာ အချိန်တွေ ကြာလာသည်။

လူကြီးတွေ မသိအောင် နှုတ်ခမ်းနီအကြည်လေးတွေ မသိမသာ ပါးပါးတို့တတ်လာပြီ။

လက်သည်းလေးတွေကိုပြောင်လက်နေအောင် သံပရာသီးနဲ့ တိုက်တတ်လာသည်။

ဖိနပ်သဲကြိုးတွေမှာ ဖုန်တက်ရင် မကြိုက်ချင်တော့။

ကျောင်းဝတ်စုံတွေဆို မီးပူကော့နေအောင် ထိုးပြီးမှ ဝတ်တတ်လာပြီ။

မကြာပါ။

ကိုးတန်းဖြေပြီး ကျောင်းပိတ်တော့ ကဗျာ ရည်းစား စထားပါတော့သည်။ ဒါပေမဲ့ နှလုံးသားမပါသော ရည်းစားထားခြင်းသက်သက် ဖြစ်သည်။

နှလုံးသားမပါရဲပါဘူး။ ကောင်လေးတွေက အလေးအနက်ထားတာမှ မဟုတ်တာ။





လက်မထပ်ခင် ရည်းစားထားကြတဲ့အခါ တကယ်ချစ်တဲ့သူက ရှုံးတာပဲ။ နှလုံးသားပါတဲ့သူက ရှုံးတာပဲ။ အရှုံးသမားတွေက အသည်းကွဲခြင်းနဲ့ အဆုံးသတ်ရစမြဲပဲ။

အဲဒါကြောင့် ကဗျာ ဘယ်တော့မှ နှလုံးသားနဲ့မချစ်ဘူး။ အပေါ်ယံအသိလေးနဲ့ပဲ ချစ်ခဲ့တယ်။

ကဗျာ့ရည်းစားကို ကဗျာ့စိတ်ထဲ ဘယ်တော့မှ မထည့်ဘူး။ စိတ်ဆိုတာက နှလုံးသားနဲ့ထပ်တူကျတယ်။ စိတ်ထဲထည့်လိုက်ရင် နှလုံးသားထဲ ထည့်လိုက်တာနဲ့ အတူတူပဲ။

အဲဒါကြောင့် ကဗျာက အပေါ်ယံချစ်နဲ့ပဲ ချစ်ခဲ့တာ။ အချစ်ကပဲ အပေါ်ယံ။ တော်လီကီတွေကတော့ နက်ရှိုင်းလှသည်။

ကဗျာ့စကားလုံးတွေမှာ ကြွေ့ကြွေကျသွားတဲ့ငနဲတွေ မနည်းပါ။ ဖြူဖြူပိန်ပိန်ပါးပါး ကဗျာဟာ ရုပ်ကလေးက တကယ် innocent လေးပါပဲ။

ကဗျာရဲ့ ပထမဆုံးရည်းစားကို ကဗျာနှစ်ဆယ့်ငါးရက်ပဲတွဲသည်။ အတိတ်နိမိတ်နဲ့ တွဲတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ဟာ အသက်အစိတ်မှာ ပုခက် မချိတ်နိုင်ရင် အပျိုကြီးစာရင်းဝင်တတ်ပါ၏။

အသက်အစိတ်ဆိုတာ ပညာလည်း စုံပါပြီ။ မိန်းမတစ်ယောက်ရဲ့ အလှဆုံးအချိန်ကလည်း အသက်နှစ်ဆယ့်ငါးနှစ် အရွယ်ပါ။

နှစ်ဆယ့်ငါးနှစ်မတိုင်ခင် မိန်းမတစ်ယောက်ရဲ့တန်ဖိုးကိုက တက်ပြီးရင်း တက်သလောက် နှစ်ဆယ့်ငါးနှစ်ကျော်လာရင်တော့ နည်းနည်းကျလာတတ်သည်။

အဲဒါကြောင့် ကဇျာက အသက်နှစ်ဆယ့်ငါးနှစ်မှာ အိမ်ထောင်ပြုဖို့ စဉ်းစားထားသည်။

ပြီးတော့ ရည်းစားလည်း အယောက်အစိတ်ထားဖို့ Plan ချထားသည်။

ထို့ကြောင့် ပထမဆုံးရည်းစားကို နှစ်ဆယ့်ငါးရက် တွဲခြင်းဖြစ်သည်။

အမှတ်တရပေါ့။





ပြီးတော့ သူမရဲ့ပထမဆုံးရည်းစား၊ နှစ်ဆယ့်ငါးရက် ပဲတွဲမယ့် ရည်းစားပေမယ့် တွေ့ကရာကောက်တွဲတာမျိုးတော့ မလုပ်။

ကဇျာ့ကို အသေအလဲ ကြွေပြကျဆုံးနေတဲ့အထဲကမှ ဆန်ကာတင်ပြီး အကောင်းဆုံးရွေးထားတဲ့ တစ်ယောက်ကို ရည်းစားဦးဆု ပေးလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာရဲ့ဒုတိယရည်းစားကိုတော့ ဆယ်တန်းတက်ရင်း ထားဖြစ်တာပါ။

ဆယ်တန်းဆိုတာ ဘဝနဲ့ချီပြီး အရေးကြီးတဲ့စာသင်နှစ်ပါ။ ဖြစ်နိုင်ရင် ဆယ်တန်းတက်ရင်း ရည်းစားမထားသင့်ပါ။

ဒါပေမဲ့ ကဗျာတို့ကတော့ အေးဆေး။ ရည်းစားထားတာ စိတ်ထဲကပါလို့မှ မဟုတ်တာ။

ကဗျာက ရည်းစားနဲ့တွေ့တဲ့အချိန် နာရီ စက္ကန့်တွေမှာပဲ သူက ငါ့ရည်းစားဆိုတဲ့အသိဝင်တာ။ ကျန်တဲ့အချိန်ဆိုတော့တာ။





စာသင်ချိန်၊ စာကျက်ချိန်တွေမှာ စိတ်နှစ်နိုင်ပြီး ရည်းစားဆိုတာ ကဗျာ့စိတ်ရဲ့ဟိုးအဝေးမှာ။ ကဗျာ့နှလုံးသားနဲ့ တံတိုင်းကြီးခြားလို့။

ဒါကြောင့် ကဗျာ့လို စိတ်မထားနိုင်ဘဲ ရည်းစားကို တသသ တ,တတ လုပ်နေမယ်၊ စိတ်မခိုင်ဘဲ ယိုင်နဲ့ပြိုလဲနေမယ်ဆိုရင်တော့ ဆယ်တန်းမှာ ရည်းစားမထားသင့်ပါ။

ဆယ်တန်းမှာ ကဗျာ့ထားတဲ့တစ်ယောက်က ဆယ်တန်းအောင်ပြီးသား။ ကဗျာ့ကို ဂိုက်(Guide)လုပ်ပေးရင်း ကဗျာ့ကော်လိပ်ကီတွေမှာကျဆုံးကာ ကဗျာ့ကို စိတ်ဝင်စားခဲ့တာဆိုပါတော့။

ဘုရားစူးရစေရဲ့။ ကဗျာ သူနိုက်ပါစေဆိုပြီးတော့ ဘာမှအားမထုတ်ခဲ့ပါဘူး။

သူက ကဗျာ့မူပိုင်အထာကို ငြိကိုငြိသွားတာပါ။

ဒါပေမဲ့ သူ မကောင်းဘူး။ သစ္စာမရှိဘူး၊

ကဗျာ့ရှေ့မှာပဲ သူ့ရဲ့ဖုန်း Ring Tone ကို "ကလေးရယ်"သီချင်း ထည့်ထားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ ကဗျာ့ကို စာရွင်းပြနေတုန်း သူ့ဖုန်းကြီး ထမြည်လာပါရော။

သူ့ Ring Tone က ဘာဖြစ်နေမယ်ထင်သလဲ။ "မ"သီချင်းကြီး တော်တို့ရေ။

ကဲ ... ကဗျာ သူ့ကို အပြုံးတစ်ခုနဲ့ ဖြတ်သင့်တယ်မို့လား။

နောက်ပိုင်းလည်း သူ ကဗျာ့ကို စာလာပြပေးနေတာပါပဲ။

ကဗျာတို့ အခင်ဆုံးသူငယ်ချင်းတွေတောင် ဖြစ်သွားကြသေးတယ်။

သူ့ရဲ့သစ္စာမဲ့ခြင်းကို ခံစားနေရင် ကဗျာ ရှုံးတာပေါ့ရှင်။

○✤○





နီရာဘဝက သနားစရာပါ။ တစ်ဖက်စွန်းရောက်အောင် အချစ်ကြီးချစ်ကြတဲ့ မိဘတွေက နီရာ့ကို ချစ်ပုံချစ်နည်းမှားပြီး နှစ်သလို ဖြစ်နေကြသည်။

ဘာမသိ ဘမသိနဲ့ နီရာ့ကို သူ့မိသားစုက အဖြူထည်လေးဟု ချစ်အားပို ဂုဏ်ယူနေကြသည်။

တကယ်က ဖြူစင်တာထက်ပိုပြီး မျက်စိပိတ်၊ နားပိတ်နှင့် အ,အမလေးဖြစ်နေတာပါ။

ပတ်ဝန်းကျင်ကျဉ်းကျဉ်းလေးထဲက နီရာ့ကိုသတိထားမိသူကတော့ နီရာ့အဘွားသွားနေကျ ဘုန်းကြီးကျောင်းမှာကပ်နေတဲ့ ငတီတစ်ကောင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နယ်ကနေတက်လာပြီး ဘုန်းကြီးကျောင်းမှာကပ်နေကာ အလုပ်လုပ်နေတဲ့ ဝတ်နာမည်က ဇော်ထွန်းသစ်။

ဇော်ထွန်းသစ်က နေစရာမရှိလို့ ဘုန်းကြီးကျောင်းမှာကပ်နေ။

ဆယ်တန်းမအောင်၍ အလုပ်ကောင်းကောင်းကန်းကန်းလည်းမရှိ။

စားသောက်ကုန် ဖြန့်ချိရေးလုပ်ငန်းတစ်ခုမှာ Helper လုပ်နေတာ လစာကောင်းဖို့ကတော့ ဝေလာဝေးဝေးပါပဲ။

တောမှာ တောင်ယာလယ်ထဲဆင်းရမှာ ကြောက်၍ ရန်ကုန်မှာ မြို့မြို့ချောင်ချောင် လာလုပ်နေတာပါ။

မိရိုးဖလာတောင်ယာလုပ်ငန်း လုပ်ကိုင်ရမှာကို နဖူးကချွေး ခြေမကျရမှာကြောက်ပြီး အပျင်းတစ်လာသူ။

ဘာအလုပ်ကိုမှ ဖိဖိစီးစီး မလုပ်ချင်သူပါ။ ပျင်းလိုက်သမှပဲ။





တစ်ခုကကောင်းတာက ဇော်ထွန်းသစ်က ရုပ်ကလေးရှိပြီး အပြောကလေးကတော့ချိုသည်။ ချိုသာချိုကား အနှစ်မရှိ။

ပြောလိုက်သမျှ လျှာဖျားလေးနဲ့ လွှတ်ခနဲ၊ ရွှတ်ခနဲ ပေါ့တီပေါ့ပျက် ပြောတတ်သူပါ။

ဒါပေမဲ့ နီရာလို ကောင်မလေးကတော့ ဇော်ထွန်းသစ်ဟာ ဘယ်လိုလူစားလဲလို့ ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိဘူးလေ။

ဘုန်းကြီးကျောင်းမှာကပ်နေ။ စားစရာလည်း ပူစရာမလို။ ဘုန်းကြီးကျောင်းမှာက အလှူအပယ်ပဲလေ။

ဒီတော့ အနေအစားချောင်ပြီး အလုပ်တွေတစ်ခုပြီးတစ်ခုပြောင်း။ လုပ်လိုက် မလုပ်လိုက်နဲ့ အေးရာအေးကြောင်း။

ဒါပေမဲ့ နီရာလို သူဌေးသမီးကိုရဖို့တော့ မပျင်းဘဲကြိုးစားသည်။

သူ နီရာကို သတိထားမိတာကြာပြီ။ သူမအသွားနဲ့ လိုက်လာတိုင်း အသွားနားပဲ တိုးကပ်နေကာ မျက်လွှာကို အမြဲချထားပြီး ဘယ်မှမကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ထွန်းသစ်မှာ အကြည့်တစ်ချက်နဲ့ အသိအမှတ်ပြုခံရဖို့တောင် တော်တော်နဲ့မလွယ်ဘူးလေ။ စဉ်းစားကြည့်ပါဦး။ မျက်လွှာအမြဲချထားတဲ့ ကောင်မလေးကို သူနဲ့မျက်လုံးချင်းဆုံမိအောင် ဖော်ထွန်းသစ် ဘယ်လိုလုပ်ရမှန်းမသိ။

အကြံသမား သူကတော့ အမြဲ ကျားချောင်း,ချောင်းနေတာပေါ့။ ကျားသစ်တစ်ကောင်လိုလည်း အမြဲကြံစည်တွေးတောနေခဲ့တယ်။

နီရာကတော့ မကြာခင် ကျရောက်လာတော့မယ့် အရိပ်မည်းကြီးအကြောင်း အိပ်မက်တောင် မမက်ဘူးတဲ့အပြင် အဲဒီအရိပ်မည်းကြီးကိုတောင် အိုအေစစ်တစ်ခုလို့ ထင်ခဲ့သေးသတဲ့။

အဲဒီလိုနဲ့ သူတို့အကြည့်ချင်းဆုံတဲ့နေ့ကို ရောက်လာခဲ့တယ်။

○✤○





ထိုနေ့က နီရာအဘွားယူလာသော ဆွမ်းချိုင့်ကို ကျောင်းသားတွေကိုယ်စား ဖော်ထွန်းသစ် လှယ်ပေးလိုက်သည်။

လှယ်ပေးရင်းနဲ့ ...

"တစ်ခါတည်း ဆေးလိုက်မယ်နော် အဘွား"

"မဆေးနဲ့ကလေး ရတယ်"

ဘွားတော်ဘေးက ကလေးမကတော့ မျက်လွှာချဆဲ။

ချိုင့်တွေပြန်ဆင့်ပြီး ကောင်မလေးလက်ထဲ လှမ်းထည့်ပေးလိုက်သည်။

ကောင်မလေးက မယူဘဲ အလန့်တကြား ကြည့်လိုက်သည်။ ကြားထဲက အဘွားကြီးက လှမ်းယူကာ နီရာ့လက်ကိုဆွဲပြီး ထွက်သွားတော့သည်။ နီရာက ရင်ဘတ်ကလေးဖိလို့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ကြည့်လိုက်တဲ့အချိန်မှာ ဖော့ထွန်းသစ်က မိမိရရကြီးကို ပြုံးပြလိုက်သည်။ သူ့ရဲ့အထင်ကရ ပါးချိုင့်နှစ်ဖက်ကို ခွက်ဝင်နေအောင်ကို ပြုံးပြလိုက်တာပါ။

နီရာ ရင်ထဲလည်း တကယ်မှတ်မှတ်ရရ ဖြစ်သွားပါသည်။ အရိုင်းမလေးရင်ထဲ ကပြောင်းကပြန်တွေကို ဖြစ်လို့။ ရင်တွေတုန်လွန်းလို့ အဲဒီနေ့က အိပ်ရာထဲပဲ ခွေနေမိတယ်။ ဖျားချင်ချင်ဖြစ်လာလို့ ဘာမှတောင် မစားနိုင်ဘူး။

မေမေတို့တောင် ဆရာဝန်ပင့်ရမလား ဖြစ်သွားသည်။

ဒါပေမဲ့ နီရာ့အဖြစ်က ဆရာဝန်ကုလို့ ပျောက်မယ့်ရောဂါမဟုတ်။

နီရာသည် နောက်တစ်ပတ် အဘွား ဘုန်းကြီးကျောင်းသွားမယ့်ရက်ကျရင် မလိုက်ရဲတော့။ သို့သော် လိုက်လည်းလိုက်ချင်သည်။ နီရာကို ပြုံးပြလိုက်တဲ့ လူကြီးကို နီရာ တွေ့မှာကြောက်သလို၊ တွေ့လည်းတွေ့ချင်သလိုလိုပါပဲ။





ဒီလိုနဲ့ နောက်တစ်ပတ်ရောက်တော့ နီရာဘုန်းကြီးကျောင်း လိုက်ရပြန်ပါသည်။ ဒါပေမဲ့ မျက်လွှာကို အရင်ကထက် ပိုချထားဖြစ်သည်။

နီရာ ဘေးဘီကို အကြည့်လုံးဝမရှေ့ရဲ။ ချောင်းနေတဲ့ ဖော်ထွန်းသစ်မှာ အခက်တွေ့နေသည်။ ဒီလောက် အပီအပြင်ကြီး ပြုံးပြလိုက်တာကိုကွာ။ ခြေတစ်လှမ်း လှမ်းပြီးမှ ပိုဌမ်းနေပြီ။

ဖော်ထွန်းသစ်မှာ အရမ်းလည်း မလှုပ်ရှားရဲ။ အဘွားကြီးရိပ်မိသွားမှာ ကြောက်လို့ပါ။

ဒီလိုနဲ့ပဲ ...။

○✤○



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းပုံ စာအုပ်ဆိုင်မှာ အလုပ်လုပ်လို့ရတဲ့လခ က အသွားအပြန်စရိတ်ရယ်၊ ထမင်းချိုင့်ထည့်ရတဲ့စရိတ်ရယ် ပိုတယ်မရှိ။

တစ်လကို ကိုယ်ဖတ်ချင်တဲ့ စာအုပ်လေးတစ်အုပ် ဝယ်ဖို့တောင် အနိုင်နိုင်ရယ်ပါ။

အဝေးသင်စာမေးပွဲဖြေဖို့အတွက် စုမိဖို့တော့ဝေးပါ သည်။

သို့သော် အမြတ်က ဆိုင်မှာလူရှင်းချိန် ကိုယ်ဖတ် ချင်တဲ့ စာအုပ်ကလေး လှန်လို့ရ၏။

ထို့ကြောင့် တခြားအလုပ် မပြောင်းချင်။





ဒီလိုနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ ကူးလာခဲ့၏။

တစ်ရက်တော့ မြယွန်းပုံ ဘဝထဲမှာ ကာရန်မဲ့လား၊ ကာရန်နဲ့လား မသိနိုင်သေးသော ကဗျာတစ်ပုဒ် တိုးလာခဲ့သည်။

စာအုပ်တွေကတစ်ဖက်၊ အိတ်ကတစ်ဖက်၊ လက်ထဲ မှာ i-pad ကလည်း ကိုင်ထားသေး၏။

ဒီလောက် ရှုပ်ယှက်ခတ်နေတဲ့ ကောင်လေးရဲ့ခါးက ဖုန်းက ထမြည်လာသည်။

ဖုန်းပြောဖို့ကို လက်တွေကမအား။ သူက ဘာမပြော ညာမပြောနဲ့ သူ့ဘေးမှာရှိသည့် မြယွန်းပုံလက်ထဲကို စာအုပ်တွေ နဲ့ i-pad ကို ထိုးထည့်ပြီး ခါးကဖုန်းကိုဖြုတ်ယူကာ ဖုန်းပြောနေ သည်။

ပြောတာကလည်း အင်္ဂလိပ်လို မွှတ်နေ၏။ မြယွန်းပုံ လက်ထဲရောက်နေသည့် စာအုပ်တွေကလည်း အင်္ဂလိပ်စာအုပ် တွေချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းပုံတို့ ဆိုင်မှာက အင်္ဂလိပ်စာအုပ် ဆိုလို့ Dictionary တွေပဲရှိတာပါ။ သူ ဘာစာအုပ် လာဝယ်ပါလိမ့်။

သူက ဖုန်းပြောပြီးတာနဲ့ မြယွန်းပုံဆီက သူ့စာအုပ်တွေနဲ့ i-pad ကို လှမ်းယူသည်။

"ကျေးဇူးပဲ၊ ဒါနဲ့ ဒီက ဝန်ထမ်းမို့လား"

"ဟုတ်ပါတယ်"

"ဒီဆိုင်မှာ ဆေးပညာနဲ့ပတ်သက်တဲ့ အဘိဓာန်တွေရှိလား ဟင်"

"ရှိပါတယ်"

"တစ်ဆိတ်လောက် ပြပေးလို့ရမလား"

သူဟာ စကားပြော လေယူလေသိမ်း အင်မတန်ကောင်းမွန်ရည်မွန်သူ ဖြစ်ပါတယ်။

အဲဒီနေ့က သူဝယ်သွားသော စာအုပ်တစ်အုပ်တန်ဖိုးက မြယွန်းပုံရဲ့လစာ တစ်လစာနည်းပါးရှိပါတယ်။





သူက ကောင်တာမှာ စာအုပ်ဖိုးပိုက်ဆံ ရှင်းပေးပြီးတော့ ...

"ကျေးဇူးပဲနော် ... ဒါနဲ့ မ,နာမည် ဘယ်လိုခေါ်လဲ။ ကျွန်တော် နောက်တစ်ခါလာဝယ်ရင်လည်း မ,အကူအညီယူလို့ရအောင်"

ကိုယ့်ဆိုင်ကိုလာအားပေးတဲ့ ဝယ်သူဆိုတော့လည်း ...

"မြယွန်းပုံပါ"

"မမြယွန်းပုံ။ OK ... မ, ကျွန်တော့်နာမည် မိုးအုပ်ပါ။ သွားပြီ မ,၊ တာ့တာ"

မြယွန်းပုံ ရင်ထဲမှာ မိုးအုပ်ဆိုတဲ့ နာမည်က မှတ်မှတ်သားသား ဖြစ်သွားပါသည်။ ထိုနေ့ကတော့ ထို့ထက်မပိုပါ။

မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို စတွေ့ဖူးကာစမှာပဲ စိတ်ဝင်စားတယ်ဆိုတာ ရှားပါသည်။ မှတ်မိတာလောက်ပဲ ရှိနိုင်ပါသည်၊ စိတ်ဝင်စားကယ် ဆိုရင်လည်း ထိုယောကျ်ားရဲ့နှလုံးသားကို မဖြစ်နိုင်ပါ။ ထိုယောကျ်ားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်ပတ်သက်တဲ့ ပကာသနတွေကို စိတ်ဝင်စားတာပဲ ဖြစ်နိုင်ပါသည်။

မြယွန်းပုံသည် သူမထက် ငယ်ပုံရပေမယ့် အင်္ဂလိပ်စကားကို ကျင်လည်စွာပြောတတ်သော၊ i-pad ကိုင်နိုင်၊ ဖုန်းကိုင်နိုင်သော၊ သူမလစာလောက်တန်တဲ့ စာအုပ်တွေကို ပေါ့ပေါ့ပါးပါး ဝယ်နိုင်သော ကောင်လေးရဲ့ အဆင့်အတန်းကိုတော့ ရိပ်မိခဲ့ပါ၏။

○✤○





ထိုကောင်လေးရဲ့နာမည်ကို မှတ်မိနေတာကလွဲရင် မြယွန်းပုံ ထိုကောင်လေးကို မေ့နေခဲ့ပါသည်။

သို့သော် ကံကြမ္မာကတော့ မြယွန်းပုံတို့ ဆုံစည်းမှုကို မမေ့ခဲ့ပါ။

မိုးအုပ်နဲ့ မြယွန်းပုံတို့ ဒုတိယအကြိမ် ပြန်ဆုံဖို့ အကြောင်းဖန်လာပါသည်။

အဲဒါကတော့ မြယွန်းပုံက ဆိုင်နားက ကားမှတ်တိုင်မှာဆင်းပြီး ဆိုင်ဘက်ကို လမ်းလျှောက်လာစဉ် မီးပွိုင့်တစ်ခုကို ကူးရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းပုံက မီးနီပြလို့ လမ်းဖြတ်ကူးနေတုန်း ဆောမှာရပ်ထားတဲ့ကားဘက် အမှတ်မထင် ကြည့်မိစဉ် မိုးအုပ်ကိုတွေ့လိုက်ရတာပင်။

မိုးအုပ်က မောင်းသူနေရာမှာ ထိုင်နေပြီး ကားပေါ်မှာ မိုးအုပ်နှင့် ရုပ်ချင်းဆင်သော အမျိုးသမီးကြီးတစ်ယောက်ပဲပါ၏။ မိုးအုပ်မိခင် ဖြစ်နိုင်ပါသည်။ စိန်တွေ ဖျပ်ဖျပ်ခါအောင် ဝတ်ထားတဲ့ အမျိုးသမီးကြီးရဲ့မျက်နှာက တည်ကာ ထည်နေပါသည်။ မာနမျက်နှာဆိုတာ မြင်ရုံနဲ့ပင် သိနိုင်သည်။

သူမကပဲ မိုးအုပ်ကို တွေ့လိုက်တာပါ။ မိုးအုပ်က သူမိခင်ဘက်လှည့်ပြီး ဘာတွေပြောနေသည်မသိ။ သူမကို မတွေ့ပါ။ ဒီတော့ မြယွန်းပုံလည်း အမှတ်တမဲ့ တွေ့လိုက်ရုံလောက်ပါပဲ။ လမ်းကူးပြီးတော့ မေ့သွားတာပါပဲ။

ဒါပေမဲ့ သူမ ဆိုင်ရှေ့အရောက်မှာပဲ မိုးအုပ်တို့ကားက ဆိုင်ရှေ့မှာ ရပ်လိုက်သည်။





မိုးအုပ်က ကားပေါ်က ဆင်းလာသည်။ သူ့မိခင်ကြီးကတော့ ကားပေါ်မှာပဲ။

မြယွန်းပုံ ဆိုင်ထဲအဝင် မိုးအုပ်ပါ လိုက်ဝင်လာကာ...

"မ,"

"ဗြော်"

"စာအုပ်ဝိုင်းရွေးပေးပါဦး"

"ခဏနော် ... ကျွန်မ အခုမှရောက်တာဆိုတော့ ထမင်းချိုင့်နဲ့အိတ် သွားထားလိုက်ဦးမယ်"

"K"

ပစ္စည်းတွေ သွားထားပြီး ပြန်ထွက်လာကာ သူလိုချင်တဲ့စာအုပ်တွေ ရွေးပေးရသည်။ အင်္ဂလိပ်စာအုပ်တွေပါပဲ။ ဆေးကျမ်းတွေလည်းပါသည်။

စာအုပ်တွေအတွက် ငွေချေပြီးချိန်မှာ ...

"မ, မြယွန်းပုံ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မမြယွန်းပုံ စာဖတ်ဝါသနာပါလား"

"ဟုတ်ကဲ့"

"ဒါဆို မမြယွန်းပုံကို စာအုပ်လက်ဆောင်ဝယ်ပေးပါရစေ။ ကြိုက်တဲ့စာအုပ်ယူလေ"

"အို ... မယူပါဘူး"

"ယူပါ မ,ရဲ့"

"မယူဘူး မိုးအုပ်"

မြယွန်းပုံက ခပ်တည်တည်ပဲ ငြင်းလိုက်သည်။ သူမလေသံနဲ့ သူမမျက်နှာထားကိုကြည့်ကာ မိုးအုပ် ဆက်မပြောတော့ပါ။ ပြီးတော့ မြယွန်းပုံ မျက်နှာကို သေချာစူးစိုက်ကြည့်ပြီး ...

"မဆိုးဘူး။ မ,ကို ကျွန်တော် သဘောကျသွားပြီ"

ပြောပြီး မျက်စိတစ်ဖက် မှိတ်ပြကာ ဆိုင်ထဲက ထွက်သွားသည်။





မြယွန်းပုံ ဒေါသထွက်သွားသည်။ ဒါဟာ ပိုက်ဆံရှိ သူဌေးသားတို့ရဲ့ အပြုအမူထင်ပါရဲ့။ ပညာတွေတတ်ပြီး အဆင့်အတန်းမရှိတာ ဒီလိုလူမျိုးတွေပဲ နေမှာပေါ့။

ပိုက်ဆံချမ်းသာသလောက် အောက်တန်းကျစွာ နိမ့်ပါးတဲ့ မိန်းကလေးတွေကို အထင်သေးချင်တတ်တဲ့ မိုးအုပ်ကို ရွံသည်။

○✤○



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိုးအုပ် တစ်လလောက် ပျောက်သွားသဖြင့် သူမ မိုးအုပ်ကို မေ့မေ့လျော့လျော့ ဖြစ်သွားစဉ်မှာပဲ မိုးအုပ်ကို သူမတို့ဆိုင်နားမှာ တွေ့လိုက်ရသည်။

ညနေဘက် ဆိုင်ပိတ်ကာနီးမှာ မိုးအုပ်က သူမတို့ဆိုင်နဲ့ မျက်စောင်းထိုးက လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာပါ။

ထိုလက်ဖက်ရည်ဆိုင်ဟာ လမ်းဘေးပလက်ဖောင်းဆိုင်လေးပါ။

မိုးအုပ်ကို သူဌေးသားတစ်ယောက်က ဒီလိုဆိုင်မျိုးမှာ လာထိုင်တာ အံ့ဩစရာတော့ ကောင်းပါသည်။





မိုးအုပ်က သူမကိုတွေ့တော့ လှမ်းပြုံးပြသည်။ မြယွန်းပုံ မသိချင်ယောင်ဆောင်နေလိုက်သည်။

ဆိုင်ပိတ်ပြီး အပြန်ကျတော့ မြယွန်းပုံ စီးရမယ့်ကားမှတ်တိုင်မှာ မိုးအုပ်ကို တွေ့ရသည်။ မိုးတွေရွာနေတာမို့ မိုးအုပ်က ခေါင်းစွပ်မိုးကာ အပြာရောင်လေးနဲ့ ထီးကလည်းဆောင်းထားလိုက်သေးသည်။

နနယ်လွန်းတဲ့ သူဌေးသား။ ရန်ကုန်မြို့ထဲမှာ သွားလာတတ်သော ယောကျ်ားအများစုက မိုးတွင်းကို ထီးတို့၊ မိုးကာတို့ သယ်ရဆောင်ရမှာ ပျင်းတတ်ကြပါသည်။ ရန်ကုန်မြို့ဆိုတာ မိုးသည်းလာလျှင် ဘယ်နေရာဝင်ပြီး မိုးခိုခို။ မိုးခိုစရာနေရာပေါလွန်းလို့လေ။

ဒါပေမဲ့ မိုးအုပ်လို သူဌေးသားကတော့ မိုးရွာတဲ့ဒဏ်ကို ခံနိုင်ရည်ရှိပုံမရ။

မိုးကာရော ထီးပါ အကာအကွယ် ယူထားသည်။ မြယွန်းပုံကတော့ သူ ဘာလုပ်လုပ် အမြင်တွေကတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းပုံကို တွေ့သွားသော မိုးအုပ်က သူမနားလာ ရပ်ကာ ...

"မ, ဘာကားစီးမှာလဲ"

"ဘာလဲ ... မိုးအုပ်က ကျွန်မကို လာစောင့်နေတာလား"

"ဟုတ်ကဲ့"

"ဘာအတွက်လဲ"

"လိုက်ပို့ချင်လို့"

"မလိုပါဘူး"

"ကျွန်တော် မ,ကို သဘောကျတယ်"

"ဟုတ်မှာပေါ့၊ ကျွန်မတို့လို ပိုက်ဆံမရှိတဲ့ မိန်းကလေးတွေကို မိုးအုပ်တို့လို သူဌေးသားတွေက သဘောကျနေကြပဲ"

"အဲလိုသဘောမျိုး မဟုတ်ဘူး မ,၊ မ,ကို ကျွန်တော် မရိုးသားတဲ့စိတ်နဲ့ ချဉ်းကပ်လာတာ မဟုတ်ဘူး၊ ကျွန်တော်က မ,နဲ့ခင်ရုံလေးပဲ ခင်ချင်တာ။ သူငယ်ချင်းပဲ ဖြစ်ချင်တာ"





"ခုတော့ ရိုးရိုး။ နောက်တော့ တစ်မျိုးတိုးမှာ မဟုတ်လား"

"မဟုတ်ပါဘူးဆိုဗျာ"

"မိုးအုပ်ရယ် ... ကျွန်မကို ခင်ချင်ရုံနဲ့ ဒီလိုတွေလုပ်ဖို့မှ မလိုတာကို"

"ဒီလိုမလုပ်ရင် မ,နဲ့ခင်ခွင့်ရဖို့မှ မသေချာတာ။ မ,က စာအုပ်ဆိုင်မှာ အလုပ်လုပ်။ ကျွန်တော်က ကျောင်းသား။ တကူးတက ခင်ခွင့်ရဖို့ မကြိုးစားရင် မနီးစပ်ဘူးလေ"

"ကဲ ... အပိုတွေ ပြောမနေနဲ့၊ ကျွန်မစီးရမယ့်ကား လာနေပြီ မိုးအုပ် နေခဲ့တော့"

"ကျွန်တော် လိုက်ပို့မယ်"

တကယ်တမ်းကျတော့ ကျပ်ပိတ်သပ်နေတဲ့ လေးဆယ့်သုံးကားပေါ်ကို မြယွန်းပုံ ဇွဲနဲ့တက်ပြီးတဲ့အထိ မိုးအုပ် ကားပေါ်မတက်နိုင်ခဲ့။ ကားသာထွက်သွားရော။ မိုးအုပ် ကားပေါ် ရောက်မလာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားက လိုင်းကားပေါ်ရောက်အောင် မတက်တတ်ဘူးလေ။

○✤○





မိုးအုပ်သည် တစ်ပတ်တစ်ရက် ပုံမှန်ရောက်လာတတ်သည်။

ဒါပေမဲ့ တစ်ပတ်ပြီးတစ်ပတ်သာ ပြောင်းလာတယ် မိုးအုပ်တစ်ယောက် လိုင်းကားမစီးတတ်သေး။

တစ်ခါက လိုင်းကားပေါ်ရောက်အောင် တက်လာပြီးမှ ကျပ်ညပ်နေတဲ့ဒဏ်ကို မခံနိုင်လွန်းပုံနှင့် နောက်တစ်မှတ်တိုင်မှာ ဆင်းသွားသည်။

မြယွန်းပုံ ပြီးမိပါသည်။ အားကိုးလောက်စရာ သူဌေးသားပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးအုပ်ကတော့ ပုံမှန်ရောက်လာမြဲ။ ဒါပေမဲ့ လိုက်ပို့ဖို့ မကြိုးစားတော့ဘဲ ကားမှတ်တိုင်မှာပဲ စကားပြောတော့သည်။

မိုးအုပ် အပြောအရ မိုးအုပ်က ဆေးကျောင်းတက်နေသတဲ့။

ဒါကြောင့် ဆေးကျမ်းတွေ ဝယ်တာကိုး။

တစ်ရက်တော့ လာနေကျရက် မဟုတ်ဘဲ ရောက်လာကာ ...

"မ, ဒီနေ့ ကျွန်တော့်မွေးနေ့ဗျာ။ တစ်ခုခုကျွေးပါရစေ"

"မစားဘူး၊ မွေးနေ့လက်ဆောင်လည်း မပေးဘူး"

"လက်ဆောင်ပေးစရာ မလိုပါဘူးဗျာ၊ မ,ကို မုန့်ကျွေးချင်ရုံပါ"

"မစားချင်ဘူး"

"မ,က တကယ်စိမ်းကားတယ်"

"ကျက်ရအောင် ရှင်က ကျွန်မအဖေမှ မဟုတ်တာ"





"ပြတ်သားတယ်ကွာ။ အဲဒါကြောင့်လည်း ဒီကောင်မှတ်သားမိနေတာ"

"ဘာ"

"ခင်ချင်လို့ပါဆို"

"ဒါပေမဲ့ ရှင် ကျွန်မကို လိုက်နှောင့်ယှက်နေတာက ကျွန်မ စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ရှင့်လိုသူဌေးသား ဆေးကျောင်းသားက ဓေါင်းလာဆေးတာလား မသိပေမယ့် ကျွန်မအတွက် ရှင် ဒီလိုပုံမှန်လာတွေ့နေတာဟာ သူများ အထင်လွဲစရာ ဖြစ်သလို သိက္ခာလည်း ကျတယ် ရှင့်"

မိုးအုပ် မျက်နှာနနလေး ညိုသွား၏။ မိုးအုပ်ဟာ ကိုရီးယားမင်းသမားလေး တစ်ယောက်လို ချောလွန်းလှသည်။ မြပွန်းပုံလို သာမန်ရုပ်ကြမ်းရေကျို မိန်းမတစ်ယောက်နဲ့တော့ တခြားဆီပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့သူ ယှဉ်သွားရင်တောင် ကိုယ့်ကို သူ့အိမ်ဖော် ထင်ချင်စရာ။

သန့်ပြန့်သားနားနေသည့် ကောင်လေးတစ်ယောက် ကိုယ့်ကို ခင်ချင်လွန်းသဖြင့် တပူဆာဆာ လာလုပ်နေတာကို ဘယ်ဆယ်ကျော်သက်မလေးမဆို သာယာမှာပဲ။

ဒါပေမဲ့ အလိမ္မာမလေး မြယွန်းပုံကတော့ သူ့ဌေးသားရဲ့ ကလေးကစားစရာ ဖြစ်သွားမှာ ကြောက်နေမိသည်။

ရပ်ကွက်ထဲက အပေအတေတွေကို သဘောမကျတဲ့ မြယွန်းပုံက ပရာဒိုပေါ်က နတ်သားလေးကိုလည်း လက်မခံနိုင်ပါ။

ဒါ မြယွန်းပုံရဲ့ ဘဝရပ်တည်မှုပါ။

တစ်ခါတစ်ရံတော့ စိတ်လွတ်ကိုယ်လွတ်ဖြစ်ကာ ရင်ခုန်တတ်ပါသေးသည်။

ဒါပေမဲ့ အဲဒီစိတ်ရိုင်းကို အမြန်ချုန်းအုပ်ရသည်။





စာဖတ်လွန်းတဲ့ မြယွန်းပုံမှာ ဗဟုသုတတွေ အသိတရားတွေ ပြည့်ဝပြီးသားပါ။ ပြီးတော့ နှလုံးသားကို အထိမနာအောင်လည်း သိမ်းထုပ်တတ်ပါ၏။

စာတ်သိမ်းမလှတဲ့ စာတ်လမ်းကိုက,ရင် စာတ်နာရုံပဲရှိမှာမို့ ...။

○✚○



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကဗျာ ဆယ်တန်းကို Guide ကိုကိုရဲ့ မေတ္တာခွန်အားတွေကြောင့်လား မသိပါ ဂုဏ်ထူးနှစ်ခုထွက်ခဲ့ပါသည်။

ဖေဖေနဲ့မေမေကတော့ ပြုံးနေတာပဲ။ ကိုကို့တုန်းက ရိုးရိုးပဲ အောင်တာကိုး။

"ကဲ ... သမီးလေး၊ ငါ့သမီးလေးက ဂုဏ်ထူးပါတယ်ဆိုတော့ ဂုဏ်ပြုရမှာပေါ့။ ကဲ ... သမီး ဘာလိုချင်လဲပြော"

"သမီးလိုချင်တာ တကယ်ဝယ်ပေးမှာလား"

"ဝယ်ပေးမှာပေါ့ သမီးရဲ့"

"သမီး ဖုန်းကိုင်ချင်တယ် ဖေဖေ"





"ဟော"

ကဗျာ့စကားကြားတော့ ကိုကိုကပါ တစ်စခန်းထလာသည်။

"ဘာဖုန်းကိုင်ချင်တာလဲ၊ မကျော်နဲ့နော် ကဗျာ၊ ငါတောင်မကိုင်ရသေးဘူး နင် မကျော်ချင်နဲ့။ ဖေဖေ သားကိုပဲဝယ်ပေး"

"အိုး ... ကိုကိုက ဆယ်တန်းကို ရိုးရိုးပဲအောင်တာကို။ ကဗျာက ဂုဏ်ထူးနဲ့အောင်တာ။ ကဗျာ ကိုင်သင့်တာပေါ့"

"ဘာမှမဆိုင်ဘူး။ ငါကအကြီး။ ငါ အရင်ကိုင်မှာ"

"အိုး ... ကဗျာက ဂုဏ်ထူးပါတာ။ ကဗျာပဲ"

ကဗျာတို့ ငြင်းခုန်နေကြတာကို နားညည်းလာပုံရသော ဖေဖေက ...

"ကဲ ... တော် ... တော်၊ ဖေဖေ ဖုန်းတစ်လုံးဝယ်ပေးမယ်၊ အတူတူကိုင်ကြ"

"မကိုင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုမကိုင်ချင်ဘူးက မောင်နှမနှစ်ယောက်လုံးဆီက တစ်ပြိုင်တည်း ထွက်လာတာပါ။

"ဖေဖေရယ် ဖုန်းတစ်လုံးမှ နှစ်သိန်းပဲရှိတာ။ သားတို့ကို တစ်ယောက်တစ်လုံး ဝယ်ပေးပါနော်"

"ဟုတ်ပါတယ် ဖေဖေရယ်၊ ဟိုဘက်က မန်နေဂျာသမီး နှစ်ယောက်ဆို ဖုန်းတစ်ယောက်တစ်လုံးနဲ့ ဖေဖေရဲ့။ သမီးတို့လည်း ကိုင်ချင်တယ်"

ကဗျာ့စကားကြားတော့ မေမေက ...

"ကဲ ... ကိုမောင်၊ ဝယ်ပေးလိုက်ပါတော်၊ သူများသားသမီးတွေတောင် ကိုင်နေမှပဲ။ ကိုယ့်ကလေးတွေ မျက်နှာမငယ်အောင် ဝယ်ပေးလိုက်"

ဒါ အပြိုင်အဆိုင်များတဲ့ ဝန်ထမ်းအိမ်ရာမို့လား။ မေမေက တိုက်တွန်းလိုက်တာနဲ့ ဖေဖေခေါင်းက အော်တိုညိတ်သွား၏။

"ဝေး ... ဒါမှ ဖေဖေနဲ့ မေမေကွ"





ကဗျာတို့မောင်နှမ ခုန်ပေါက်ပျော်ရွှင်နေကြသည်။ ပျော်မှာပေါ့။ ကိုကိုက ဖုန်းရရင် ကောင်မလေးတွေကို ခုထက်ပိုအီနိုင်မှာလေ။ ကဗျာလည်း ဘာထူးလဲ။ ဖုန်းနဲ့ဆိုတော့ ပိုပြီးရည်းစားထားလို့ကောင်းတာပေါ့။

အားနေရင် ဖုန်းကျွေးပြီးချွေလို့ရသလို Message နဲ့လည်း ကလိလို့ ရတာပေါ့။

ဒီလိုနဲ့ မိဘတွေက သူတို့မောင်နှမကို ဖုန်းဆိုသောဘီး အဆင်းမှာ တတ်ပေးလိုက်ကြပါသည်။

ကဗျာတို့ အပျိုလူပျိုဖြစ်လာချိန်မှာ ရာထူးတွေပိုကြီးလာပြီဖြစ်သော ဖေဖေနဲ့ မေမေဟာ အရင်ကထက် အလုပ်တွေပိုရှုပ်ကာ ကဗျာတို့ကို လှည့်ကိုမကြည့်နိုင်ပါ။

ထို့ကြောင့် သားသမီးတွေရဲ့ အခြေအနေကိုမသိဘဲ ပူဆာတဲ့ဖုန်းကို ဝယ်ပေးလိုက်ကြခြင်းပါပဲ။ ပန်းပုဆရာဆိုတာ ကိုယ်ထုနေတဲ့ပန်းပုရုပ်ကို အလိုလိုက်တတ်ပါသလား။

○ ✤ ○



www.burmeseclassic.com

www.burmeseclassic.com



ကဗျာက ဖုန်းရတော့ ဝိုပြီးကဲပါသည်။ Chatting ထိုင်ရင်လည်း Chat ဖော် Chat ဖက် ကောင်လေးတိုင်းကို ဖုန်းနံပါတ်ပေးသည်။

ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်း တက်နေတဲ့ ကဗျာက သင်တန်းက ကောင်လေးတွေကိုလည်း ဖုန်းနံပါတ်ပေးတာပင်။

ထို့ကြောင့် ကဗျာ့ဖုန်းက တစ်ချိန်လုံး မြည်နေသည်။ ပိတ်ထားမှပဲ နားရတော့သည်။ လာသမျှဖုန်းတွေကလည်း အီစီကလီဖုန်းချည်းသာ။





အစိုးရက ဆက်သွယ်ခတစ်ဝက်ခွင့်ပေးထားသော အချိန်ဖြစ်သည့် ညဆယ့်တစ်နာရီမှ မနက်ငါးနာရီအတွင်းဆို ဖုန်းကပိုလာသည်။ သေချာတယ်။ အဲဒီအချိန်ဆက်သည့်သူတွေကတော့ ကော်တစ်ရာတွေပဲ ဖြစ်ရမည်။ ဖုန်းဆက်တာတောင် ကော်ကျနေရင်တော့ မလွယ်။ အဲဒီလိုလူမျိုးက ရွေးသင့်တဲ့အထဲမှာ မပါ။

ထို့ကြောင့် ကဗျာက အဲဒီအချိန်မှာဆို ဖုန်းကိုပိတ်ထားလိုက်တာ။

ကိုကိုတို့ကတော့ အဲဒီအချိန်ဆို ဖုန်းကို အပြတ်ကိုကျွေးတာ။

တစ်လ တစ်လ ကိုကို့ခမျာ ဖုန်းဖိုးမနည်း။ ဒါတောင် ကိုကိုက သူ့အိမ်မမတွေကို သူကစပြီး Missed call ပေးကာ ဟိုဘက်က ပြန်ခေါ်မှ တနင့်တပိုး ပြောတာမျိုး။ သူ့ဘက်က မဖြစ်မနေ စခေါ်ရပြီ ဆိုရင်တော့ လို တို ရှင်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဘက်က စ,ခေါ်ရင် လိုင်းက ဘယ်တော့မှ မကောင်းတတ်။ မကြားရသလိုလို၊ လိုင်းပဲမကြည်သလိုလို လုပ်ပစ်သည်ချည်းသာ။

ဒါတောင် ကိုကို ကတ်တစ်ကတ်ကို ဘယ်လောက်မှ မသုံးရ။

ကဗျာကတော့ ဖေဖေနဲ့မေမေ၊ ကိုကို၊ ကဗျာ့အချစ်ဆုံးသူငယ်ချင်းမနှစ်ယောက်။

ထိုငါးယောက်ကလွဲရင် ဘယ်သူ့ဆီမှ ဖုန်းမခေါ်။ ထို့ကြောင့် တစ်သောင်းတန်ငွေဖြည့်ကတ် တစ်ကတ်ဆို တော်တော်ကြာကြာကို သုံးရသည်။

အထူးသဖြင့် ကောင်လေးတွေဆီကို ကဗျာ ဘယ်တော့မှ ဖုန်းမခေါ်ပါ။ ခေါ်စရာအကြောင်းကို မရှိတာ။

သူတို့ဘက်က စခေါ်လာရင်တော့ ကဗျာ စိတ်ပါရင် လက်ခံပြောပါသည်။





ကဗျာ စိတ်မပါရင်တော့ အကြိမ်တစ်ထောင်ခေါ်လည်းမကိုင်။

Chat roon ထဲက ကောင်လေးတွေဆို ကဗျာနဲ့ဖုန်းထဲမှာ ရည်းစားတောင် ဖြစ်နေသေးသည်။

အပြင်မှာတော့ မတွေ့ဖူးပေါင်။

ကဗျာတို့ဖုန်းတွေက အင်တာနက်သုံးလို့ ရလာတော့ ကဗျာက မေမေတို့မသိအောင် ဖုန်းကို အင်တာနက်လျှောက်လိုက်သေးသည်။

ကိုယ့်ဖုန်းနဲ့ကိုယ် သုံးရုံပဲဆိုတော့ အချိန်မရွေးသုံးလို့ရတာပေါ့။

တကူးတက ဆိုင်သွားစရာ မလိုတော့ဘူးလေ။ အဆင်ကိုပြေလို့။

အင်တာနက်ထဲမှာ ကဗျာ သဘောကျတဲ့ ဖက်ရှင်နဲ့ပတ်သက်တာတွေလည်း ရှာဖွေကြည့်ရှုလို့ ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာမဆို သုံးတတ်ရင်ဆေး။ မသုံးတတ်ရင် ဘေးတဲ့။

အင်တာနက်ကို လင်ရှာစက်လို့ ထင်နေသူတွေခမျာ ဘေးနဲ့နီးကြရှာတာပါ။

အင်တာနက်ထဲမှာ သိရတာတွေက အမှန်တရားတွေချည်းပဲလို့ Google ကုမ္ပဏီက အာမခံထားတာမှ မဟုတ်တာလေ ... နော်။

○✤○





ကဗျာ့ရင်ထဲကို ထိစေ ငြိစေသွားသော အပြုံးတစ်ခုနဲ့ ခလုတ်တိုက်မိခဲ့တာကတော့ တရုတ်တန်းက ဝက်သားတုတ်ထိုးဆိုင်တစ်ခုမှာပါ။

သင်တန်းကဆင်းပြီးပြီးချင်း ဗိုက်ဆာလွန်းလို့ တရုတ်တန်းမှာ တုတ်ထိုးပြေးစားကြတာပါ။

ကဗျာနဲ့ ခင်သူတို့ တုတ်ထိုးဆိုင်ရောက်တော့ ခုံကကွက်တိကလေး နှစ်လုံးပဲ လွတ်တာမို့ အပြေးဝင်ထိုင်ရတယ်။

အဲလို မဟားဒယား ဝင်အထိုင် ဘေးမှာထိုင်နေတဲ့ ကိုယ်တော်ချောတစ်ယောက်ရဲ့ ခြေထောက်ကို အားပါးတရကြီး တက်နင်းပစ်လိုက်တော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အား"

ကဗျာ နင်းတာ ခြေညှပ်စလစ်ပါ ဖိနပ်အပါးလေးနဲ့ပါ။ နင်းတဲ့အရှိန်က ပြင်းပေမယ့် သူ့အော်လိုက်သလောက်ကြီးတော့ နာမှာမဟုတ်ပါ။

အားနာသွားတဲ့စိတ်တွေတောင် နောက်ပြန်ပြေးချင်သွားသည်။

ဒါပေမဲ့ ကိုယ်က နင်းထားတော့ တောင်းပန်ရမယ့် ဝတ္တရားက ရှိသေးတယ်လေ။

"ဆောရီးနော်"

"ဝတ္တရားကျေ ပြောတာလား"

သင်းကလည်း လာသားပဲ။ ကဗျာ တင်းတင်းနဲ့ ဘုရှိုးရှိုးလိုက်တော့၊ အမယ်လေး ... ကဗျာ့ကို စူးစူးရှရှကြီး ပြုံးပြနေလိုက်တာများ။ ရင်တွေတောင် တုန်သွားတယ်။

"ဟိတ် ... ဘာကြည့်နေတာလဲ၊ ပြောဦးလေ"

"ဘာပြောရမှာလဲ"





"ဝတ္တရားကျေလားလို့ မကြားလိုက်ဘူးလား။ နားမကောင်းဘူးထင်တယ်နော်"

"ခွိ ... ခွိ"

သေးက ခင်သူ့ဆီက ရယ်သံထွက်လာသည်။ ခင်သူကတော့ ဆရာမကြီးကဗျာရဲ့အဖြစ်ကို သဘောကျနေမှာပဲ။ ခင်သူ့ကို မျက်စောင်းလှည့်ထိုးပစ်လိုက်သည်။

"ဒီမှာ ကိုအဂ္ဂာ၊ ကျွန်မ တက်နင်းမိလို့ ဆောရီးပြောပြီးပြီလေ။ ဝတ္တရားကျေဆိုရင်လည်း ဘာဖြစ်လဲ။ ဝတ္တရားထက် ဘာပိုရဦးမလဲ။ ရှင့်ခြေထောက် ပွဲသွားလား။ ဆေးခန်းပို့ပေးရမလား"

"ထင်သားပဲ၊ စေတနာမပါဘူး"

ကဗျာ သူ့ကို မျက်စောင်းထိုးပြီး ဝက်သားတုတ်ထိုးကို လက်လှမ်းလိုက်တာ။

"ဟော့ ... ဘာလို့ သူများ ယူထားတာကို လာလုနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မှားပြန်ပြီ။ ကဗျာ လှမ်းဆွဲလိုက်တာ သူ့ဟင်းချိုခွက်ထဲက တုတ်ချောင်း။

မှားပြီးရင်းကို မှားနေတော့တာပဲ။ ခင်သူ့ရှေ့မှာ အရှက်ကွဲပြီးရင်း ကွဲနေတာပဲ။

ခင်သူက ...

"ကဗျာ ... နောက်တစ်ဆိုင် ပြောင်းမလား"

"ဘာလို့ပြောင်းရမှာလဲ၊ ပြောင်းစရာအကြောင်းမရှိဘူး။ အသာနေစမ်းပါ ခင်သူရယ်"

ဘေးက ကိုယ်တော်ချောက စူးစူးစိုက်စိုက်ကြီး ပြုံးကြည့်နေတုန်းပဲ၊ ကဗျာတော့ ဆရာ့ဆရာကြီးနဲ့ တွေ့နေပြီထင်ပါရဲ့။

ကဗျာ ပညာပြမှ ဖြစ်တော့မယ်။

"လူကို ဘာလို့ ဒီလောက်ကြည့်နေတာလဲ၊ လှလို့လား"

"မဟုတ်ဘူး၊ သွားမှာ အချဉ်ရည်ထဲက ငရုတ်သီးဖတ်ကြီး ကပ်နေလို့"





ဘုရားရေ ... ကဗျာ ရှက်လန့်တကြားနဲ့ အိတ်ထဲက မှန်အသေးလေးထုတ်ကြည့်လိုက်တော့ ဘာမှမရှိ။ သူက ကဗျာ ဖြစ်သွားပုံကိုကြည့်ကာ သဘောတကျနဲ့ အော်ရယ်နေသည်။ သွားပါပြီ ... ဒီနေ့တော့ ကဗျာနေ့ပဲ ထင်ပါသည်။

သူက စားသောက်ပြီးသား တုတ်တွေကို ကဗျာ့ဘက်တွန်းကာ ...

"ရှင်းလိုက်တော့နော်။ နောက်တစ်ခါကြုံရင် ကိုယ်ပြန်ကျွေးမယ်။ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

သူက ပြောပြီးတာနဲ့ မျက်စိမှိတ်ပြကာ ထထွက်သွားသည်။

"ဘာလို့ ရှင်းရမှာလဲ။ မရှင်းနိုင်ပါဘူး"

သူက ကျောခိုင်းထွက်သွားကာ လက်တစ်ဖက်ထောင်ပြီး တာ့တာ ပြသွားသေးသည်။

ကဗျာ ဒေါသဖြစ်လိုက်တာနော်။ တုတ်ထိုးသည်ဘက် ကမန်းကတန်းလှည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးလေး၊ သူနဲ့ကျွန်မ မသိဘူးနော်၊ သူစားသွားတာတွေ ကျွန်မ မရှင်းနိုင်ဘူး"

"အဲဒီကောင်လေးက ပိုက်ဆံရှင်းပြီးသား ကလေးမရဲ့"

"ရှင်"

"ဟုတ်တယ်၊ သူစားချင်တာတွေ ရွေးယူပြီး တစ်ခါတည်း ပိုက်ဆံရှင်းထားတာ"

ကြည့် ... သင်း ကဗျာ့ကို အရှုံးထပ်လုပ်သွားတာ။ ခင်သူကတော့ အူတွေတက်နေသည်။

ကဗျာလည်း ဒေါသထွက်ရင်းနဲ့ တဖြည်းဖြည်း သူ့ကို သဘောကျလာသည်။

မဆိုးဘူး။ စိတ်ဝင်စားဖို့ ကောင်းတယ်။ ကဗျာ့အတွက် မိန့်းအသစ်လေးပဲ၊ ဟာ ... ဟ။

○✤○





သူ့ကို ကဗျာက မိန့်းအသစ်ကလေးလို့ သဘောထားတော့ မြည်းစမ်းကြည့်ချင်သည်။

ကဗျာနဲ့ လက်ရည်ပဲတူသလား၊ ကဗျာ့ထက် သာသလား။

ကဗျာ့ထက်မညံ့တာကိုတော့ သိထားသည်။ ဟိုနေ့က တောင် ကဗျာ ခံလိုက်ရတာကိုး။

သူ ဘယ်ကပါလိမ့်။ ကဗျာ ပြန်တွေ့ချင်သေးသည်။ ရန်ကုန်မြို့ထဲမှာ အမှတ်မထင် ဆုံစည်းတဲ့လူတစ်ယောက်ကို ပြန်တွေ့ဖို့ဆိုတာ လွယ်တော့ မလွယ်ဘူး။ ဒါပေမဲ့ ကဗျာ ပြန်ဆုံခွင့်ရချင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်သူကတော့ သူငယ်ချင်းကောင်း ပီသပါတယ်။ ကဗျာ ခံလိုက်ရတာကို သူများတွေကို လိုက်ပြောပြလို့ မဆုံးဘူး။ ဆရာမကြီး ကဗျာရဲ့ကျူဆုံးခန်းက ခင်သူ့ ပါးစပ်ဖျားမှာ hot နေတယ်။

ခင်သူ့ကောင်းမှုနဲ့ ရွှေစင်မတောင် အလွတ်ရနေပြီ။

"ကဗျာ ... အဲဒီလူရဲ့တက္ကနစ်တွေကို နင် ဘယ်လိုချေဖျက်ဖို့ စိတ်ကူးထားလဲ"

"အမယ်လေး ... သူ့ကိုပဲ ပြန်တွေ့ပါစေဦးဟယ်၊ သူနဲ့ ပြန်တွေ့မှ ကျန်တာတွေ စဉ်းစားမယ်"

"ငါတို့လည်း ပြန်ဆုံစေချင်ပါတယ်ဟယ်၊ ပွဲကြီးပွဲကောင်း ကြည့်ချင်လို့"

"ငါလည်း ပြန်ဆုံချင်တယ်။ ငါ သူ့ကိုသဘောကျတယ်ဟ၊ သူနဲ့ငါက လက်ရည်တူပဲ"

"မတူပါဘူး၊ ဟိုကသာတာကို"

"ခင်သူစုတ်"





"ဟုတ်ပါ့ဟယ်၊ ခင်သူကလည်း ကိုယ့်လူကိုယ် နှိပ်ကွပ်မနေပါနဲ့။ ငါတို့ကဗျာက ဒီတစ်ခါပဲ ရှုံးဖူးတာပါ"

"သိတာပေါ့ ... နင်ပြောမှ ပိုဆိုးနေပြီနော်"

"ဒီနေ့လည်း ဝက်သားတုတ်ထိုး သွားစားဦးမလား ကဗျာ"

"မနေ့ကမှ အံ့ဝတွယ်သွားတာဆိုတော့ သူ ဒီနေ့လာစားမယ် မထင်ဘူးဟ"

"ငါက ငါစားချင်လို့ပြောတာဟ။ ဒါပေမဲ့ နင့်ခေါင်းထဲမှာတော့ ဘိုးတော်ပွဲ စွဲနေတယ်ထင်ပါ့"

"အမယ်လေး ... အပိုတွေပြောမနေနဲ့ မိခင်သူ၊ နင် ဒီမေးခွန်းမေးကတည်းက ဒီဘူတာပဲဆိုတာ သိပြီးသား။ ဟုတ်တယ် ... ငါ သူ့ကို စိတ်ဝင်စားတယ်"

"ဒီတစ်ခါတော့ heart ပါလာပြီထင်တယ်"

"heart အထိတော့ မရောက်သေးပါဘူး။ ဒါပေမဲ့ စိတ်ထဲတော့ ရောက်နေပြီဟ"

"နင် heart ကိုမရောက်အောင် ဘယ်လိုကာကွယ်မလဲ ?"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ သူနဲ့ပြန်ဆုံပြီးမှ ပြောလို့ရမှာဟ။' သူက စိတ်ထဲထိအောင် ရောက်ပြီးနေပြီ။ သူနဲ့ပြန်ဆုံလို့ သူ့ဆီမှာ ငါမနှစ်သက်စရာတစ်ခုခု ရှိနေရင်တော့ သူ့ကိုသဘောကျလည်း ငါ့နှလုံးသားကိုတော့ အရကာကွယ်ရမှာပဲ"

"တကယ်လို့ နင် မနှစ်သက်စရာမရှိဘူး ဆိုရင်ရော"

"ဒါဆိုရင်တော့ သူက ငါ့ရဲ့စံချိန်တင်ရည်းစား ဖြစ်လာနိုင်တာပေါ့ဟာ"

"အင်း ... တော်ကီကတော့ လန်းတုန်းပဲ၊ ငါတော့ဟယ် အဲဒီကောင်ကို ဟပ်ချလောင်းဆိုပြီး ပြန်ခေါ်လို့ရရင်တောင် ခေါ်ပြီး နင်နဲ့ဆုံပေးလိုက်ချင်တယ်၊ တကယ်ပါ"

"နင်တို့ အဲဒီလောက်ဆန္ဒရှိနေမှတော့ သူနဲ့ ပြန်ကိုဆုံမှာ သေချာတယ်ဟ"

"လ-စ-တ ကြီးပါလား"

"ဘာလဲ လ-စ-တ"

"လိုရာစွဲတွေးနေတယ်လို့ ပြောတာ"





"ဟင်း ... ခင်သူနော်"

ခင်သူနဲ့ သီတာတို့က ကဗျာကိုချစ်လို့ စ,နေကြတယ်ဆိုတာ ကဗျာ သီတာပေါ့။

○✤○



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ကံကြမ္မာက လှလှပပကြီး လှည့်စားလိုက်သည်။

သီတာသည် သင်တန်းကို ရောက်လာတော့ မျက်နှာမှာ ချွေးတွေသီးနေသလို လူကလည်း ကတုန်ကယင် ဖြစ်နေသည်။

"ဟဲ့ ... သီတာမ၊ ဘာဖြစ်လာတာလဲ"

သီတာက ပြန်မဖြေနိုင်သေးဘဲ ရေဘူးထုတ်ကာမော့နေသည်။ ပြီးမှ ...

"ငါ ကြောက်လိုက်တာဟယ်"

"ဘာဖြစ်လာတာလဲ"





"ငါ အထူးကားစီးလာတာဟယ်၊ တက်တက်ချင်း ခုံအလွတ်တော့မရှိဘူး။ ဒါပေမဲ့ အကောင်တစ်ကောင်က ထပေးတော့ အားရပါးရ ဝင်ထိုင်လိုက်တာ။ ငါ့ဘေးမှာလည်း တစ်ကောင်ရှိတယ်ဟယ်"

သီတာက ရင်ဘတ်ဖိကာ ရေဘူးကိုမော့ပြန်သည်။

"အဲဒီမှာ ဘေးကောင်က ငါ့လက်ဖဝါးကို ဖြူန်းဆိုလာကိုင်တာ၊ ငါလည်း ရုတ်တရက်ကြီး လန့်သွားပြီး ဘေးကိုလှည့်ကြည့်လိုက်တော့ လူက မဆိုးဘူးဟဲ့"

"ခင်သူရေ"

"ဝေ ... ကဗျာရေ"

"နင်တို့မနောက်နဲ့၊ ငါ အတည်ပြောမလို့။ အဲဒါနဲ့ အဲဒီကောင်ကို ငါကြောင်ကြည့်နေပြီးမှ သတိဝင်လာပြီး လက်ကိုရုန်းတော့ လွှတ်မပေးဘူး။ အဲဒါနဲ့ ငါလည်း ရှင်လွှတ်မလွှတ်ရင် အော်လိုက်မယ်လို့ ပြောတော့ ..."

"အဲဒီတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အော်ရင် ဖက်နမ်းမယ်တဲ့"

"ဟယ် ... ကိုယ်ကအရင် ပါးပိတ်ချလိုက်ပါလား"

"သူက ဘာမှန်းမသိဘူးလေဟာ၊ တော်ကြာ ရှာသာကြီးက လွှတ်လာတာဆို ဘယ်လိုလုပ်မလဲ"

"အမယ်လေး ... ကြောက်ချင်တော့လည်း ကြံဖန်ကြောက်တယ်"

"အဲဒါနဲ့ ငါ့နားကို ဗိုက်ကြီးသည်တစ်ယောက် ရောက်လာတော့ ငါ ဗိုက်ကြီးသည်ကို နေရာဖယ်ပေးလိုက်တာပေါ့။ အဲဒါကို သင်းက ထလိုက်လာတာ၊ သူနဲ့ဗိုက်ကြီးသည် နေရာအပြောင်းအရွှေ့မှာပဲ ငါ ကားပေါ်က မြန်မြန်ဆင်းပြီး တက္ကစီငှားစီးလာတာ၊ ဒီနေ့ သင်တန်းမှာ စာမေးပွဲ ဖြေရမှာမို့လို့၊ မဟုတ်ရင် အိမ်ပြန်ပစ်မှာ"

"အေး ... နင့်ကိစ္စကလည်း စဉ်းစားစရာပဲ၊ ဒီနေ့ နင်ဝတ်လာတဲ့ အဝတ်အစားကလည်း တစ်မျိုးအထင်လွဲစရာမရှိပါဘူး။ မြန်မာဆန်ဆန်ပဲကို"





"ငါကတော့ Normal ပါပဲဟယ်၊ ဒါပေမဲ့ အဲဒီလူကတော့ Normal မဟုတ်တာ သေချာတယ်"

"နင် ကံနိမ့်နေတယ် ထင်တယ်၊ ဘုရားလေး ဘာလေး ရှိခိုးဦး"

သင်တန်းဆရာ ဝင်လာပြီး မေးခွန်းစာရွက်တွေ ဝေမှပဲ ဖြေရမယ့်စာတွေကို အပြေးအလွှား ပြန်စဉ်းစားရတယ်။

သင်တန်းဆင်းတော့ ...

"ဒီနေ့တော့ ဝက်သားတုတ်ထိုး သွားစားမယ်ဟာ"

"ငါ အိမ်ပဲပြန်ချင်တယ်ဟာ၊ ရင်က ခုထိခုန်နေတုန်း၊ ကြောက်လည်း ကြောက်နေတယ်"

"နင်ကလည်း သူခြိမ်းခြောက်တိုင်း ကြောက်နေတာကိုး။ ဘာမှကြောက်စရာမရှိဘူး။ ငါသာဆို သူ ဘာပြောပြော အဲဒီနေရာတင် ပါးချပစ်မှာ။ လူကြားထဲမှာ သင်း ဘာလုပ်ရဲမှာလဲ။ ငါတို့ဘက်မှာ အမျိုးသမီးရေးရာရှိတယ်၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းကျရင် ငါတို့ကို သူတို့ မထိရဲပါဘူး။ အထူးသဖြင့် လူကြားထဲမှာပေါ့"

"နင့်ဟာက ဝေါက်ဆိုရင် အမျိုးသမီးရေးရာကို ဘယ်လို လုပ် သိမှာလဲ"

"သူ ဝေါက်ဦးဟာ၊ ဒီလောက် လူကြားထဲမှာ နင် ဘာမှ မဖြစ်နိုင်ပါဘူး"

"ကဲ ... ငြင်းနေတာ တစ်နာရီကြာတယ်၊ အိမ်ပြန်မလား။ တုတ်ထိုးသွားစားမလား။ ရွေ့တော့"

ခင်သူ ဆော်ဩမှပဲ တုတ်ထိုးဆိုင်ကို ခြေဦးတည့်တော့တယ်။

"ဟာ"

သီတာမ အသံကြီးက ကြောက်လန့်တကြား ထွက်လာသည်။

"ဘာဖြစ်တာလဲဟ"





"ဟိုမှာ ... သူ"

"ဟင် ... ဘယ်မှာလဲ"

ကဗျာတို့ သီတာမရဲ့လက်ညှိုးဦးတည်ရာကို ကြည့်လိုက်တော့ ဝက်သားတုတ်ထိုး အကျအနထိုင်စားနေသော ကဗျာ ပြန်ဆုံချင်နေတဲ့ ဘိုးတော်ကို တွေ့လိုက်ရသည်။

"အဲဒီတစ်ယောက်လား"

"ဟုတ်တယ်"

"ဟဲ့ ... အဲဒါ ကဗျာ့ကို ဆရာကျသွားတဲ့ တစ်ယောက်လေ"

"ဟင်"

○✤○



www.burmeseclassic.com

www.burmeseclassic.com



“မသွားနဲ့။ ငါ ကြောက်တယ်ဟ”

“ဘာကိုကြောက်တာလဲ”

“ဒါလား မသိဘူး”

သီတာက နားထင်ကို လက်ညှိုးနှင့်ထောက်ရင်း တုန်တုန်ယင်ယင် ပြောနေသည်။

“ဟာ ... မဖြစ်နိုင်ပါဘူးဟဲ့။ အလတ်ကြီးပါ၊ ငါ့ကိုကျော်သွားတဲ့အကွက်များ လှမှလှ။ လိုက်လို့တောင်မမီဘူး”

“ဟုတ်တယ် သီတာမရဲ့။ ဒီလူဘယ်နည်းနဲ့မှ ဂေါက်မဖြစ်နိုင်ဘူး”





ကဗျာနဲ့ ခင်ညွှက သီတာ့ကို တုတ်ထိုးဆိုင် အတင်းဆွဲခေါ်သည်။

သီတာကလည်း ကန်ပြီးတော့ကိုရုန်းသည်။

“နင်တို့နှစ်ယောက် သွားချင်သွား။ ငါတော့ မလိုက်ရဲဘူး”

“ငါတို့ပါပါတယ်၊ နင် ဘာမှမဖြစ်စေရဘူး သီတာမ။ နင့်ကို ငါတို့ကိုယ်တိုင် အိမ်ပြန်ပို့ပေးမယ်ဟာ”

“ဟင့်အင်း ... ငါ ကြောက်တယ်။ ငါ တောင်းပန်ပါတယ်ဟာ။ မလိုက်ပါရစေနဲ့”

“မဟုတ်ဘူး။ နင့်ကိုထွင်တဲ့ ဖန်လုံးက ဘာအထာလဲဆိုတာ အကဲခတ်ရဦးမှာ၊ သီတာမရဲ့ အိမ်တိုင်ရာရောက် ပြန်ပို့ပါမယ်ဆို”

သီတာက ချွေးတွေတောင် ပြန်လာသည်။

“ငါ့ တကယ်ကြောက်လို့ပါဟယ်”

“နင် အကြောက်လွန်နေတာပါဟယ်၊ ဘာမှမဖြစ်ပါဘူး၊ လာပါဆို”



www.burmeseclassic.com

www.burmeseclassic.com



ရန်းရင်းဆွဲရင်းနဲ့ ကဗျာတို့သုံးယောက် တုတ်ထိုး ဆိုင်နား ရောက်သွားသည်။

ကဗျာတို့ကိုမြင်တော့ သူက နေရာတိုးပေးသည်။ သူ့ဘေးမှာ ကဗျာဝင်ထိုင်မည်ပြင်တော့ ...

"နိုး ... နိုး၊ ဒီနေရာက နှင်းကဗျာ ထိုင်ခွင့်မရှိဘူး။ ကိုယ့်ဘေးကနေရာက ကိုယ့်ရဲ့စပါယ်ရှယ်ဝမ်း(Special one)ပဲ ထိုင်ခွင့်ရှိတယ်။ ကဲ ... မယ်သီတာလို မိန်းကလေး။ ကိုယ့်ကို ရာမလို သဘောထားပြီး ကိုယ့်ဘေးကိုကြွ"

"မလာဘူး"

သီတာမကငြင်းသလို ကဗျာကလည်း ရှက်သွားသည်။ ခင်သူကလည်း ဘာလုပ်ရမှန်းမသိ။

"မင်းလေးက သိပ်ပြီး innocent ဖြစ်တယ်၊ very simple လေးပဲ။ အဲ့ဒါကြောင့် ကိုယ်က သဘောကျတာ သီတာ တင်ဦးကလေးရဲ့။ တချို့ တချို့တွေကတော့ ဆရာလိုလို မာလကာလိုလိုနဲ့ အလိုလိုနေရင်းကို နာမ်နှိမ်ပေးချင်စရာ"





ကြည့်စမ်း ... သင်း ကဗျာ့ကို ဖွဲ့နေတာပါလား။

"ဒီမှာ ကိုအဂ္ဂ"

"နာမည်မေးချင် တည့်တည့်မေးလို့ ရပါတယ်။ ငါ့နာမည် တည်သွေး။ နာမည် သိချင်ရင် ကိုအဂ္ဂလို့ ခေါ်တဲ့ခေတ်က ကုန်သွားပြီ"

"အမယ်လေး ... ရှင့်နာမည်က အရေးမပါပါဘူး၊ သိလည်း မသိချင်ဘူး။ ဒါပေမဲ့ ရှင် ကျွန်မကိုပြောချင်ရင် တဲ့ပြော လို့ရပါတယ်၊ ဘာလို့ မိန်းမလို မိန်းမရ စောင်းချိတ်နေ တာလဲ"

"အိုခေလေ။ နားခံသက်သာအောင် စောင်းပြောပေးရတာ။ မင်း တဲ့ကြိုက်တယ်ဆိုရင် ငါကလည်း ဘွာမခတ်ပါဘူး ဆရာမကြီးရဲ့"

"ရှင် ကျွန်မကို ဘာလို့ ဘလိုင်းကြီးစော်ကားနေတာလဲ"

"မင်းကရော ဘာလို့ ယောက်ျားတွေကို ဘလိုင်းကြီး ရည်းစားတွေ ထားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟုတ်တယ်လေ၊ မင်းက Mind & Heart မပြောနဲ့ eye တောင် မပါဘဲ ဘလိုင်းကြီး ရည်းစားထားနေတာလေ"

"ကျွန်မဘာသာ ရည်းစားထားတာ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ငါ့ညီတစ်ယောက် မင်းစက်ကွင်း မိနေလို့"

"ဪဟော် ... ဒီလိုလား။ ဒါဆိုရင်လည်း ကိုယ့်ဘက်ကိုပဲ ကာကွယ်လေ။ ဘာလို့ ကျွန်မကို အမြင်မကြည်နေတာလဲ၊ ဟင်း ဟင်း။ ကျွန်မကို မကျေနပ်တာနဲ့ ကျွန်မ သူငယ်ချင်းတွေကိုတော့ ဒုက္ခမပေးပါနဲ့ ရှင်ရယ်၊ အိုခေနော်။ one by one ကစားတဲ့ပွဲမှာ ဆားလူကို နယ်ရုပ် မလုပ်ကြေး... နော့။ ကဲ... ကျွန်မဗိုက်ဆာနေလို့ တုတ်ထိုးစားလိုက်ဦးမယ်။ ဪ ... ရှင် ရှင်းပေးစရာ မလိုဘူးနော်"

"ဆရာမကြီး ပီသပါပေတယ်။ စား... စား၊ ကြိုက်သလောက်စား၊ ကိုယ်ကလည်း ရှင်းပေးဖို့ သဒ္ဓါတရား မရှိပါဘူးကွ ဟား ဟား"





အဲဒီနောက်မှာ သူနဲ့ကဗျာတို့ရဲ့ အားပြိုင်မှု အစပျိုးခဲ့ပါတော့တယ်။

တည်သွေးတဲ့ ...။

လူနဲ့ နာမည်နဲ့လည်း လိုက်ပါတယ်။ လူကလည်း အရမ်း အရမ်းကို ဆရာ့ ဆရာကြီးပုံစံပါပဲ။ ဒီပွဲမှာ ကဗျာနိုင်ဖို့ မသေချာပါဘူး။ ဒါပေမဲ့ သရေဖြစ်ဖို့တော့ မျှော်လင့်ပါတယ်။

မရှုံးအောင်တော့ အစွမ်းကုန်ကြိုးစားရမှာပေါ့။

○✚○



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ သူ့ကို အရမ်းမုန်းပါတယ်။ သူကလည်း ကဗျာ့ကို တော်တော်ကြီးကို မုန်းနေပုံပါပဲ။

ကိုယ့်အပေါ်မှာ ပြိုင်ဘက်တစ်ယောက်လို အလဲထိုးဖို့ ချောင်းမြောင်းနေတဲ့ သူ့ကို ကဗျာ ရွံပါသည်။ ကဗျာ့လိုမိန်းကလေးတစ်ယောက်ကို ညီအတွက် လက်စားချေမတဲ့။ သင်းအစွမ်းရှိသလောက် နှလုံးရည်တော့ ပြည်ဝပုံမပေါ်။ ဒါက သင်းရဲ့ပျော့ကွက်ပဲဖြစ်သည်။

ယောကျ်ားတစ်ယောက်ဟာ ဘုန်းလက်ရုံး ပြည့်စုံနေရုံနဲ့ ပြီးပြည့်စုံတာ မဟုတ်ဘူး။ လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်စုံမှ ယောကျ်ားပီသတာ။ ခုတော့ သင်းက တစ်ခြမ်းပဲပီသပုံ ရသည်။





ဒါပေမဲ့ ကဗျာသည် မသိစိတ်ကတော့ သူ့ကိုသဘောကျနေသေးသည်။ သူသည် ယောကျ်ားကောင်း မဟုတ်ပေမယ့် ဆွဲဆောင်မှုတော့ရှိသည်။ ခပ်ဂျစ်ဂျစ် သူ့စတိုင်လ်က မိုက်တော့ မိုက်သည်။

ကဗျာ သင်ယူသိထားသော ယောကျ်ားအမျိုးအစားထဲမှာ မပါသော Type မျိုးလည်းဖြစ်သည်။ တကယ့်ကို မိန္နးအသစ်ကလေးမို့ ကဗျာ စိတ်ဝင်စားနေပါသည်။

မချိုမုန်းတော့ သိပါသည်။ ဒါပေမဲ့ ခါးမလား၊ ချဉ်မလား၊ စပ်မလား။ မချိုတာကိုတောင် ဘယ်လိုမချိုတာလဲဟု သိချင်နေပါသေးသည်။

ဒါပေမဲ့ စိတ်ဝင်စားတာကတစ်ဖက်။ ပြိုင်ဘက်က ပြိုင်ဘက်ပင်။ ပြိုင်ဘက်ကို heart ပါနေရင် ကိုယ်ရှုံးဖို့ ခြေတစ်လှမ်း လှမ်းပြီးသားလေ။

heart က ပါချင်ချင် ဖြစ်နေလို့ သူမ သရေဖြစ်အောင် အနိုင်နိုင် ကျားကန်ထားရမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမဖုန်းက ရုတ်တရက် ထမြည်လာသဖြင့် အတွေး

တွေ အတောင်ပေါက်သွားသည်။

"ဟဲလို"

မသိသောနံပါတ်တစ်ခုမို့ ထုံးစံအတိုင်း ချိုအီအီလေး

ထူးလိုက်သည်။

"ဒီထူးသံကြီးက ပညာသားပါလှချည်လားကွ။ ဒီအသံနဲ့

ဘယ်နယောက်လောက်ကို ကိုင်ပေါက်ပြီးပြီလဲ"

"တည်သွေး"

"သေချာလှချည်လား"

"ကျွန်မကို ဒီလိုပြောတဲ့သူက ရှင်ပဲရှိတာလေ"

"ဟုတ်လား။ ဒါဆို မင်း ရာဇဝင်မှာ ငါက လူထူးဆန်

ကြီးပေါ့"

"ရှင် ဘာပြောစရာရှိလို့လဲ"

"ဩော် ... ငါ့အကြောင်းတွေ စဉ်းစားနေသလားလို့ လှမ်း

check ကြည့်တာပါ"





"ဝေးပါသေးတယ်၊ ကျွန်မ အခု ကာတွန်းဖတ်နေတာ"

"ဒါဆိုရင်တော့ ဖုန်းချပြီးရင် ကာတွန်းချက်ချင်းမဖတ်ဖြစ်

မှာ သေချာတယ်၊ ငါ မင်းကို ချစ်တယ် နှင်းကဗျာ၊ မင်း

လိုပဲ နှလုံးသားမပါဘဲပေါ့။ ဟဲ ဟဲ"

"လာသားပဲ"

"မြွေမြွေချင်းကိုးကွ။ မင်းနဲ့ ငါ ပြိုင်ပွဲတစ်ခု ဖန်တီးကြည့်

ရအောင် နှင်းကဗျာ"

"ပြောကြည့်ပါဦး"

"မင်းနဲ့ငါ ရည်းစားတော်ကြေး ပြိုင်ရအောင်"

"အမ် ... ဘယ်လိုပြိုင်ပွဲကြီးလဲ"

"ဒီလိုပဲ။ မင်းနဲ့ငါ ရည်းစားတော်တမ်းပြိုင်ကြမယ်။ စပြီး

လမ်းခွဲစကား ပြောတဲ့သူက အရှုံး"

"ဟင် ... ဒါဆို မရှုံးချင်ရင် တစ်သက်လုံး လမ်းမခွဲရ

တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကိုယ့်ကိစ္စနဲ့ကိုယ်လေ။ လမ်းခွဲမယ်လို့ပြောရင် ချက်ချင်းလက်ခံကြေးကွာ။ မင်းက လမ်းခွဲမယ်ပြောရင် ငါ ချက်ချင်းလက်ခံမယ်။ ဒါပေမဲ့ မင်း ရှုံးတယ်"

"ဒါက ရှင်တစ်ဖက်သတ်စီစဉ်တဲ့ပွဲပဲ။ ရှင့်ဘက်က အသာကြီးပဲ။ ကျွန်မက မိန်းကလေးရှင့်။ ရှင်နဲ့ ရည်းစားဖြစ်တမ်းကစားရတာ ကျွန်မဘက်က နစ်နာတာပေါ့"

"မင်းလို ရည်းစားတစ်ထောင်ထားတဲ့ မိန်းကလေးအတွက် ရည်းစားတစ်ယောက် ပိုထားလိုက်လို့လည်း ဘာမှမထူးပါဘူးကွာ။ ဒီပွဲကို လက်မခံရင်လည်း မင်း ရှုံးတယ်နော်"

"အို ... ဘာဆိုင်လို့လဲ"

"မင်း ငါ့ကိုကြောက်လို့ လက်မခံတာပေါ့"

"ရှင့်ကို တစ်သက်လုံး မကြောက်ဘူး။ ဒါပေမဲ့ ရှင့်ပြိုင်ပွဲကို လက်မခံဘူး။ ရှင် ကျွန်မကို မခံချင်အောင်ပြောလို့မရဘူး။ ရှင့်ပြိုင်ပွဲက တစ်ဖက်သတ်ကြီးပဲ။ စည်းမျဉ်းစည်းကမ်းနဲ့ မညီတဲ့ပြိုင်ပွဲကို ပြိုင်စရာအကြောင်းမရှိတဲ့အတွက် ရှုံးစရာအကြောင်းလည်း မရှိဘူး"





"ဒါဆို မင်းနဲ့ငါက ဘယ်နည်းနဲ့ စစ်မျက်နှာဖွင့်ကြမှာလဲ။ အနိုင်အရှုံးတော့ ကွဲသင့်တာပေါ့"

"ဒါကတော့ ကိုယ့်အစွမ်းအစနဲ့ ကိုယ်ကြိုက်သလို စစ်မျက်နှာဖွင့်ကြေးပေါ့ရှင်။ အဓိက,က အလဲထိုးနိုင်ဖို့ပဲ။ တစ်ခုတော့ ကြိုပြောထားမယ်နော်၊ ဟိုတစ်နေ့ကလို ကျွန်မသူငယ်ချင်းကို အသုံးချတာမျိုးတော့ မလုပ်နဲ့ပေါ့။ ဘေးလူကို ဆွဲမထည့်ဘဲ အနိုင်အရှုံး ဆုံးဖြတ်ကြတာပေါ့"

"မင်းကို ငါ ချစ်တယ်လေ နှင်းကဗျာ။ မင်း ငါ့ကိုရည်းစားမတော်ရဲဘူးလား"

"ထောင်ချောက်မှန်း သိသိကြီးနဲ့ဆင်းရင် ကျွန်မလောက်မိုက်တဲ့သူ ရှိဦးမလား"

"ဟုတ်ပြီ နှင်းကဗျာ၊ မင်း ငါ့ကို တကယ်မချစ်မိအောင်ကြိုးစား။ မင်းနဲ့ငါ တစ်ယောက်ယောက်က ချစ်မိခဲ့ရင်ဥပမာကွာ ... ငါက မင်းကိုတကယ်ချစ်မိခဲ့ရင် ဒါမှမဟုတ်မင်းက ငါ့ကို တကယ်ချစ်မိခဲ့ရင် ချစ်မိတဲ့သူက အရှုံးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငါ မင်းကို အမြဲနှောင့်ယှက်နေမှာ၊ မင်း ငါ့စက်ကွင်းက လွတ်အောင်ရှောင်"

"ရှင် လိုက်ပတ်သက်နေတာကိုက ရှင်ရှုံးတာပဲ။ ထားပါ၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ ချစ်မိမှာမဟုတ်ဘူး။ ရှင်ရှုံးမယ့်နေ့ကို ပြုံးပြုံးလေး စောင့်နေမယ်နော်"

"ဟုတ်ပြီ၊ ငါက ငါ့ပတ်ဝန်းကျင်မှာတော့ ပဥ္စလက်နှလုံးသားလို့ nick name ရထားတယ်ကွ။ good night ချစ်ချစ် Bye ! "

အသံလည်းဆုံး၊ ဖုန်းပါချသွားသည်။

○✤○





နီရာ ဒီနေ့ ဘုန်းကြီးကျောင်း မလိုက်ဖြစ်ပါ။ ဒါပေမဲ့ စိတ်ထဲကတော့ လိုက်ချင်နေသည်။ နီရာ နာစေးနေသဖြင့် မလိုက်ရခြင်းပါ။

အဘွားပဲသွားသည်။ မေမေကလည်း တစ်ချိန်လုံး နဖူးလေးလာစမ်းလိုက်၊ ပါးလေးလာစမ်းလိုက်လုပ်နေသည်။

နာစေးရုံစေးတာပါ။ ဒါကို မေမေတို့က အရိပ်ကြည့်မဆုံး။

နီရာ ရင်ထဲမှာ ဟိုလူကြီးကို သတိရနေ၏။ ဟိုလူကြီးဟာ နီရာကြည့်ဖူးတဲ့ ကာတွန်းကားထဲကလို မင်းသမီးလေးကို အနမ်းနဲ့နှိုးမယ့် မင်းသားလေးလား။



www.burmeseclassic.com

www.burmeseclassic.com



နိုရာ စိတ်ကူးယဉ်ကြည့်ရုံနဲ့ ရင်ထဲတွေဟုန်လာကာ ကြက်သီးတွေ ထလာသည်။ ဘာဖြစ်တာပါလိမ့်။

နိုရာသည် ခြံထဲက နိုရာစီးနေကျ ဒန်းလေးကို လှမ်းငေးနေရင်း ခြံအပြင်ဘက် လမ်းမပေါ်ကို မတော်တဆ အကြည့်ရောက်သွားသည်။

"ဟင်"

ဟိုလူကြီးပါလား။ နိုရာတို့အိမ်ရှေ့မှာ ဟိုဘက် လျှောက်လိုက် ဒီဘက်လျှောက်လိုက်နှင့် မကြာခဏ ဖြတ်လျှောက် နေသည်။ ပြီးတော့ ခြံထဲကိုလည်း ချောင်း,ချောင်းကြည့်သေးသည်။

နိုရာသည် အိမ်ထဲက သူ့မကို သူမြင်သွားမှာကြောက်ကာ လိုက်ကာအကွယ် အပေါက်ကလေးကနေ ချောင်းကြည့်နေမိပါသည်။

ဘုန်းကြီးကျောင်းမှာ နိုရာ ဘေးဘီမငဲ့ရဲပေမယ့် အခုက ကိုယ့်အခန်းထဲက ကြည့်တာမို့ သူ မမြင်နိုင်တာသိပြီး ခိုးကြည့်နေမိပါသည်။





တော်တော်ဖြောင့်သည့် လူပါလား။ ချောလိုက်တာ။ ကာတွန်းကားထဲက မင်းသားလေးလည်း အပြင်မှာဆို ဒီလိုပဲ ချောမည်ထင်ပါသည်။

နိုရာသည် ကြည့်ရင်းနဲ့ ရင်တွေတငြိမ့်ငြိမ့် ခုန်လာသည်။

"မီးလေး"

မေမေ့အသံ ကြားတော့ နိုရာ လန့်ပြီးတုန်သွားသည်။

"မီးလေး ဘာတွေကြည့်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး မေမေ။ ဒန်းစီးရင် ကောင်းမလား လို့ ကြည့်နေတာ"

နိုရာ ညာတတ်နေပါလား။

ကိုယ့်ကိုယ်ကိုယ် ညာ နေမှန်းသိတော့ လျှာယားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... အပြင်မှာ လေစိမ်းတိုက်တယ် မစီးရပါဘူး မီးလေးရဲ့။ ခုတောင် နှာစေးနေတာကို၊ လာ... မေမေ ကြက်စွပ်လေးလုပ်ထားတယ် သောက်လိုက်ဦး"

"ဟင်း ... မသောက်ချင်ပါဘူး။ နေကောင်းနေတာပဲကို။ ထမင်းပဲစားမယ်"

"ကဲပါ ကြိုသောက်ထားတာ မမှားဘူး။ ထမင်းစားပြီးဖျားလာမှာစိုးလို့"

နီရာ မဖျားဘဲနဲ့ စွပ်ပြုတ်တွေ သောက်နေရပါသည်။ အပြင်ထွက်ပြီး ဒန်းလည်းမစီးရဘူး။ ဘာလို့မှန်း မသိဘူး။ နီရာ ဒန်းစီးချင်နေတယ်။

ဟိုလူကြီး။

နီရာ့ကို လာရှာတာ သေချာသည်။ သနားပါတယ်။ နီရာ ဘုန်းကြီးကျောင်းမလိုက်လို့ သူလာရှာတာနေမှာ။

နီရာ့ကို မတွေ့ရဘဲ ပြန်သွားရရင် သနားပါတယ်။ နီရာ လှုံလုံးထွက်ပြချင်သော်လည်း မေမေက အိမ်ထဲကအိမ်ပြင် ထွက်ခွင့်ပေးမှာ မဟုတ်ဘူး။





နီရာသည် နောက်တစ်ပတ်ကိုသာ မြန်မြန်ရောက်စေချင်တော့သည်။ နီရာ ဘာမှမဖြစ်အောင် ကျန်းမာရေးကို ဂရုစိုက်ပြီး သူရှိတဲ့ ဘုန်းကြီးကျောင်းကို လိုက်သွားချင်လို့ပါ။

သူ့ကို သနားလို့ပါ။

အဲဒီနေ့ကစပြီး နီရာ အိပ်မက်,မက်တတ်ခဲ့ပါသည်။

○✤○

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

နီရာ နောက်တစ်ပတ် ဘုန်းကြီးကျောင်းလိုက်သွားတော့ ဘွားမသိအောင် မျက်လွှာချီးပင့်အကြည့် နီရာကို ခိုးကြည့်နေသော ဖော်ထွန်းသစ်ကို ပြုံးပြုံးကြီး တွေ့လိုက်ရသည်။

နီရာလည်း ပြန်ပြုံးပြလိုက်မိသလား မသိပါဘူး။ ပြီးတော့ နီရာ ရှက်နေတယ်။ ဘွားကတော့ နီရာ့ကို စိတ်ချစွာနဲ့ တရားထိုင်နေရှာတယ်လေ။

အဘွား မျက်စိမှိတ်ထားတာကို အခွင့်ကောင်းယူပြီး နီရာက အကြိုက်တွေ့နေပါသည်။

ဒီလိုနဲ့ တစ်ပတ်ပြီးတစ်ပတ် နီရာ ဘုန်းကြီးကျောင်းသွားမယ့်ရက်ကိုပဲ လက်ချိုးရေတွက်နေမိတော့သည်။





ခုဆို နီရာက ဉာဏ်နီဉာဏ်နက်တွေ ထုတ်တတ်လာသည်။

ဘုန်းကြီးကျောင်းရောက်ရင် ရေထသောက်သလိုလို သန့်စင်ခန်းသွားသလိုလိုနှင့် အဘွားနားက မသိမသာလေး ထလစ်တတ်လာသည်။

သူ့နာမည် ဖော်ထွန်းသစ်ဆိုတာလည်း နီရာသိနေပါပြီ။ သူက သူ့ကိုယ်သူ ကိုကိုသစ်ဟုပြောတာကိုလည်း နီရာနားထောင်ကောင်းနေသည်။

ယောကျ်ားလေးဆိုရင် ကိုကိုဖော်တို့၊ ကိုကိုထွန်းတို့ပဲပြောမယ် ထင်တာလေ။

ကိုကိုသစ် ဆိုတာက နီရာ့နားထဲမှာ အသစ်အဆန်းဖြစ်နေခဲ့သည်။

ကိုကိုသစ် အပြုံးကလည်း နီရာ့ကို ဖမ်းစားလွန်းသည်။ ဒါပေမဲ့ ခုထိတော့ စကားကြာကြာ မပြောဖူးပါ။ ကိုကိုသစ်နဲ့ နီရာတို့ စာအဆက်အသွယ် ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားမသိအောင် ရေးယူလာတဲ့ စာကလေးကို ကိုကိုသစ်ကို နိုးကြောင်နိုးဝှက် ပေးရတာကိုလည်း ရင်ခုန်သည်။

ကိုကိုသစ်ပေးတဲ့ စာလေးတွေကို ဖတ်ရတာလည်း ရင်ခုန်သည်။ အဲဒီစာတွေကို ဘွားမသိအောင် အိမ်ကိုအပါ သယ်ရတာက ပိုရင်ခုန်ဖို့ကောင်းသည်။

အိမ်ရောက်ရင် အဲဒီစာတွေကို မွေးပွအရုပ်တစ်ရုပ်ထဲမှာ ဖေ့်ဖြုတ်ပြီး ထည့်ဖွက်ထားရတာပါ။

ညဘက် တစ်ရေးနိုးလို့ သတိရတဲ့အချိန်တွေဆို စာတွေထဖတ်ရတာ အမော။ ကိုကိုသစ်က စာရေးကောင်းသည်။

နီရာကိုလည်း အလွမ်းနီရာ၊ အချစ်နီရာ စသည်ဖြင့် အမျိုးစုံခေါ်တတ်သေးသည်။

နီရာ အချစ်ဆုံးက ကိုကိုသစ်ပါးပေါ်က ပါးချိုင့်တွေပဲ။

သတိရလို့ ကိုကိုသစ် စာလေးကို ထုတ်ဖတ်ဖို့ အခန်းတံခါးကို ဌလော့ခ်ချလိုက်သည်။





ပြီးတော့ အရုပ်ထဲက စာလေးကို ခပ်ရွရွလေးထုတ်ပြီး စာခေါက်လေးကို ခပ်ဖွဖွလေး ဖြန့်လိုက်သည်။

စာရွက်ကလေးက နုအိမွေးပျံ့နေပါသည်။ ကြည်ပြာရောင်ပန်းစာရွက်ကလေးမှာ အသည်းပုံအရိပ်ကလေးတွေလည်းပါသည်။

"အချစ်နီရာ ...

ဒီတစ်ပတ်လုံး အလွမ်းနီရာကို လွမ်းရလို့ နှလုံးခုန်သံတွေတောင် အလုပ်မလုပ်ချင်လောက်အောင် ခြေကုန်လက်ပန်းကျသွားတယ်။ ဥပုသ်နေ့ရောက်အောင် အားတင်းပြီး စောင့်နေရတယ် ကလေးရေ။ နီရာလေးရေ ... မင်းက ဥပုသ်နေ့မှာတော့ ကိုယ့်အတွက် အချစ်နီရာပါပဲ။ ဒါပေမဲ့ မင်းနဲ့မတွေ့ရတဲ့ ဥပုသ်မဲ့ရက်တွေမှာတော့ မင်းဟာ အလွမ်းနီရာ ဖြစ်သွားတယ်ကွ။ ကိုယ် နီရာ့ကို နေ့တိုင်းတွေ့ချင်တယ်။ အလွမ်းနီရာကို တမ်းတနေရတဲ့ နေ့ရက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ဖို့ ခွန်အားမဲ့နေလို့ သတ္တိရှိတယ်ဆိုရင် ကိုယ်နဲ့
အတူနေရအောင် ကိုယ့်ဘဝထဲ ပြေးဝင်ခဲ့ပါ အချစ်နီရာ
လေးရယ် ... နော်၊ နီရာလေးရဲ့အဖြေကိုစောင့်နေတဲ့ ...
ကိုကိုသစ်"

အတူနေရအောင်တဲ့။ ကိုကိုသစ်က အတူနေရအောင်တဲ့။ ဒါဆို ဖေဖေနဲ့ မေမေတို့ အတူတူနေကြတာမျိုးပေါ့နော်။

ဒါဆို နောက်ကျရင် နီရာ့လို သမီးလေးလည်းရှိလာဦးမှာပေါ့။

နီရာသည် ချက်ချင်းပဲ သူမဆီမှာရှိတဲ့ ဝက်ဝံရုပ်မိသားစုလေးကို ထယူရင်း ကိုကိုသစ်နဲ့ အတူတူနေချင်လာသည်။

နီရာ့မေမေဆို နီရာ့ကိုလည်း ဆုလို့ရသည်။ ဖေဖေ့ကိုလည်း ဆုလို့ရသည်။ ဖေဖေပြန်ပေးတဲ့ ပိုက်ဆံတွေဆိုလည်း မေမေပဲ အကုန်ရသည််။ ကိုကိုသစ်ကလည်း နီရာ့ကို ပိုက်ဆံတွေ ပေးမှာပေါ့နော်။





ပြီးတော့ မေမေ့မွေးနေ့ဆို ဖေဖေက လက်ဝတ်ရတနာတွေ လက်ဆောင်ပေးတတ်သည်။ မေမေကလည်း ဖေ အဝတ်အစား ထုတ်ပေးတတ်သည်။ အဟိ ... နီရာ စိတ်ဂ ယဉ်ကာ ပျော်နေမိသည်။

○ ✚ ○



www.burmeseclassic.com

www.burmeseclassic.com



မကြာပါ။

နီရာတစ်ယောက် ဇော်ထွန်းသစ်နောက် ကောက်ကောက်ပါသွားသည်။

ဇော်ထွန်းသစ်သည် နီရာ့ကို သူ့ဇာတိရွာကိုခေါ်သွားသည်။

သူ့ကြီးတော်ဖြစ်သူအိမ်က အိမ်ကြီးရခိုင်မို့ နီရာ့ကို ရုပ်ပြကောင်းအောင် ခေါ်သွားခြင်းပါ။ ဒါပေမဲ့ အဲဒီကြီးတော်က သူ့ကို သိပ်ကြည်တာမဟုတ်ပါ။ နီရာလို သူဌေးသမီးကိုယူလာရင်တော့ ကြည်ကောင်းပါရဲ့။ သူ့ကို မကြည်ရင်တောင် နီရာ့ကို အားနာပြီးလက်ခံမှာပါ။





"ကြီးတော်ရေ ... ကြီးတော်"

"ဟဲ့ ... ဘယ်သူလဲ အာပြဲကြီးနဲ့ အော်နေတာ"

"ဖိုးဇော်ပါဗျ"

"ဘာ"

ဘာသံကြီးက မနှစ်မြို့စွာ ထွက်ပေါ်လာပြီး ဇော်ထွန်းသစ်ရဲ့ကြီးတော်ကြီး တံခါးဝမှာ ထဘီမ,ပြီး ပေါ်လာသည်။

"ဟင်"

ဇော်ထွန်းသစ် တစ်ယောက်ကို ကျောက်ကျောရေ ပက်မျက်နှာဖြင့် ခပ်ဖြီးဖြီးတွေ့ရပြီး သူ့နောက်မှာတော့ ကြွေရုပ်ကလေးတမျှ လှပသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟဲ့ ... ဖိုးဇော်၊ နင် ဘာတွေရှုပ်လာပြန်ပြီလဲ"

"မိန်းမခိုးလာတာပါ ကြီးတော်ရဲ့"

"ဟင်း ... အလုပ်က လက်ကြောတင်းရှာတယ်ဆိုတော့ နင်က စားအိုးပွားလာတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှပြောပါ ကြီးတော်ရာ။ နီရာ ကြောက်နေဦးမယ်"

အဘွားကြီးက နီရာ့ကို သေချာကြည့်ကာ ...

"ဟဲ့ ... နင့်ဟာလေးက အပျံစားလေးပါလားဟဲ့။ ဟုတ်ရော ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ် ကြီးတော်ရာ"

နီရာကတော့ မျက်လွှာတောင် မပင့်ရဲ။ ဖော်ထွန်းသစ် လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ဒီတော့ အဘွားကြီးက နီရာ့ကို အားမနာစတမ်းကြည့်ကာ လက်ဝတ်လက်စားတွေကိုလည်း တွေ့သွားသည်။

"ဟဲ့ ... ကလေးမှာ လက်ဝတ်လက်စားတွေ ပါလာသေးတယ်။ ဖိုးဖော် ... နင် ပြဿနာတက်မယ်နော်"

"ဒီဟာလေးတွေက ပါးပါးလေးပါဗျာ။ ကျွန်တော့်ကောင်မလေးက သူဌေးသမီးဗျ။ ရန်ကုန်မှာ အရမ်းချမ်းသာကြတာ"





"အေး ... နင့်ကို ဒီကလေးမ ဘယ်လိုများကြိုက်လာလဲဟယ်"

"ဒါကတော့ အချစ်ပဲပေါ့ဗျာ"

"ဟင်း ... ဒီကလေးမတော့ ကြက်ဟင်းခါးသီးကို ချိုတယ်ထင်နေပြီလား မသိပါဘူး၊ ဒီကောင်ကိုများ"

"ကြီးတော်ကလည်းဗျာ၊ နီရာလေး ကြောက်နေဦးမယ်"

"အေးပေါ့ဟယ်၊ ဖြစ်လာပြီဆိုတော့လည်း ပြောနေတာ မထူးတော့ပါဘူး။ ဒါနဲ့ ကလေးမ အသက်ပြည့်ပြီနော်"

"ပြည့်ပါပြီ ကြီးတော်ရ။ ကျွန်တော် သူ့မှတ်ပုံတင်ကြည့်ပြီးပြီ"

"အေး ... ညည်းမိဘတွေခများတော့ ရင်ကျိုးရှာမယ်။ ကဲ ... လာ လာ"

နီရာ့ခမျာ ဖော်ထွန်းသစ်လက်ကို မဖြုတ်ရဲပါ။

"လာလေ ကလေးမ၊ ကြောက်နေတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နီရာက ဖော်ထွန်းသစ်လက်ကို ပိုပြီးတင်းကျပ်စွာ ကိုင်ထားသည်။

ကြီးတော်ကတော့ နီရာကို အင်မတန် သနားနေသည့် အကြည့်ဖြင့် ကြည့်နေပါသည်။

○✤○





နီရာ့အိမ်မှာ နီရာပျောက်သဖြင့် ပွက်လောရိုက်နေပါသည်။ နီရာသည် အဘွားနှင့် ဘုန်းကြီးကျောင်းလိုက်ရင်း ဘုန်းကြီးကျောင်းမှာ ပျောက်သွားခြင်းဖြစ်သည်။

ဘုန်းကြီးကျောင်းမှာ ရှာမတွေ့မှ ဘွားအေဖြစ်သူက အိမ်ကိုလှမ်းဆက်တော့ အိမ်မှာလည်းမရှိ။ နီရာ အခန်းထဲဝင်ရှာတော့ ခေါင်းအုံးပေါ်မှာ စာတစ်စောင် တင်ထားခဲ့သည်။

စာက ရှည်ရှည်ဝေးဝေး မရေးထား။

"ဘိုး ... ဘွား ... ဖေဖေနဲ့ မေမေ
သမီး ချစ်သူနောက်လိုက်သွားပါပြီ။
နီရာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးလေး ... ဘုရားရေ၊ ငါ့သမီးလေးက ဘယ်အချိန် ချစ်သူရှိသွားလို့ ဘယ်ကောင်နောက် လိုက်သွားပါလိမ့်"

ဘွားအေနဲ့မိခင်က ရင်ဘတ်စည်တီးသည်။ ဘိုးအေနဲ့ ဖခင်ဖြစ်သူကတော့ ဒေါသတွေ မုန်တိုင်းထန်ကာ ...

"တောက် ... ဒီလောက် သံကွန်ခြာ ဆယ့်လေးထပ်လောက် အုပ်ထားတာတောင် သင်းက ရအောင်ခုန်ထွက်သွားတယ်၊ အမိုက်မ။ သင်းကို အမွေပြတ် စွန့်ပစ်မယ်"

"နေကြပါဦး။ ကိုယ့်သမီး ဘယ်သူ့နောက်ပါလို့တောင် ပါမှန်းမသိဘူး။ စုံစမ်းဦးမှပေါ့။ အမွေက နောက်မှဖြတ်လည်း ရပါတယ်။ အကြောင်းရင်းကို ဂဃနဏသိအောင် စုံစမ်းဦးမှပေါ့"

"အေး ... ဒါလည်း ဟုတ်တယ်၊ ဘယ်မှာစုံစမ်းကြမလဲ"

"ဘုန်းကြီးကျောင်းမှာ ပျောက်သွားတာဆိုတော့ အဲဒီနားမှာ အရင်သွားစုံစမ်းကြတာပေါ့"





စုံစမ်းတော့ သိပါပြီ။ ဖော်ထွန်းသစ်နဲ့ နီရာအကြောင်းကို ဘုန်းကြီးကျောင်းသားလေးတွေက ဖောက်သည်ပြန်ချကြသည်။

ဖော်ထွန်းသစ် ဆိုတာ ၁၀၉/၁၁၀ မှန်းလည်း သိသွားကြသည်။

"မိုက်လိုက်တာ၊ အမယ်လေး ... ရင်ကွဲပါပြီတော်"

"ဘာမှရင်မကွဲနဲ့ မိန်းမ၊ သင်းကို အမွေဖြတ်ပြီး တစ်သက်လုံး စွန့်လွှတ်ပစ်မယ်"

"ဟုတ်ပါ့တော်၊ မိဘတွေက ဒီလောက် ရွှေပေါ်မြတင်ထားတာကို သင်းက ကလေကချေနောက် လိုက်သွားသတဲ့၊ ရှက်လိုက်တာတော်။ ကြားလို့ကောင်းကြသေးရဲ့လား"

နီရာကို ထုံအပြီး ဘာမှမသိတဲ့ ကောင်မလေးအဖြစ် မျက်စိရော နားပါ ပိတ်ထားကြပြီး ခုမှ အမွေဖြတ်တယ်ဆိုတော့လည်း ဒီပန်းပုဆရာတွေ တရားပါရဲ့လား ? ။



www.burmeseclassic.com

www.burmeseclassic.com



နိုရာသည် ယောကျ်ားသာယူတာ။ ဘာမှမလုပ်တတ်၊ မကိုင်တတ်။

ယုတ်စွအဆုံး ကိုယ်ထမင်းစားဖို့တောင် ကိုယ့်ဘာသာကိုယ် မစူးခပ်တတ်သည့်အဖြစ်။

ကြီးတော်အိမ်မှာ နိုရာရောက်သည့် ညနေမှာပင် ထမင်းပန်းကန်ကို ဘယ်လိုဆေးရမှန်းမသိ၍ ထမင်းစားပြီးတော့ ...

"ကိုကိုသစ် နိုရာ ပန်းကန်မဆေးတတ်ဘူး"

ကိုကိုသစ်ကို ကပ်ပြောရသည်။

"ဟင် ... ပန်းကန်မဆေးတတ်ဘူး"

"ဟုတ်ကဲ့"





"အေးပေါ့လေ၊ နိုရာလေးက သူဌေးသမီးဆိုတော့ ဒါတွေ ဘယ်လုပ်ဖူးမလဲ။ ကိုကိုသစ် ဆေးပေးမှာပေါ့"

အဘွားကြီးက နိုရာ့ကိုကြည့်ကာ ...

"ကလေးမ အိမ်မှာ ဘာမှမလုပ်ရဘူးထင်တယ်"

"ဟုတ်တယ် ကြီးတော်ရဲ့၊ နိုရာတို့က သိပ်ချမ်းသာတော့ ဘာမှမလုပ်ရဘူးထင်တယ်"

"ဟဲ့ ... ဒီလောက်ချမ်းသာနေရင် နင်လိုကောင်နဲ့ သဘောတူပါ့မလား ဖိုးဇော်ရဲ့။ တော်ကြာ အမွေဖြတ်လိုက်မှ ဟုတ်ပေဖြစ်နေမယ်"

"မဖြစ်ပါဘူး ကြီးတော်ရ။ နိုရာက တစ်ဦးတည်းသောမြေး၊ တစ်ဦးတည်းသောသမီး။ ဘယ်အမွေဖြတ်နိုင်မှာလဲ။ ဟဲဟဲ ကျွန်တော်က သူဌေးသမက်ဖြစ်မှာဗျ"

"ဖြစ်ရင်တော့ ကောင်းပါ့တော်၊ ဒါနဲ့ နင်တို့ရပ်ရွာလူကြီးတွေရှေ့မှာ လက်မှတ်သွားထိုးထားဦး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



နီရာကတော့ ဘာမှဝင်မပြောဘဲ ယုန်သူငယ်လေးလို မျက်လွှာချထားသည်။ အဘွားကြီးက သက်ပြင်းပဲချမိတော့သည်။ ကောင်မလေးကြည့်ရတာ လောကကြီးအကြောင်း ဘာမှသိပုံမရ။ ဖိုးဇော်တို့များ ဒီအချဉ်မလေးကို ဘယ်နားကရှာတွေ့လာပါလိမ့်။

ရွာအထိတောင် နိုးလာမှတော့ ဘာမှမတတ်နိုင်ပြီ။ သင်းတို့ကို လက်မှတ်ထိုးပေးရတော့မှာပေါ့။ ပြီးတော့ ကိုယ့်တူသား ကောင်းစားသွားရင်လည်း ကောင်းတာပဲ။ ဖိုးဇော်က သူ့အနေအထားနဲ့ ဒီကောင်မလေးကို ရလာတာ တော်တော်ကံကောင်းတာပင်။

ဒါပေမဲ့ မတော်လို့ ဟိုဘက်ကများ ပစ်ထားလိုက်ရင် သင်းတို့ ဘယ်လိုစခန်းသွားမလဲ။

ဖိုးဇော်က ၁၀၉/၁၁၀ ကောင်။ ကောင်မလေးကလည်း ဘာမှမသိနားမလည်ပုံလေး။ ခက်ပါတယ်။ ကြီးတော်ကလည်း သားအရက်သမားတစ်ယောက်နဲ့ သမီးမိသားစု ရှိသေး





သည်။ ဖိုးဇော် တစ်ယောက်တည်းဆို လက်ခံထားနိုင်ပေမယ့် နှစ်ယောက်ဆိုရင်တော့ အဆင်မပြေ။

အေးလေ ... သူတို့ကံတရားပေါ့။ ရွာလူကြီးအိမ်သွားကာ လက်မှတ်ထိုး၊ လက်ဖက်ရည်တိုက်တာတောင် ကောင်မလေးအိတ်ထဲက ထောင်တန်တစ်ထပ်ကို ဖိုးဇော်က ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်လို့။

ညဘက်ကျတော့ သူတို့နှစ်ယောက်ကို အောက်ထပ်က ကြီးတော်အခန်းပဲ အိပ်ရာပြင်ပေးရတာပေါ့။ သစ်သားကွပ်ပျစ်ပေါ်မှာ စေတနာပိုစွာဖြင့် နှစ်ယောက်အိပ် သင်ဖြူးအသစ်ကြီးခင်းပေးပြီး ခေါင်းအုံး၊ စောင်၊ ခြင်ထောင် အသစ်တွေနဲ့။

"ကိုကိုသစ် ... နီရာ ဒီမှာမအိပ်နိုင်ဘူး မာလိုက်တာ၊ ကျောနာတယ်"

"နီရာလေးရယ်၊ ဒီမှာက ဒါအကောင်းဆုံးပဲ။ ရန်ကုန်ပြန်ရောက်မှ ကောင်းကောင်းအိပ်တော့နော် အချစ်နီရာလေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"နီရာ မအိပ်နိုင်ဘူး"

အပြင်ဘက်က ကြားနေရသော ကြီးတော်ကြီးက သက်ပြင်းချသည်။

○✤○





"အမေ့"

အမယ်လေး ... နီရာ လန့်သွားသည်။ ဘေးက ဖော်ထွန်းသစ်ကတော့ တခေါခေါအိပ်လို့။ နီရာမှာသာ မအိပ်နိုင်ဘဲ အိမ်က ဒန်းလော့မွှေ့ရာအိအိကြီးကို သတိရကာ ...။ အချိန်က တော်တော်ညဥ့်နက်နေပြီ။ အာလေး လျှာလေးကြီးနဲ့ အမေ့ ဆိုတဲ့အသံကြီးက နီရာ့ကို တုန်တက်သွားစေသည်။

"အမေရေ"

"ဟဲ့ ... သေအောင်အော်မနေနဲ့ လာပြီ"

အဘွားကြီးအသံ ကြားရသည်။

"အမေကလည်း ခေါ်လိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကများ ပြောရသေးတယ်။ ဘယ်အချိန်ရှိနေပြီလဲ။ မှုးရူးပြီး အချိန်မသိ အိမ်မသိ"

"အမေကလည်း၊ ကျုပ် အိမ်ပြန်လာတာကို ကျေးဇူးတင် ဦးနော်"

"ဟွန်း"

"အမေ့အိမ်မှာ မင်္ဂလာတွေ တိုးနေတယ်ဆို ... အော့၊ ဘယ်မလဲ ဖိုးဇော်"

"ဟဲ့ ... သူများအိပ်နေတာ သွားမလုပ်နဲ့"

"ကျုပ်က သူ့ကိုယူရဲတဲ့မိန်းမကို အံ့သြလွန်းလို့ပါ။ အဲဒီ ကောင်မကို မြင်ဖူးချင်လို့။ ဖိုးဇော် ... ဟော့ကောင်၊ ဘယ် မှာအိပ်နေတာလဲ။ ထစမ်း ... အော့"

ဇော်ထွန်းသစ်လည်း အမူးသမားအသံကြောင့် နိုး လာသည်။

နီရာက ဇော်ထွန်းသစ်လက်ကို အားကိုးတကြီး။

"နီရာ ကြောက်တယ်"





"ရှူး ... အသံမထွက်နဲ့၊ ကိုကြီးဘတင်က မူးနေတဲ့အချိန် ဆို သွေးအရမ်းဆိုးတာ၊ ကြီးတော့် ထိန်းလိမ့်မယ်၊ အိပ် အိပ်"

နီရာ မျက်ရည်ဝဲလာသည်။ အပြင်က အမူးသမား ကိုလည်း ကြောက်သည်။

နီရာတို့ ဖေဖေလည်း အရက်သောက်ပါသည်။

ဒါပေမဲ့ ဖေဖေက ပြုံးပြုံးလေးနဲ့ မူးပုံတောင်မရ။ အခု အမူးသမားက ကြောက်စရာကြီး။

"ဘတင် ငါပြောနေတာ ကြားလား၊ လာစမ်း အိပ်တော့"

"အမေ့တူမအသစ်ကို ကြည့်မလို့"

"မနက်မှကြည့်၊ ခု အိပ်တော့"

"အိပ်ဖူး"

"အေး ... မအိပ်ရင် နင့်ကို မနက်ဖြန် ငါ ပိုက်ဆံမပေး ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်း"

"လျှာမရှည်နဲ့ အိပ်"

"အိပ်ပြီ ... အိပ်ပြီ"

○✤○





သတင်းစာဆိုတာက ဇော်ထွန်းသစ်တို့ရွာကို အချိန်မီ မရောက်ပါ။

ထို့ကြောင့် အမွေပြတ်ကြော်ငြာကို မတွေ့ပါ။ ဇော်ထွန်းသစ်က အမွေပြတ်မယ်လို့ လုံးဝထင်မထားပါ။ သူသိတာက နိုရာကို သူ့မအိမ်က ပိုးဥလေးလို ဥထားသည်ဆိုတာပဲ။

တကယ်လည်း ပိုးဥလေးပါ။ ဒါပေမဲ့ အချစ်ကြီးတော့ အမျက်ကြီးသွားကြပါပြီ။ နောက်နေ့ပဲ သတင်းစာထဲ အမွေပြတ်ကြော်ငြာ ပါလာသည်။

ဇော်ထွန်းသစ်ကတော့ နိုရာပါလာသည့် ပိုက်ဆံနဲ့ ရွာမှာ သူဌေးသုံး,သုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဘတင်ကို အရက်တိုက်ရင်း သူပါသောက်လိုက်သေးသည်။

သူ့တခြားအပေါင်းအသင်းတွေကိုလည်း ပြုစုရတာ အမော။

နီရာက သူ မရှိရင် အခန်းထဲက မထွက်ရဲ။ ဒီကြားထဲ ကြီးတော်သမီးကတစ်မျိုး။

"နီရာ ဆွဲကြိုးလေးကိုကြိုက်လိုက်တာ၊ မိနိုင်ကို ငှားဝတ်ပါနော်"

နီရာသည် စိတ်ထဲက မငှားချင်သော်လည်း မမိနိုင်က ဆွဲဖြုတ်သွားသည်။

နီရာသည် ဘွား မွေးနေ့လက်ဆောင် ပေးထားသော ဆွဲကြိုးလေး မမိနိုင်ရဲ့လည်ပင်းမည်းမည်းကြီးပေါ် တွေ့ရတိုင်း စိတ်မချမ်းသာပါ။ ကျိတ်ငိုရတာ မောလှပြီ။ နောက်တော့ အဘွားကြီး သိသွားပြီး ပြန်တောင်းပေးလို့ တော်သေးသည်။





နောက်တစ်ခု ရှိသေးသည်။ တောကအစားအစာတွေကိုလည်း နီရာ စားကျင့်မရှိ၍ လျှာနဲ့မရင်းနှီးပါ။ စားလို့မဝင်ပါ။ အိပ်လို့လည်းမပျော်နှင့် တဖြည်းဖြည်း စိတ်ညစ်ကာ အိမ်ပြန်ချင်လာသည်။

အဝတ်လျှော်ရတာလည်း ဒုက္ခတစ်ခုပါ။ နီရာပါလာတဲ့ ခါးဝတ်ခါးစားလေးကို ပြန်လျှော်လိုက် ဝတ်လိုက်နဲ့။ အဝတ်အစား အပိုမပါတဲ့ နီရာကို မမိနိုင် အဝတ်အစားတွေပေးဝတ်ပါရဲ့၊ နီရာကမဝတ်ချင်။

ပြီးတော့ အဝတ်မလျှော်တတ်၍ မမိနိုင် သမီးအကြီးလေးက လျှော်ပေး၍ တော်သေးသည်။

ကိုကိုသစ်ကို ရန်ကုန်ပြန်ဖို့ပြောတော့ ...

"နေဦး၊ ပြန်ရင် အချစ်နီရာအိမ်က စိတ်ဆိုးပြေပါ့ဦးမလား"

"ပြေမှာပါ"

"ဒါဆို သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထွန်းသစ် ဆိုတာ ဘယ်တုန်းကများ လေးလေးနက်နက် တွေးဖူးလို့လဲ။ ရန်ကုန်ပြန်ကာနီးတောင် တစ်ရွာလုံးကို လိုက်နှုတ်ဆက်နေသေးသည်။ သူ့ဌေးအိမ်ကို သွားနေရတော့မှာ ဆိုပဲ။

အဘွားကြီးကတော့ လူကြီးပီပီ ...

"သမီး တစ်ခုခုဆို ကြီးတော်တို့ဆီသာ ပြန်လာခဲ့နော်"

နီရာခများ ဟုတ်ကဲ့တောင် မပြောနိုင်ရှာပါ။ နီရာ ဒီရွာမှာ မနေနိုင်ဘူးလေ။

ဇော်ထွန်းသစ်ကတော့ အပိုင်ပင်။

"ကြီးတော် ရန်ကုန်ကို ဘုရားဖူးလာဦး။ ကျွန်တော့်ယောက္ခမ အိမ်က နန်းတော်ကြီးလိုပဲဗျ။ ကြီးတော်တို့ အိမ်မှာတည်းပြီး ဘုရားအဝဖူး"

"နင်ဟာလေ၊ နင့်ကိုလက်ခံအောင်ပဲ အရင်ကြိုးစားဦး ဖိုးဇော်၊ လက်ခံခဲ့ရင်လည်း နင့်အချိုးကိုပြင်ဦး"





ဒီလိုနဲ့ ရန်ကုန်ကို နှစ်ယောက်သား ပျော်ရွှင်စွာ ပြန်ခဲ့ကြပါသည်။ အပြန်ခရီးဟာ အသွားထက်ပိုပြီး ခြေလှမ်းသွက်နေပါသည်။

○✤○



www.burmeseclassic.com

www.burmeseclassic.com



နီရာတို့စီးလာသော တက္ကစီက ခြံဝမှာရပ်သွား၏။ နီရာသည် အပြေးတစ်ပိုင်း ကြိုဆိုနေမယ့် အမေနဲ့အဘွားကိုမြင်ယောင်ကာ ခြံတံခါးက လူခေါ်ခေါင်းလောင်းလေးကို အားရပါးရ နှိပ်လိုက်သည်။

တံခါးက ချက်ချင်းပွင့်သွားသည်။ နီရာ ပျော်ရွှင်စွာနဲ့ခြံထဲပြေးအဝင် ဖေဖေ့ကားကြီးက အရှိန်ဖြင့်ထွက်လာ၍ မနည်းရှောင်လိုက်ရ၏။

ဖေဖေနဲ့ မေမေတို့က နီရာ့ကို လုံးဝလှည့်မကြည့်ဘဲကားကို ဆက်မောင်းသွားသည်။





နီရာကို စိတ်ဆိုးနေကြတာကိုး။ ပြဿနာမရှိ။ ဘိုးနဲ့ဘွားကို ကပ်ချွဲလိုက်မည်။

"ယူစွတ် ... ခြံထဲကို ဘယ်ကခွေးလေခွေးလွင့်တွေ ဝင်လာတာလဲ။ မောင်းထုတ်လိုက်စမ်း"

"ဟင် ... ဘိုး"

ဘိုးဘိုးက တုတ်ကောက်ကြီးဖြင့်ညွှန်ကာ ခြံစောင့်မာလီကုလားကို နီရာတို့ကို နှင်ထုတ်ခိုင်းနေသည်။

"ဘိုး"

"ငါ့ နင့်အဘိုး မဟုတ်တော့တာ နင် ခွေးနောက်လိုက်သွားတည်းကပဲ။ နင့်ကို သတင်းစာမှာ အမွေပြတ် ရာသက်ပန် စွန့်လွှတ်ကြောင်း ထည့်ထားပြီးသား၊ ခွေးထက်မိုက်တဲ့ဟာ၊ ယူစွတ် မောင်းထုတ်စမ်း"

အသစ်ခန့်ထားသောကုလားက မျက်နှာထားတင်းတင်းဖြင့် အတင်းတွန်းထုတ်၏။ ဇော်ထွန်းသစ်လည်း အခြေအနေမဟန်မှန်းသိ၍ မလှုပ်ရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုး"

ဘိုးက အိမ်ထဲဝင်သွားပြီ။ နိုရာတို့လည်း မြဲအပြင် ရောက်သွားပြီ။

"နိုရာလေး ဘယ်လိုလုပ်ကြမလဲ"

"မသိဘူး ကိုကိုသစ်"

"လာ ... ဒီနေ့တော့ စိတ်ဆိုးနေလို့ပါ၊ နောက်နေ့မှလာကြမယ်။ ဒီနေ့ ဟိုတယ်တစ်ခုခုမှာ သွားတည်းကြတာပေါ့။ သူတို့ နိုရာ့ကို ပစ်မထားရက်ပါဘူးကွာ"

ဇော်ထွန်းသစ်မှာ သူစိတ်ကူးယဉ်ဖူးသော ဟိုတယ်ကြီးတစ်ခုမှာ သွားတည်းပစ်လိုက်၏။ ပိုက်ဆံပြတ်သွားတော့ နိုရာ့လက်စွပ်တစ်ကွင်း သွားရောင်းလိုက်သည်။ စိန်လက်စွပ်ဆိုတော့ တော်တော်ရလိုက်သည်။ ဇော်ထွန်းသစ် အတွက်တော့ စိတ်ကြိုက်ပဲ။

နိုရာကတော့ ဟိုတယ်က သတင်းစာကိုတောင်းပြီး ကြော်ငြာကို ရှာလိုက်သည်။





တကယ်စွန့်ပစ်ထားကြတာပါလား။

ရင်ထဲကြေကွဲကာ ဆို့နင့်နင့်ကြီး ဖြစ်သွား၏။ ဒါပေမဲ့လည်း ကိုကိုသစ်ရဲ့ အယုအယတွေက နိုရာ့ရဲ့ဝမ်းနည်းမှုတွေကို နုတ်ယူသွား၏။

"စိတ်မပူပါနဲ့ နိုရာရဲ့၊ မနက်ဖြန် တစ်ခေါက်သွားကြည့်မယ်၊ မရရင် သန်ဘက်ခါပေါ့။ သုံးရက်ထက် မပိုပါဘူးကွာ"

တကယ်တမ်းကြတော့ ဇော်ထွန်းသစ် တွက်ကိန်းမှားခဲ့ပါသည်။ နိုရာ တစ်ပတ်ဆက်တိုက် သွားခဲ့သော်လည်း နိုရာအိမ်က မတုန်မလှုပ်ခဲ့။

ဟိုတယ်စရိတ်တွေက တက်ပြီးရင်းတက်။ စိတ်ကြိုက်စားသောက်သုံးဖြုန်း ဝယ်ခြမ်းပစ်လို့ လက်စွပ်ရောင်းရငွေလည်း ကုန်ကာနီးပြီ။

နောက်ဆုံးသွားတဲ့နေ့က နိုရာ့ဘိုးဘွားမိဘတွေက ခြံဝထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို ငါတို့ အပြီးစွန့်ပစ်လိုက်ပြီ မိနီရာ။ ညည်းထိုက်နဲ့ညည်း ကံကောင်းရင်လည်း စံပေါ့အေ။ ညည်း ခုလို ငါတို့ဆီ ဒုနဲ့တိုင်းလာနေတာ ငါတို့ သိက္ခာကျတယ်။ နောက်မလာနဲ့တော့။ နီရာ ဆိုတာ ငါတို့အိမ်ထောင်စုစာရင်းမှာ သေလူဖြစ်သွားပြီ"

○✤○





နီရာ့အိမ်က နီရာကို လက်မခံတော့တဲ့အချိန်မှာ နီရာ့မှာ ဆွဲကြိုးလေးတစ်ကုံး၊ စိန်လှေ့ကတ်လေးတစ်ခု၊ စိန်စီနားကွင်းတစ်ရန်၊ hand chain ပျော့လေးတစ်ခုပဲ ရှိပါသည်။ ပိုက်ဆံတစ်ပြားမှ မရှိတော့။

"ဟိုတယ်မှာ ဆက်နေလို့တော့ မဖြစ်တော့ဘူး နီရာရေ"

နီရာကတော့ မျက်တောင်လေး ပုတ်ခတ်၊ ပုတ်ခတ်။

"ဒီတော့ နီရာ့မှာရှိတဲ့ လက်ဝတ်လက်စားတွေကို ထုခွဲရောင်းချပြီး တိုက်ခန်းငှားနေကြစို့"

တိုက်ခန်းငှားပြီး လိုအပ်တာတွေ ဝယ်ရပြန်သည်။ နီရာက ဘာမှမလုပ်တတ်တာကို ဖော်ထွန်းသစ်က သိပ်မကြည်



www.burmeseclassic.com

www.burmeseclassic.com



ချင်။ သို့သော်လည်း နီရာ့မိဘတွေ ပြန်ခေါ်ရင်ဟု တွေးကာ သည်းခံနေရသည်။ နဂိုတည်းက ချစ်လွန်းလို့မှ မဟုတ်တာ။ မက်လို့ယူခဲ့တာ။

“ကဲ ... နီရာလေးရေ။ ကိုယ်တို့ ကလေးယူလိုက်ရင် ကောင်းမယ်ထင်တယ်၊ ကိုယ်ဝန်ရှိလာရင်တော့ နီရာတို့ အိမ်က ပြန်လက်ခံမှာပါ”

“ဟုတ်လား ကိုကိုသစ်”

ဒီလိုနဲ့ ဘာအတားအဆီးမှ မလုပ်ဘဲ ကလေးယူဖို့ ဆုံးဖြတ်လိုက်ကြသည်။

နီရာပစ္စည်းတွေကို အကုန်ရောင်းလိုက်သဖြင့် နီရာမှာ နားပေါက်ဟောင်းလောင်း။ ဒါပေမဲ့ ငအမလေး နီရာက ဝတ်ချင်ရကောင်းမှန်းတောင်မသိ။

ဇော်ထွန်းသစ်က ဘာမှမလုပ်ဘဲ ရှိတာနှင့်ထိုင်စားနေသည်။ သူ့ခေါင်းထဲမှာ တစ်ချိန်လုံးတွေးနေတာက နီရာတို့ အိမ်က သူတို့ကို ပြန်လက်ခံရေး။





ဒီလိုနဲ့ နီရာ ကိုယ်ဝန်ရလာသည်။ နီရာသည် ကိုယ်ဝန်ရလာကြောင်း မေမေ့မိုဘိုင်းလ်ဖုန်းကို လှမ်းဆက်လိုက်သည်။

“ဟုတ်လား ... ခွေးသွေးကို မွေးလိုက်ဦးပေါ့ နီရာ၊ ငါတို့ကိုတော့ ဆက်သွယ်ဖို့ မစဉ်းစားနဲ့၊ ငါတို့က မသန့်တဲ့ သွေးဆို ရွံတတ်တယ်”

လုံးဝမျှော်လင့်ချက်မရှိတော့မှန်း သိတော့ ဇော်ထွန်းသစ်က အချိုးတွေပြောင်းလာသည်။ နီရာ့ဆီမှာ ရှိသမျှပစ္စည်းလည်း ကုန်ပြီလေ။ နီရာကတော့ ကိုယ်ဝန်ကြီးနဲ့ ဒုက္ခရောက်ပြီ။ ဘာမှမလုပ်တတ်တဲ့ နီရာ့ကို ငြိုငြင်စပြုကာ အပြစ်ရှာချင်လာပြီ။ နီရာ့ကို ကိုယ်ဝန်အတွက် ဆေးခန်းပြဖို့တောင် ပိုက်ဆံမပေး။ ပိုက်ဆံကလည်း ကုန်ကာနီးလာပြီ။ အခန်းငှားထားတာကလည်း ခြောက်လစာပဲ ပေးထားတာ။ အခြေအနေမကောင်းတော့။

နီရာ စိတ်ညစ်လာပြီ။ ဇော်ဘွန်းသစ်က နေ့တိုင်း အပြင်ကို မိုးလင်းမိုးချုပ်ထွက်ကာ သူ့ဝမ်းသူ အပြင်မှာစားတတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နီရာကတော့ မချက်တတ်၊ မပြုတ်တတ်နဲ့ အိမ်မှာဒုက္ခတွေ ရောက်နေသည်။ ကိုယ်ဝန်ရှိစ လနုနုလေးမို့ ချိုချိုချဉ်ချဉ်လေးတွေ တမ်းတသော်လည်း မစားရ။ မစားနိုင်။ ထမင်းတောင်နပ်မမှန်ပါ။

ဇော်ထွန်းသစ်ကလည်း နီရာ့ကို ကောင်းကောင်း မကြည့်လင်တော့။

ဘာမှမလုပ်တတ်တဲ့ နီရာ့ကို အပြစ်တွေပဲ တင်နေသည်။

"မင်းမိဘတွေကို ရအောင်မပြောနိုင်ဘူးလား။ အသုံးကို မကျဘူး။ ဘာမှမလုပ်တတ်၊ မကိုင်တတ်တဲ့ မင်းကို ငါက ဘာလုပ်ရမှာတုန်း။ အရန်သင့် ရှာကျွေးရမှာလား ... ထွီ။ သူဌေးသမက်ဖြစ်မလား ကြံမိပါတယ် ဖွတ်တစ်ကောင် မွေးမိလျက်သား ဖြစ်နေပြီ"

နီရာသည် မျက်ရည်တွေကျနေရင်း ဘာမှပြန်မပြောတတ်စွာ ငေးနေသည်။





ထိုနေ့ညနေက ပြောပြောဆိုဆိုဖြင့် အိမ်ကထွက်သွားလိုက်တာ ပြန်မလာတော့။

ဘယ်လာတော့မလဲ။ ပိုက်ဆံမှမရှိတော့တာ။ သူ့တစ်ကိုယ်ရေ တစ်ကာယ ရှာစားဖို့ ထွက်သွားပြီ။ တိုက်ခန်းငှားထားတာက ပြည့်တော့မည်လေ။

သူထွက်သွားတဲ့အချိန်မှာ နီရာ့မှာ ပိုက်ဆံတစ်ကျပ်တောင် မကျန်ခဲ့။ နီရာ ဒုက္ခရောက်ပါပြီ။ ဟင်းချက်စရာမရှိသည့်အဆုံး ကျန်တဲ့ဆန်လေးကို ဆန်ပြုတ်ကျဲကျဲလေး ပြုတ်သောက်ရသည်။

နဂိုတည်းက ဘာမှမလုပ်တတ်တဲ့၊ လောကကြီးအကြောင်း ဘာမှမသိတဲ့ နီရာ၊ ဇော်ထွန်းသစ် ပြန်လာနိုးနှင့်မျှော်ရုံမှတစ်ပါး ဘာမှမလုပ်တတ်ပါ။

နောက်ဆုံး ဆန်တောင်မရှိတော့။ ဘာမှလဲ စားစရာမရှိတော့။ နီရာ ငိုပဲငိုနေမိသည်။ ထိုအချိန်မှာ တံခါးခေါက်သံ ထွက်ပေါ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နီရာ့ရင်ထဲ လှိုက်ခနဲ ပျော်သည်။ မတ်တတ်ထရပ်လိုက်တော့ မိုက်ခနဲမူးသွားသဖြင့် မနည်းအားယူရပ်တည်ရသည်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ သူပြန်လာပြီ။ အခန်းတံခါးကို ဆွဲဖွင့်အပြီးမှာ သူပဲဆိုသည့် အသိတစ်ခုတည်းကို ဆုပ်ကိုင်ပြီး နီရာ ခွေလဲကျသွား၏။

○✤○





"ဟယ် ... ကလေးမ ... ကလေးမလေး။ ဟဲ့ ... ကလေးမ ကိုယ်ဝန်ကြီးနဲ့ပါလား၊ ဒုက္ခပဲ"

အခန်းပိုင်ရှင် အဒေါ်ကြီးက ခြောက်လပြည့်ကာနီး၍ လာသတိပေးတာပါ။

ဆက်ငှားမှာလား။ မငှားတော့ဘူးလားလည်း သိချင်တာလေ။

ဆက်ငှားရင်ကိစ္စမရှိ။ မငှားတော့ရင် အိမ်ငှားဆက်ရှာရမှာကိုး။

အိမ်ငှားစာချုပ်ကို ဖြန့်ကြည့်လိုက်တော့ မောင်ဇော်ထွန်းသစ်နှင့် မနီရာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နီရာ၊ ကလေးမ။ ဘယ်သူမှ မရှိဘူးလားမသိပါဘူး၊ မောင်ဇော်ထွန်းသစ်ရေ။ မောင်ဇော်ထွန်းသစ်။ သူ့ယောကျ်ားလည်း မရှိဘူးထင်တယ်။ ဒုက္ခ ... ဒုက္ခ"

ဒေါ်မြမြက သူ့သမီးဆရာဝန်မကို ဖုန်းဆက်ကာ လှမ်းခေါ်လိုက်သည်။ ဖုန်းကလည်း အဆင်သင့်ပါလာသဖြင့် တော်သေးသည်။

"သမီး on duty မေမေ။ သမီးသူငယ်ချင်းကို လွှတ်ပေးမယ်"

"အေး ... လုပ်ပါဦးဟယ်"

သမီးသူငယ်ချင်း ဆရာဝန်မလေး ရောက်လာတော့ နီရာ့ကို အခန်းထဲပြန်ဆွဲသွင်းပြီး အိပ်ရာပေါ်တင်ပေးရသည်။

အခန်းထဲမှာလည်း ပွစိရှုပ်နေသည်။ ဘာမှမသိမ်းဆည်းထား။ ဒေါ်မြမြက နှာခေါင်းရှုံ့ကာ ...

"အမယ်လေး ... မျက်စိကို နောက်နေတာပဲ၊ ဒီလောက် ပွရှုပ်နေတာ။ သူတို့မို့ နေတတ်တယ်တော်"





"လူနာက သွေးပေါင်အရမ်းကျနေတယ် အန်တီ၊ သမီးအားမရဘူး။ ဆေးရုံတင်မှ ကောင်းမယ်"

"သူ့ယောကျ်ားက မရှိဘူး သမီးရဲ့။ အန်တီတို့သဘောနဲ့ တင်လို့ဖြစ်ပါ့မလား"

"ဒါက လူ့အသက်ကယ်တာပဲ အန်တီ၊ သူ့ယောကျ်ားကို စောင့်လို့မရတော့ဘူး။ စလောလောဆယ် သူ သတိရလာရင် သူ့ကို တစ်ခုခုကျွေးပြီး ဆေးရုံခေါ်သွားကြစို့ အန်တီ"

"အေး ... ဘာရှိလဲ မသိဘူး၊ သွားကြည့်လိုက်ဦးမယ်"

မီးဖိုထဲမှာ အိုးမှောက်ခွက်မှောက်။ ဒေါ်မြမြ သေချာရှာတာတောင် စားစရာနဲ့တူတာဆိုလို့ ဘာမှမရှိ။ သောက်ရေတစ်ပုံးကလွဲပြီး တခြားသောက်စရာမရှိ။ ဆန်တစ်စေ့မရှိ။

"ဟဲ့ ... ဘာမှ စားစရာမရှိပါလား။ ခြော် ... ငါ့နယ်နော်"

နီရာ့ကို ပြန်လာကြည့်လိုက်တော့လည်း နားပေါက်တောင်ယောင်းလောင်း။ ဒေါ်မြမြနဲ့ ဆရာဝန်မလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ နီရာ သတိရလာခဲ့သည်။

"အား … ကျွတ် … ကျွတ်။ ကိုကို … ကိုကိုသစ်"

"နီရာ ကလေးမ သတိထားနော်၊ သတိရပြီလား"

နီရာ့မျက်လုံးတွေ ပွင့်လာကာ …

"နီရာ ဘယ်ရောက်နေတာလဲ"

"သမီးအခန်းမှာပါပဲ"

"ကိုကိုသစ် ပြန်လာတာ မဟုတ်ဘူးပေါ့"

"သမီးယောကျ်ား ဘယ်သွားလို့လဲ"

"မသိဘူး"

နီရာ မျက်ရည်တွေ စီးကျလာသည်။

"သူ ဘယ်အချိန်က သွားတာလဲ သမီး"

"ပြီးခဲ့တဲ့ တစ်ပတ်တည်းက ထွက်သွားတာ။ အခုထိပြန်မလာသေးဘူး"

"ညီမကိုယ်ဝန်ကို ဘယ်ဆေးခန်းမှာ ပြလဲဟင်"

"လမ်းထိပ်ဆေးခန်းမှာ ကိုယ်ဝန်ရှိစက တစ်ခါပြဖူးတယ်"





"ကာကွယ်ဆေး တစ်ခါမှ မထိုးရသေးဘူးပေါ့"

အရောင်မှဲ့နေတဲ့ မွဲခြောက်ခြောက် အကြည့်တွေနဲ့ နီရာ ခေါင်းခါပြသည်။

"ကောင်းပြီ၊ ဒါဆို ညီမကို မမတို့ ဆေးရုံခေါ်သွားမယ်၊ ဆေးရုံမှာ သေချာပြန်ပြီး ကုသလိုက်ရင် အကုန်ကောင်းသွားမယ်နော်"

"မသွားချင်ဘူး မမ၊ နီရာ့မှာ ပိုက်ဆံမရှိလို့ပါ။ ပြီးတော့ သူ ပြန်လာရင် နီရာ့ကိုမတွေ့ဘဲ နေဦးမယ်"

"ပိုက်ဆံကိစ္စ မပူနဲ့နော်။ မမတာဝန်ယူကုသိုလ်ပြုပေးမှာပေါ့။ ညီမယောကျ်ား ပြန်လာရင် ပြောပေးဖို့ ဘေးအခန်းကို မှာခဲ့ပေးမယ်နော်"

နီရာ အကြောင်သားလေး ပြန်ကြည့်နေသည်။ နီရာဆိုတာ ဘာမှနားလည်တာမှ မဟုတ်တာ။

ဆေးရုံကားလှမ်းခေါ်ပြီး နီရာ့ကို ဗဟိုအမျိုးသမီးဆေးရုံသို့ ခေါ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တာနဲ့ လိုအပ်တဲ့စစ်ဆေးမှုတွေ အမြန်လုပ်ပြီး ချက်ချင်းကုသမှုတွေ လုပ်ရသည်။

ကလေးနှလုံးခုန်သံကလည်း မှုမမှန်တော့။ လူကြီးကြည့်တော့လည်း ယဲ့ယဲ့။

နီရာ့ကို ကြိုးစား၍ ကုသနေကြပါသည်။ ဒါပေမဲ့ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတဲ့ နီရာ့ကို ဆွဲယူဖို့ ခက်နေကြသည်။

○✚○





ဒေါ်မြကြ မနေနိုင်ဘဲ ဖွပ်ပြုတ်၊ အိုဗာတင်း စသဖြင့် လာပို့ပေးရှာသည်။

ဆေးရုံကကျွေးတဲ့ ထမင်းကိုစားပြီး ဆေးဖိုးဝါးခကိုတော့ ဆေးရုံက စရိတ်မျှပေးတာပေး။ ကျန်တာကို ဆရာဝန်တွေက ဝိုင်းစိုက်ပေးကြသေးသည်။

ဒေါ်မြကြ ...

"သမီးရယ် ... အဒေါ်က အခန်းလချုပ်ပြည့်ကာနီးလို့ ဆက်ယူမယူ လာမေးတာ"

"နီရာ့မှာ ပိုက်ဆံမရှိဘူး ဒေါ်ဒေါ်၊ နီရာ သွားစရာလည်း မရှိပါဘူး။ နီရာ့ကို နှင်မထုတ်ပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးယောက်ျားက ဘာလုပ်တာလဲ"

"နီရာ မသိပါဘူး"

"မမေးကြည့်ဘူးလားကွယ်"

"ဟင့်အင်း"

"အ,ရန်ကော။ ညည်းကို ဒါကြောင့် ထားခဲ့တာနေမှာ ဟယ်"

"နီရာက အိမ်မှုကိစ္စတွေလည်း ဘာမှမလုပ်တတ်တော့ သူက မကြိုက်ဘူး"

"ဖြစ်ရမယ်၊ ပိုက်ဆံမရှိတော့ စားစရာရော ရှိရဲ့လား"

နီရာ မျက်ရည်အဝဲသားနှင့် ခေါင်းခါပြ၏။

"ဩော် ... ဒီကလေးမနယ်၊ ညည်းမိဘတွေကရော"

"သူနဲ့ယူလို့ ပစ်ထားကြတာ၊ နီရာ အိမ်ကိုသိပ်ပြန်ချင်တာပဲ ဒေါ်ဒေါ်ရယ်"

"ညည်း ဒီလိုဖြစ်နေရင်တော့ နေနိုင်မှာ မဟုတ်ပါဘူး။ အဒေါ် ဖုန်းဆက်ပေးမယ်"





"မေမေတို့က အရမ်းစိတ်ဆိုးနေတာ။ လက်ခံမှာမဟုတ်တော့ပါဘူး။ ကိုကိုသစ်ကလည်း မေမေတို့ လက်မခံလို့ စိတ်ဆိုးပြီး ထားသွားတာနေမှာ"

"ညည်းမိဘတွေက ချမ်းသာမယ်ထင်တယ်"

"ဟုတ်ကဲ့"

"ညည်းလင် ဒါကြောင့်ကပ်တာကိုး။ ဘာပဲဖြစ်ဖြစ် သမီးအမေဆီ အဒေါ်ဖုန်းဆက်ပေးမယ်အေ၊ နံပါတ်ပြော"

နီရာ မေမေ့လက်ကိုင်ဖုန်းနံပါတ်ကို ရွတ်ပြလိုက်သည်။ မေမေလာပါစေ၊ နီရာကို လာကြည့်ပါစေ။ ပြီးတော့ အိမ်ကို ပြန်ခေါ်ပါစေ။ နီရာ ဆုတောင်းရင်း မျက်လုံးတွေ လေးလာသဖြင့် အိပ်ပစ်လိုက်သည်။

အိပ်မက်ထဲမှာ ကိုကိုသစ်က ကာတွန်းကားထဲက မင်းသားလေးလို အနမ်းနဲ့လာနှိုးနေသေးသည်။ ဒါပေမဲ့ ကိုကိုသစ်ရောက်လာတာကို နီရာ မပျော်ဘူး။ ပြီးတော့ ကိုကိုသစ်နမ်းတဲ့ အနမ်းတွေကလည်း ပူလောင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြဖုန်းဆက်လိုက်တော့ နီရာ့အမေနဲ့ အဘွား ရောက်လာပါပြီ။

"ဖြစ်ရလေ ငါ့မြေးလေးရယ်"

နီရာ့မိခင်က အသံတောင်မထွက်နိုင်။ နီရာ့ကိုပွေ့ကာ မျက်ရည်တွေ ကျနေ၏။

အရိုးပေါ်အရေတင် နီရာကတော့ ဆေးအရှိန်နဲ့ နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ ဒေါ်မြက အကျိုးအကြောင်း အားလုံးကို ရှင်းပြရသည်။

"ကျေးဇူးတင်ပါတယ် တူမရယ်၊ ဘွားတို့က ကလေကချေကိုယူလို့ စိတ်ဆိုးပြီး ပစ်ထားတာ။ သင်းယောကျ်ားကို အိမ်ပေါ်ခေါ်မတင်နိုင်လို့လေ။ ခုတော့ ကြည့်ပါဦးကွယ်"

နီရာ ပြန်နိုးလာခဲ့သည်။

"မေမေ"

"မြေးလေး ဘွားလည်းပါတယ်"

"ဘွား"



နီရာသည် လက်အုပ်ကလေးချီရင်း မိခင်နဲ့ဘွားအေကို မော့ကြည့်နေသည်။ မိခင်ဖြစ်သူမှာ ဆို့နေ၍ ဘာမှမပြောနိုင်။

နီရာသည်လည်း မအေကို မော့ကြည့်လျက်ကလေးပဲ လောကကြီးကို နှုတ်ဆက်သွားပါသည်။

ဟုတ်ပါတယ်။

မိခင်နဲ့ ဘွားအေကိုမြင်တော့ နီရာ စိတ်လျှော့လိုက်ပုံရပါသည်။

လက်အုပ်ကလေးချီလျက် အသက်ထွက်ပါ၏။

"မြေးလေး ... ဘွားကိုကြည့်ပါဦးကွယ်"

"သမီး ... နီရာလေး"

နီရာ့ အကြည့်တွေ မရွေ့တော့။ လက်အုပ်ချီထားတာလေးကို သွားထိမိတော့ လက်ကလေးပြေသွားကာ ဘေးကို တန်းလန်းကျသည်။

"နီရာ ... သမီး"

"မြေးလေး"

www.burmeseclassic.com

www.burmeseclassic.com



"ကလေးမ သတိလစ်သွားတာလား မသိဘူး"

ဒေါ်မြက ဆရာဝန်ပြေးခေါ်ပေးသည်။

ဆရာဝန်ရောက်လာတော့ မစမ်းသပ်ပါပဲ သိနှင့်သော်လည်း လူနာရှင်ကျေနပ်အောင် နားကြပ်နဲ့ထောက်ပြလိုက်ရင်း ခေါင်းခါပြလိုက်သည်။

"နိုရာ ဆုံးသွားပါပြီ"

မိခင်ရော အဘွားပါ အသံမထွက်နိုင်အောင် ဆို့နှင့်သွားကြသည်။ ပန်းပုဆရာတွေ ငိုရပြီ။

○✚○





မိုးအုပ်သည် မြယွန်းပုံဆီ ပုံမှန်ရောက်လာတစ်စမြဲပင်။ သောကြာနေ့ညနေ ဆိုင်ပိတ်ချိန်ဆို ရောက်လာပြီ။ ပြီးတော့ ကားဂိတ်မှာ စကားခဏပြောပြီးပြန်။ ပြောတဲ့စကားတွေကလည်း ခင်ချင်တယ်ဆိုတာထက်မပို။

အီစီကလီမပါ။ အနှောင့်အသွားများ လွတ်မှလွတ်။ ဘလိုင်းသက်သက်ကြီးကို ပုံမှန်လာတွေ့နေတာ ထူးဆန်းသား။

"မိုးအုပ်... ရှင် ကျုပ်ဆီလာလာနေတာ မဟုတ်သေးဘူးနော်"

"ဘာဖြစ်လို့လဲ မ,"

"ဘာဖြစ်ရမလဲ။ ရှင် ပုံမှန်လာတွေ့နေတော့ ဆိုင်က ကျုပ်ကိုတစ်မျိုးထင်နေပြီ။ ကျုပ် သိက္ခာကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျွန်တော် ဆိုင်ကိုလာတာမှ မဟုတ်တာ။ ဒီကားဂိတ်ကပဲ လာစောင့်တာကို"

"ဩော် ... ဆိုင်ကဝန်ထမ်းတွေက ဒီကားဂိတ်ကပဲ လာစီးကြတာ။ ကျွန်မဘေးက ရှင့်ကိုတွေ့တော့ ထင်ကြတာပေါ့"

"သူငယ်ချင်းလို့ ပြောလိုက်ပေါ့ မ,ရယ်"

"စိတ်ကူးက ယဉ်တိုင်းကောင်းတာ မဟုတ်ဘူး မိုးအုပ်ရေ။ ကျုပ်တို့လို လူတန်းစားတွေမှာ စိတ်ကူးယဉ်ချင်တိုင်း ယဉ်ခွင့်မရှိဘူး။ ရှင်လိုသူဌေးသား ဆရာဝန်လောင်းနဲ့ ကျုပ်လို စာအုပ်ဆိုင်က အရောင်းစာရေးမတစ်ယောက် သူငယ်ချင်းတော်တယ်ဆိုရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး။ ကျုပ်ကို ရှင့်ရဲ့ကစားစရာ အရုပ်တစ်ရုပ်လို့ပြောရင်တော့ ခေါင်းညိတ်ကြမယ့်သူတွေ တစ်ပုံကြီးပဲ။ အဲဒါကြောင့် ကျေးဇူးပြုပြီး မလာပါနဲ့ဟာယ်။ နင် အပျင်းပြေလာတာက ငါ့အတွက် အများကြီး ထိခိုက်နစ်နာရတယ်"





"ဟာ ... အတွေးခေါင်လွန်းတာလား၊ မာနကြီးလွန်းတာလား"

"တွေးသင့်တာကို တွေးရတယ် မိုးအုပ်ရဲ့။ ပြီးတော့ ကျုပ်တို့မှာ ချမ်းသာတာဆိုလို့ မာနနဲ့သိက္ခာပဲရှိတယ် မိုးအုပ်၊ ရှင် တကယ် ကျုပ်ကိုခင်တယ်ဆိုရင် နောက်မလာပါနဲ့တော့ဟာယ်"

"မ, ... မ,ကို ကျွန်တော် အရမ်းချစ်တယ်"

"မိုးအုပ်"

"ဒါပေမဲ့ မ,ရဲ့မာနတွေကိုတော့ မုန်းတယ်"

မြယွန်းပုံ အငိုက်မိကာ ဘာပြောရမှန်းမသိ။

"ကျွန်တော်က လက်တွေ့သမားဆိုပေမယ့် ဘာဖြစ်လို့ ကျွန်တော် မ,ဆီလာလာနေမိမှန်း မသိဘူး။ တကယ်တမ်းကျတော့ မ,လို မာနတွေခေါင်နိုက်နေတဲ့ မိန်းမမျိုးကို ကျွန်တော် လုံးဝလက်ထပ်မှာ မဟုတ်ဘူး။ ကျွန်တော် သိစိတ်ကလည်း မ,ဆီ လုံးဝမလာချင်ဘူး။ မသိစိတ်က



www.burmeseclassic.com

www.burmeseclassic.com



မ,ကို အရမ်းချစ်နေတော့ ကျွန်တော်မကြိုက်တဲ့ မာနနှုတ်ခမ်းက စကားခါးခါးတွေကို လာ,လာနားထောင်နေမိပြန်တယ်။ ထပ်ပြောမယ် မ, ... မ,ကို ကျွန်တော် ချစ်ပေမယ့် လက်မထပ်နိုင်ဘူး"

"မိုးအုပ်"

မိုးအုပ်က လှည့်ထွက်သွားသည်။ မြယွန်းပုံ ဒေါသတွေ၊ ဝမ်းနည်းနာကျင်မှုတွေနဲ့ ကျန်ခဲ့သည်။ လာချင်သလိုလာပြီး ပြောချင်ရာပြောသွားတာ။ မြယွန်းပုံတို့လို မိန်းကလေးတွေက သူတို့လို သူဌေးသားတွေ ပြောချင်သလိုပြောဖို့ မွေးဖွားလာတာလား။

မြယွန်းပုံ ဝမ်းနည်းဆို့နင့်နေသည်။ မြယွန်းပုံနေရာမှာ သူဌေးသမီးတစ်ယောက်ဆို သူ ဒီလိုလက်လွှတ်စပယ်ပြောပါ့မလား။

○✤○





နောက်နေ့တွေမှာလည်း သောကြာဆို ရောက်လာမြဲပဲ။ ဒါပေမဲ့ စကားတော့ လာမပြောတော့။ အဝေးကပဲ ကြည့်နေသည်။

မြယွန်းပုံလည်း သူ့ကို နာကြည်းမုန်းတီးမိပါသည်။ မြယွန်းပုံရဲ့နေ့ရက်တွေထဲကို အတင်းတိုးဝင်လာကာ ပြောချင်ရာပြောပြီးမှ လာ,လာနေတာ ဘာကြောင့်လဲ။

သူ့ကိုမြင်ရင် မြယွန်းပုံ နှုတ်ခမ်းတွေက တင်းတင်းစေ့သွားမိသည်။

သောကြာနေ့ရောက်မှာ ကြောက်မိသည်။ သောကြာနေ့ဆို အလုပ်လုပ်ရတာ စိတ်မကြည်။



www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့ဆို ဆိုင်ပိတ်ပြီဆိုကတည်းက နှုတ်ခမ်းတွေက အလိုလိုတင်းလာတတ်သည်။

အဲဒီလို သူ့ကိုမုန်းနေရင်းနဲ့ သူက တစ်စထက်တစ်စ နှလုံးသားထဲ တိုးဝင်လာခဲ့ပါ၏။

ညတိုင်း နေ့တိုင်း သူ့ကိုသတိ ရနေတတ်၏။

စိတ်မှာနာကြည်းမှုတွေနဲ့ သတိရနေတာပါ။

အဲဒါကို သတိထားမိတဲ့နေ့က သူမ တော်တော်လန့်သွားခဲ့သည်။

သူ့ကို သတိရလာမိရင် စာတစ်အုပ် ကောက်ဖတ်လိုက်မိသည်။

မိန်းမတစ်ယောက်ဟာ ကိုယ့်ကိုလက်မထပ်ဘူးလို့ အတိအလင်းကြေညာထားတဲ့ ယောကျ်ားတစ်ယောက်ကိုတော့ သတိမရသင့်ဘူးလေ။

ထိုရက်ပိုင်းတွေမှာ မြယွန်းပုံ စိတ်တွေ ထွက်ပေါက်မဲ့ မှုန်းကျုပ်နေမိသည်။





သောကြာနေ့ရောက်တိုင်း သူ ရှိနေတတ်တဲ့နေရာ တစ်ခုကို သတိမထားမိအောင် ကြိုးစားရတာ ချွေးပေါက်ပေါက် ကျသည်။

ကြာလာတော့ ချစ်ရင်းမုန်းရသည့် အရသာကို မြယွန်းပုံ ခံစားမိလာသည်။ သောကြာနေ့ရောက်ရင် ရင်ခုန်ရသလို ရင်ခုန်သံနဲ့မကာမိအောင် စိတ်ပင်ပန်းရသည်။

သူလည်း သူမလိုပဲ ခံစားနေရသလား။ အချစ်နဲ့ အမုန်း လွန်ဆွဲတဲ့ဒဏ်ကြောင့် သူ သောကြာနေ့တိုင်း စကားလုံးမဲ့ရောက်လာတတ်သလို မြယွန်းပုံကလည်း တစ်ချက်ကလေးတော့ နိုးကြည့်မိပါသည်။

သူရောက်မလာတဲ့ သောကြာတစ်ရက်ကဆို သူမ စိတ်တွေတောင် ပူမိသေးတယ်။ နောက်နေ့ သူ ဆိုင်မှာစာအုပ် လာဝယ်မှ စိတ်ကျေနပ်မှုရသွားတာကိုလည်း အားမရပါ။

ဒီလိုနဲ့ စကားလုံးမဲ့ သောကြာများစွာကို ဖြတ်ကျော်ပြီးသည့်တစ်ရက်မှာတော့ ဆိုင်ကို မိုးအုပ်မိခင် ရောက်လာပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က မြယွန်းပုံဆိုတဲ့ ကောင်မလေးနဲ့တွေ့ချင်လို့"

ကောင်တာမှာ မေးသံကြားရသဖြင့် မြယွန်းပုံ လှည့်ကြည့်လိုက်တော့ မိုးအုပ်မိခင်။ မိမိကို ကောင်မလေးဟု ခပ်နှိမ်နှိပ်လေသံ သုံးကတည်းက အခြေအနေက အညိုရောင်အဆင့်ဆိုတာကို ရိပ်မိမှုါသည်။

"မြယွန်းပုံရေ ... ဧည့်သည်"

ကောင်တာက အစ်မက လှမ်းခေါ်သဖြင့် မြယွန်းပုံ သွားရပါပြီ။ ဘွားတော်က မြယွန်းပုံကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"ငါ့ကိုသိလား"

"ဟုတ်ကဲ့"

မြယွန်းပုံ မညာတတ်ပါ။ ရိုးရှင်းစွာပဲ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ။ ငါ ညည်းနဲ့ စကားပြောချင်တယ်။ ဆိုင်ထဲမှာပဲ ပြောရမလား"





"အပြင်မှာ ပြောကြတာပေါ့ အန်တီ"

ဆိုင်မန်နေဂျာဆီမှာ ခဏခွင့်တောင်းကာ အဘွားကြီးနဲ့အတူ အနားကအအေးဆိုင်မှာ စကားပြောဖြစ်ကြသည်။

"ဘာသုံးဆောင်မလဲရှင့်"

စားပွဲထိုးမလေးက လာမေးတော့ ...

"ညည်း တစ်ခုခုမှာလိုက်"

"ကျွန်မ မသောက်ပါဘူး"

အဘွားကြီးက ဘာမှမပြောတော့ဘဲ ...

"သံပရာရည်တစ်ခွက်"

မှာပြီးတော့ ...

"ညည်း ကျုပ်ကိုသိနေတော့ တည့်တည့်ပဲပြောမယ်။ ညည်းနဲ့ ငါ့သားကို ငါသဘောမတူဘူး။ ညည်း မိုးအုပ်ကို ဆွဲမထားပါနဲ့"

"ကျွန်မက တွန်းထုတ်ထားပြီးသားပါ အန်တီ။ အန်တီ့သားဆီမှာ အခြေအနေကို သေချာမမေးခဲ့ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုးအုပ်မှာ စေ့စပ်ပြီးသားမိန်းကလေး ရှိတယ်။ ဒါပေမဲ့ ညည်းကြောင့် စေ့စပ်ထားတဲ့ မိန်းကလေးကို မယူဘူးလုပ်နေတယ်"

"အဲဒီအတွက် ကျွန်မ စိတ်မကောင်းပါဘူး အန်တီ။ ဘာမှလဲ မတတ်နိုင်ပါဘူး။ မိုးအုပ်နဲ့ ကျွန်မက ဘာမှမဆိုင်သလို သူ့ကို ကျွန်မ လက်ထပ်မှာမဟုတ်ပါဘူး။ ပညာတတ် သူဌေးသားတစ်ယောက်နဲ့ လက်ထပ်ဖို့ ဘယ်တုန်းကမှလဲ စိတ်ကူးမယဉ်ခဲ့ပါဘူး အန်တီ။ အန်တီလာတာ အကျိုးရှိမှာမဟုတ်ဘူး။ ကျွန်မနဲ့ ဘာမှမဆိုင်တဲ့အတွက် ကျွန်မ ဘာမှလဲ မလုပ်ပေးနိုင်ပါဘူး"

"မင်း လုပ်ပေးနိုင်တာ တစ်ခုတော့ ရှိပါတယ်။ မင်းကူညီမယ်ဆိုရင်ပေါ့"

"ကျွန်မအလုပ်နဲ့ကျွန်မတောင် မအားတဲ့အတွက် သူများကို ကူညီဖို့လည်း အချိန်မရှိပါဘူး အန်တီ"

"အလုပ်လို့ သဘောထားရင်ရော"





"ရှင်"

"တန်ရာတန်ကြေးထက် ပိုပေးရမယ်။ နားထောင်ကြည့်ပါဦးလား"

"ဖြစ်ချင်တာတစ်ခုကို ငွေခင်းတိုင်း လုပ်လို့မရပါဘူး အန်တီ။ အန်တီ ငွေစကားပြောတဲ့အတွက် နားထောင်ကြည့်စရာ အကြောင်းကိုမရှိပါဘူး။ ကဲ ... ကျွန်မကိုခွင့်ပြုပါဦး အန်တီ"

မြယွန်းပုံ ထထွက်လာလိုက်သည်။ သူမနဲ့မိုးအုပ် ဘာမှမဆိုင်ပါဘဲ ခုလို လာအပြောခံရတဲ့အတွက် သူမဘက်က ကောင်းကောင်းမဆက်ဆံနိုင်ပါ။

ဒီနေ့လို အဖြစ်မျိုးတွေ မကြုံချင်လို့ သူမ မိုးအုပ်တို့လို လူတန်းစားတွေနဲ့ ဝေးဝေးနေချင်တာပါ။

○ ✤ ○



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာလည်း မိုးအုပ်ကတော့ သောကြာနေ့တိုင်း စကားလုံးမဲ့ ရောက်လာတတ်စမြဲပါပဲ။

မြယွန်းပုံကတော့ နိုးမကြည့်ချင်တော့ပါပဲ မြင်နေရပါသည်။

တစ်လလောက်ကြာတော့ မြယွန်းပုံနားကို မြယွန်းပုံတို့နဲ့ တန်းတူရည်တူရှိနိုင်မည့် ကောင်လေးတစ်ယောက် ဝဲလာခဲ့သည်။

ထိုကောင်လေးကလည်း ဆိုင်မှာစာအုပ်လာဝယ်ရင်း မြယွန်းပုံနဲ့ တွေ့တာပါ။





ရည်မွန်ပြီး စကားပြောချိုတဲ့ ကောင်လေးဟာ ယောကျ်ားပီသရုံနဲ့ ရုပ်ရည်ကတော့ ချောခန့်သည့်အထိ မပါတဲ့ သာမန်ပါပဲ။

ဆိုင်မှာ စာအုပ်ဝယ်ရင်း မြယွန်းပုံ နာမည်ကိုစုံစမ်းသွားကာ နောက်ပိုင်း ညနေတိုင်းလိုလို မြယွန်းပုံ အပြန်ကို ကားဂိတ်မှာစောင့်ပြီး စကားပြောတတ်သည်။

ရမ်းရမ်းကားကား မဟုတ်ဘဲ ရည်မွန်စွာချဉ်းကပ်တာမို့ မြယွန်းငုံလည်း စကားပြန်ပြောဖြစ်ပါသည်။

ပြီးတော့ သောကြာနေ့ဆို ပိုပြီးစကားပြောဖြစ်သည်။

မိုးအုပ် ရှေ့မှာမို့ ပိုပြီးစကားပြောဖြစ်တာပါ။

စကားပြောရင်း တစ်ယောက်အကြောင်းတစ်ယောက် ပြောဖြစ်ကြသည်။

သူ့နာမည်က သဲမောင်။ မြန်မာစာနဲ့ပဲ ဘွဲ့ရထားသတဲ့။ စာရေးစာပတ် ဝါသနာပါပြီး မဂ္ဂဇင်းတိုက်တစ်ခုမှာ အယ်ဒီတာအဖွဲ့ဝင် လုပ်နေပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မြယွန်းပုံကိုလည်း မြတ်နိုးပါသတဲ့။ သူက ချစ်တာ၊ စိတ်ဝင်စားတာတွေထက် မြတ်နိုးကြောင်းကို ရိုးရိုးလေး ပြောတတ်သူပါ။

သူဟာ မြယွန်းပုံ သဘောကျတဲ့ပုံစံမျိုးပါ။ မြယွန်းပုံက မိုးအုပ်ကို ရင်ခုန်ပါသည်။ သို့သော် သဲမောင်ကိုတော့ ရင်မခုန်ပါဘဲ သဘောကျပါသည်။ သဲမောင်ကို ဘဝလက်တွဲဖော်အဖြစ် ရွေးခဲ့ရင် မြယွန်းပုံ တစ်ဘဝလုံး အေးချမ်းပျော်ရွှင်ရမည် ထင်ပါသည်။

မြယွန်းပုံနဲ့သူက စိတ်တူကိုယ်တူ ဝါသနာတူတာမို့ မြယွန်းပုံသည် သဲမောင်ကို အလေးအနက်ထားကာ စဉ်းစားနေမိပါသည်။

ဒါပေမဲ့ မိုးအုပ်ကို စဉ်းစားမိတိုင်း ရင်ထဲဆွေးချင်သည်။ မိုးအုပ်ကို သူမနှလုံးသားက ငြိတွယ်ချင်နေသလား မသိပါ။ ဒါပေမဲ့ သူမကို လက်မထပ်နိုင်ပါဘူးဟု ပြောထားတဲ့သူကို သူမ ခါးသီးရင်းနဲ့ပဲ သတိတွေရနေတာပါ။





သူ့ကိုဘက်ကန်ရင်းနဲ့ သဲမောင်ဘက်ကို ပိုရောက်သွားမိလေသလား မသိပါ။ စေ့စပ်ထားသူလည်းရှိ၊ မြယွန်းပုံကိုလည်း လက်မထပ်ဘူးလို့ပြောတဲ့သူကို မြယွန်းပုံလည်း မေ့သင့်ပါသည်။

ဒီလိုနဲ့ပဲ သဲမောင်ကို သုံးလတိတိပြည့်တဲ့နေ့မှာ မြယွန်းပုံ အဖြေပေးလိုက်သည်။ ပြီးတော့ မိုးအုပ်ရောက်လာတတ်တဲ့ သောကြာနေ့တွေဆို သဲမောင်နဲ့ ပိုပြီး ရယ်ရယ်မောမောနေဖြစ်သည်။

သဲမောင်ကတော့ မိုးအုပ်ကို သတိထားမိပုံမရပါ။

မိုးအုပ်ရဲ့မျက်နှာဟာ ပြုံတော့မယ့်မိုးလို ညှိုမှိုင်းနေတာတွေ့ရတော့လည်း စိတ်မကောင်းချင်ပါ။

သေချာတာတစ်ခုက သဲမောင်ကို အဖြေပေးမိမှပဲ မိုးအုပ်ကို အရမ်းချစ်နေတာ သေချာခဲ့သည်။ မကြေကွဲတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သဲမောင်ကို ခေါင်းညိတ်မိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပိုတောင်ကျေနပ်ပါသေးတယ်။ နှလုံးသားကို အလိုမလိုက်ဘဲ ဦးနှောက်နဲ့ ဆုံးဖြတ်နိုင်တယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်တောင် ဂုဏ်ယူမိသေးတယ်။

ဒါပေမဲ့ သူမ ဆုံးဖြတ်ချက်မှန်ရဲ့လား ဆိုတာကိုတော့ ...။

○ ✤ ○





"သဲမောင်"

"ပြောလေ ပုံပုံ"

"သဲမောင် တို့ကို လက်ထပ်မှာပါနော်"

"သေချာတာပေါ့ကွယ်"

"ဒါဆို တို့မိဘတွေနဲ့ လိုက်တွေ့နိုင်မလား"

"လတ်တလော ဆိုရင်တော့ ကိုယ့်မှာ လက်ထပ်ဖို့ငွေကြေးက အဆင်သင့် မဖြစ်သေးဘူးလေ ပုံပုံ၊ ကိုယ် စုချင်သေးတယ်"

"လတ်တလောလည်း လက်မထပ်သေးပါဘူး၊ ဒါပေမဲ့ ဒါ တို့ရည်းစားဆိုပြီး မိဘတွေကို အသိပေးထားချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပုံ့သဘောလေ"

"ဒါဆို ဘယ်တော့ လိုက်တွေ့မလဲ"

"ပုံ အဆင်ပြေတဲ့အချိန်ပေါ့ ပုံ၊ ကိုယ်က ဘယ်အချိန်ဖြစ်ဖြစ် ရပါတယ် ပုံလေးရယ်"

ဒီလိုနဲ့ မြယွန်းပုံဟာ သူ့ကို မေမေ့ဆီ ခေါ်သွားပါသေးသည်။

သူ့ပုံစံကိုကြည့်ကာ မေမေက သဘောကျနေသည်။ ပြီးတော့ မြယွန်းပုံက မအေကို အသိပေးတဲ့အတွက်လည်း ကျေနပ်နေသည်။

ဖေဖေ့ကိုတော့ ပေးမတွေ့သင့်သေးလို့ မေမေကပဲ အကျိုးအကြောင်း ပြောပြပါလိမ့်မည်။ မြယွန်းပုံတို့က လက်ထပ်ဖို့ မပြည့်စုံသေးဘူးလေ။

ထို့အတွက် ဖေဖေနဲ့ မိတ်မဆက်ပေးချင်သေးပါ။ သိသာသိစေ၊ မမြင်စေနဲ့ဆိုတဲ့ သဘော။





သဲမောင်က တကယ်ရိုးသားပါသည်။ မြယွန်းပုံကို အပြင်မှာချိန်းပြီး လျှောက်လည်တာမျိုးလည်းမရှိ။ အလုပ်ပြန်ချိန် လိုက်ပို့တာကလွဲလို့ အချိန်ပေးဖို့မတောင်းဆိုပါ။

ပခုံးဖက်ရုံ၊ လက်ကလေးကိုင်ရုံကလွဲလို့ ဘာအခွင့်အရေးမှ မယူပါ။ ယုတ်စွအဆုံး မွှေးမွှေးကလေးတောင် မပေးဘဲ ထိန်းသိမ်းရှာပါသည်။

သူအသည်းယားပြီး ချစ်စနိုးဖြစ်လာရင် မြယွန်းပုံရဲ့ ဆံပင်တွေကို ရှုပ်ပွသွားအောင် ဆွဲဖွမည်။ ပါးကိုဆွဲလိမ်မည်။ ဒီလောက်ပဲ။

ရောင့်ရဲတတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ချစ်သူဖြစ်ခွင့်ရတဲ့အတွက် မြယွန်းပုံ ကျေနပ်နေမိပါသည်။

သဲမောင်နဲ့ ပတ်သက်ရင် ကျေနပ်စရာတွေချည်းသာပါ။

သဲမောင်က နယ်ကလာပြီး အဆောင်နေတာဟု သိရသဖြင့် မြယွန်းပုံကတော့ သဲမောင်မိသားစုနဲ့ ရင်းနှီးခွင့်မရပါ။



www.burmeseclassic.com

www.burmeseclassic.com



သဲမောင်မှာ မိခင်မရှိတော့ဘဲ ဖခင်နဲ့အစ်မတစ်ယောက်ရှိကာ အစ်မက အိမ်ထောင်ကျပြီး ဖခင်နဲ့ပင် အတူနေသတဲ့။

မြယွန်းပုံကတော့ သဲမောင် နောက်ကြောင်းကို သိပ်စိတ်မဝင်စားပါဘူး။

မြယွန်းပုံက လူတစ်ယောက်မှာ အရည်အချင်းသာ အဓိကဟု ထင်သူလေ။

သဲမောင်ရဲ့မိသားစုထက် သဲမောင်ကိုယ်တိုင်ကသာ အဓိကဟု ထင်သူပါ။

မြယွန်းပုံက စာအုပ်တွေထဲမှာပဲ အသားကျခဲ့သူမို့ စာအုပ်ကြီးနဲ့ ပေတံတိုင်းရင်တော့ သဲမောင်က ဂုဏ်ထူးဟိုဘက်ကိုတောင် ကျော်နေပြီလေ။

မေမေ တီးခေါက်ကြည့်တော့ ဖေဖေကလည်း ဘာမှမဆိုတဲ့။ ဖေဖေနဲ့ မေမေဟာ မြယွန်းပုံကို ယုံကြည်ကြပါသည်။ မြယွန်းပုံကလည်း သမီးလိမ္မာလေးပေကိုး။





ဒီလိုနဲ့ပဲ မြယွန်းပုံနဲ့ သဲမောင်တို့ ချစ်သူဖြစ်တာ သုံးလပြည့်ခဲ့သည်။

တစ်ရက်မှာတော့ မိုးအုပ် တစ်ယောက် သူမဆီကို ရောက်လာခဲ့သည်။ ဆိုင်ကို စာအုပ်လာဝယ်ရင်းပဲ ရောက်လာခဲ့တာပါ။

ပြီးတော့ သူမနှလုံးသားကို ထိုးနှက်သည့်စကားတွေ ပြောပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးအုပ် ဆိုင်ထဲဝင်လာကတည်းက မြယွန်းပုံ ဆိုင်နောက်ဘက်ထဲ ဝင်နေလိုက်ပါသည်။

သူမ မိုးအုပ်နဲ့မတွေ့ချင်ဘူးလေ။ မိုးအုပ် စာအုပ်ဝယ်ချင်ရင် တခြားဆိုင်မှာ သွားဝယ်လည်းရတာပဲ။ တမင် သူမရှိနေတဲ့ဆိုင်ထဲကို လာတာလေ။

"မြယွန်းပုံရေ ... ဟိုကောင်လေးက ညီမနဲ့စကားပြောချင်လို့တဲ့"

ဆိုင်မန်နေဂျာကိုယ်တိုင် လာပြောသဖြင့် သူမ အပြင်ထွက်ခဲ့ရသည်။

"ဒါ တို့အလုပ်ချိန် မိုးအုပ်"





"သိပါတယ် မ,ရဲ့၊ ဖိတ်စာလာဖိတ်တာပါ။ ကျွန်တော့် လက်ထပ်ပွဲဖိတ်စာလေ။ လာဖြစ်အောင် လာစေချင်တယ်"

"ဆိုဒိုးနားဟိုတယ်ဆိုတာ ငါတို့လို လူတန်းစားတွေ ခြေမချကောင်းတဲ့ နေရာလေ။ မလာတော့ပါဘူး"

"ဟုတ်ပါတယ်။ မ,က ကြွေကလပ်နဲ့ တင်ထားရမယ့် ယမင်းရုပ်တစ်ရုပ်မှ မဟုတ်တာ။ အဲဒါကြောင့် မ,အတွက် ကျွန်တော့်ထက် မ,အခုရွေးချယ်ထားတဲ့လူကပဲ ပိုလိုက်ဖက်ပါတယ်။ မ,ကြောင့် တွေဝေနေတဲ့ ကျွန်တော့်စိတ်တွေကို ပြတ်သားနိုင်အောင် တွန်းပို့ပေးတဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်။ မ,လည်း မ,ရည်းစားနဲ့လက်ထပ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော် မ,ကို ချစ်တယ်။ မ,မာနတွေကို မုန်းတယ်"

ပြောပြီးပြီးချင်း ဆိုင်ထဲမှထွက်သွားတဲ့ မိုးအုပ်ကျောပြင်ကိုကြည့်ကာ နှုတ်ခမ်းလှုပ်ရုံလေသံဖြင့် ...

"မ,လည်း မင်းကို နာနာကြည်းကြည်းနဲ့ကို ချစ်နေပါတယ် မိုးအုပ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ဖိတ်စာထည့်သည့်အိတ်ကဲတောင် တော်တော်လှသည်။ အထဲက ဖိတ်စာလေးကလည်း ထိရက်စရာတောင်မရှိ။

မိုးအုပ်က သူ့အပေါ် မာနထားသော သူမကိုမုန်းသတဲ့။ သူမကလည်း မိုးအုပ်ရဲ့မနေရှင်စိတ်ဓာတ်ကြီးကို သေအောင်မုန်းပါသည်။

ဒါပေမဲ့ သူမတို့နှစ်ယောက်ရဲ့နှလုံးသားကတော့ ပကာသနတွေ၊ ဉစ္စာမနေတွေ၊ မာနတွေ မရှိဘူးလေ။ ဒီတော့ အနက်ရှိုင်းဆုံး နှလုံးသားထဲမှာတော့ တစ်ယောက်ကိုတစ်ယောက် စူးနင့်စွာ ချစ်မိသွားပါတယ်။

မိုးအုပ်ရဲ့အချစ်ကို သူမ သိခွင့်ရလိုက်ပေမယ့် သူမအချစ်တွေကိုတော့ ပြောခွင့်မရှိခဲ့ပါဘူးလေ။

ထိုနေ့က သဲမောင်ကိုတောင် ပီပီပြင်ပြင် မပြုံးပြနိုင်လို့ သဲမောင်က "နေမကောင်းဘူးလား"တဲ့။

○ ✤ ○





မိုးအုပ် လက်ထပ်ပွဲနေ့က မြယွန်းပုံ ခွင့်ယူမိပါသည်။ အလုပ်မသွားဘဲ မိုးအုပ်မင်္ဂလာပွဲကျင်းပရာ ဆီဒိုးနားဟိုတယ်ရှေ့နားက အင်းလျားကန်ပေါင်ပေါ်မှာ သူမ ဆီဒိုးနားကို သွားငေးကြည့်မိပါသည်။

ဘယ်မိန်းမ,မဆို ရွှေမင်းသားလေးရဲ့ကြင်ရာတော် ဖြစ်ချင်တာပဲလေ။ ဒါပေမဲ့ ကိုယ်က ခေတ်သစ်စင်ဒရဲလားမှ မဟုတ်တာ။ တဲပေါ်ကနေ အဆင့်မြင့်လုံးချင်းတိုက်ကြီးထဲကို ခြေချဖို့ စိတ်ကူးတောင် မယဉ်ရဲပါဘူး။

မိုးအုပ်က လိုင်းကားမစီးတတ်သလို သူမကလည်း မိုးအုပ်တို့စီးသော နိမ်ခံကားအကောင်းစားကြီးတွေကို စီးဖူးဖို့



www.burmeseclassic.com

www.burmeseclassic.com



တောင် စိတ်ကူးမယဥ်နိုင်တဲ့ဘဝ။ အနေအထားက ပေပေါင်းများစွာ ခြားထားပြီးသားလေ။

မြယွန်းပုံနဲ့ အဖော်လိုက်လာပေးတဲ့ သူငယ်ချင်းက ...

"မြယွန်းပုံ ... နင်က ဒီကန်ပေါင်ကို ဘဲဘဲနဲ့လာရမှာဟ။ ဘာလို့ နင့်လူကြီးမခေါ်ဘဲ ငါနဲ့လာရတာလဲ"

"သူနဲ့မလာချင်လို့ပေါ့ဟာ"

"ရှင်းသွားတာပဲ"

မိုးအုပ်ကို မတွေ့ရပေမယ့် ဆီဒိုးနားဟိုတယ်ကြီးကို ကြည့်ကာ ကြေကွဲနေမိသည်။ မတူညီတဲ့ ဘဝအနေအထားအတွက် နှလုံးသားကို စတေးလိုက်ရသူတွေ ဘယ်လောက်များနေပြီလဲ။

ဒါပေမဲ့ ဘဝတစ်ခုလုံးကို စတေးလိုက်ရတာထက်စာရင် နှလုံးသားကို စတေးလိုက်ရတာက တော်ပါသေးတယ်လေ။

ဒီအဆောက်အအုံကြီးထဲမှာ ခုချိန်ဆို မိုးအုပ်ရဲ့ မင်္ဂလာပွဲရှိန်ပေါ့။ မိုးအုပ်တစ်ယောက် ဘယ်လိုပြုံးနေမလဲ သိချင်လိုက်တာ။





မိုးအုပ် မမြင်နိုင်ပေမယ့် ဆီဒိုးနားဟိုတယ်ကြီးကိုပဲ နှစ်သိမ့်ပြုံးပြမိသလား။ မဲ့ပြုံး,ပြုံးပြမိသလား မသိတော့ပါပဲ ပြုံးပြမိသလိုလို။

မျက်ရည်မကျတတ်တဲ့ မျက်ဝန်းထဲမှာ မျက်ရည်ကျလိုက်ရတာထက်ပိုတဲ့ ဝမ်းနည်းမှုတွေနဲ့။

မျက်ရည်မကျတတ်တဲ့ ငိုကြွေးမှုက ပိုပြီးနင့်သီးစွာ ခံစားရပါတယ်။

ဟိုတယ်ကြီးရယ် ... မင်းရင်ဘတ်ထဲမှာ ပွဲကျင်းပနေတဲ့ မိုးအုပ်ကို ပြောပေးပါ။ မင်းချစ်ပြီး မုန်းနေတဲ့ တစ်ယောက်က မင်းကို မုန်းလျက်နဲ့ချစ်နေလို့ ကန်ပေါင်ပေါ်ကနေ မျှော်ငေးနှုတ်ဆက်နေပါတယ်လို့။

○✤○



www.burmeseclassic.com

www.burmeseclassic.com



မိုးဒယ်ပ် မင်္ဂလာဆောင်ပြီးတဲ့ သောကြာကစလို့ မလာတော့ပါဘူး။

မလာသင့်တော့ဘူးလေ။ သဲမောင်ကတော့ ရောက်လာပါတယ်။

"ပုံ မျက်နှာမကောင်းဘူးနော်၊ ဟိုနေ့ကလည်း ခွင့်ယူတယ် နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ။ အိမ်မှာ တစ်ခုခုဖြစ်လား။ ကိုယ့်ကို ဘာမဆို ရင်ဖွင့်လို့ရတယ်နော်"

"ဘာမှမဖြစ်ပါဘူး သဲမောင်ရဲ့၊ အခုတလော နည်းနည်း အလုပ်များလို့လား မသိဘူး။ ပင်ပန်းလို့ပေါ့"

"ဪ ... တော်သေးတာပေါ့။ ကိုယ်က စိတ်ပူသွားတာ"





သဲမောင်ကို နည်းနည်းတောင် အားနာသွားသည်။ ရည်းစားဘောမှာထားပြီး တခြားယောက်ျားတစ်ယောက်အတွက် မချွေးသင့်ပါဘူးလေ။

"ရော့"

သဲမောင်က ထီးလှလှလေးတစ်ချောင်း လက်ဆောင်ပေးသည်။ ထီးကအနားတွန့်ပွင့်ဖတ်ကလေးတွေက လေတိုက်တိုင်း တဖျပ်ဖျပ်နဲ့ တော်တော်လှသည်၊

"ထီးကလေးက လှလိုက်တာ။ တော်တော်ဈေးကြီးမှာပဲ သဲမောင်ရယ်။ ဘာလို့ဝယ်ပေးရတာလဲ"

"ပုံပုံ ကြိုက်လား"

"ကြိုက်တယ်၊ ဒါပေမဲ့ လှလွန်းလို့ မဆောင်းရက်ဘူး။ ပြီးတော့ ဒီထီးလေးကိုသာ လူကုံထံမိန်းကလေးတစ်ယောက် ဆောင်းလိုက်ရင် အရမ်း Sweet ဖြစ်သွားမှာ။ တို့လိုဘဝ သမားတွေနဲ့တော့ Match မဖြစ်ပါဘူး။ သိမ်းထားမယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝပေးအခြေအနေအရ စိတ်ကူးယဉ်လို့မှမရတာ သဲမောင်ရယ်။ စိတ်ကူးယဉ်တဲ့အချိန်မှာ ကိုယ့်ဘဝတိုးတက်ဖို့ လက်တွေ့ကျကျ စာစ်ခုခု လုပ်နေလိုက်တာ ပိုအကျိုးရှိတယ်လေ။ ပြီးတော့ စိတ်ကူးယဉ်နေမယ့်အစား ဖြစ်သင့်တာကိုဖြစ်အောင် လုပ်သင့်တယ်လေ"

"ပုံ့စိတ်ဓာတ်ကို လေးစားပါတယ် ပုံ။ ရှေ့လျှောက်လည်း ဒီလိုပဲ ကြံ့ခိုင်ရမယ်နော်"

"မြယွန်းပုံပါ သဲမောင်ရယ်"

"ဒါပေမဲ့ ဒီထီးလေးကိုတော့ ဆောင်းပါ ပုံ။ နေပူပူ မိုးရွာရွာ ဒီထီးလေးကြောင့် ပုံ့ကို နေမထိမိုးမခခဲ့ဘူးဆိုရင် ကိုယ် ဝမ်းသာမှာပါ"

"ဟယ်... မဆောင်းချင်ဘူး၊ မဆောင်းရက်ဘူး၊ နမြောတယ်"

"မနမြောပါနဲ့၊ ဒီတစ်ချောင်း ပျက်စီးသွားရင် နောက်ထပ်တစ်ချောင်း ရမှာပေါ့။ ကိုယ် ပုံ့ကို ဒီလက်ဆောင်တစ်ခုပဲ ပေးနိုင်သေးတာ အသုံးပြုပါကွာ"





"ကဲပါ ... သဲမောင် စိတ်ချမ်းသာအောင် နေပူထဲတစ်ခါ၊ မိုးရွာထဲတစ်ခါ ဆောင်းမယ်၊ ဟုတ်ပြီလား"

သဲမောင်က ပြုံးပြုံးကြီး ခေါင်းညိတ်ပြပါသည်။ သူမကလည်း သဲမောင်ပေးတဲ့ တစ်ခုတည်းသော လက်ဆောင်ကလေး မြတ်နိုးနှစ်ခြိုက်မိပါသည်။ ထီးကလေးက ကြည်ပြာရောင်နုနုလေး။ တော်တော်လှတဲ့ ထီးကလေးပါ။

သဲမောင်က ရာရှာကြိုကြိုလေးတွေတော့ ဝယ်တတ်သား။

နောက်တစ်ရက် ထိုထီးကလေး ဆောင်းဖြစ်ပါသည်။ သဲမောင်နဲ့အတူ မိုးဖွဲလေးထဲမှာ ထီးလှလှလေးရဲ့ အကာအကွယ်ယူမိတဲ့ခဏတော့ သူမဘဝကို သူမကျေနပ်နေမိသေးတာ။

ဒါပေမဲ့ သဲမောင် ဆိုတာ အိပ်မက်တစ်ခု ဖြစ်နေလိမ့်မယ်လို့ သူမ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။ သူမဟာ သဲမောင်ကို မိုးအုပ်ကြောင့် ရွေးချယ်ခဲ့တယ် ဆိုပေမယ့် တစ်ဘဝစာ ရွေးခဲ့တာပါကွယ်။

O ✚ O



www.burmeseclassic.com

www.burmeseclassic.com



ထီးကလေးကို နှစ်ယောက်အတူဆောင်းပြီးနောက် သဲမောင် သူမဆီ ရောက်မလာတော့ပါ။ အရိပ်အယောင်တောင် မတွေ့ရတော့ပါ။

သဲမောင် ပေးထားသော သူ့အဆောင်လိပ်စာကို သွားစုံစမ်းတော့လည်း သဲမောင် အဆောင်ပြောင်းသွားသတဲ့။

ဘယ်ဆီဘယ်ဝယ်မှာ လိုက်ရှာရမှန်း မသိအောင် အစပျောက်သွားသည်။ ဘာမှန်း ညာမှန်း မသိရဘဲ သဲမောင် ပျောက်သွားခဲ့တာပါ။

နောက်ဆုံးတွေ့တဲ့အထိ သူမနဲ့သဲမောင် အဆင်ပြေတာပဲ။ သူမကို ဘလိုင်းကြီး အဆက်အသွယ်ဖြတ်စရာ အကြောင်း





တော့ မရှိပါ။ သဲမောင် တစ်ခုခုများ ဖြစ်လို့လား။ သူမ စိတ်ပူနေမိ၏။

သူမ ထီးကလေးကိုမြင်တိုင်း သဲမောင်ကို စိတ်ပူနေမိသည်။

သဲမောင် ဘယ်တွေသွားပြီး ဘာတွေ ဖြစ်နေပါလိမ့်။

အမေကတောင် သူမမျက်နှာမကောင်းတာ ရိပ်မိပြီး မေးနေသဖြင့် အကျိုးအကြောင်း ရှင်းပြလိုက်သည်။ အမေလည်း စိတ်ပူသွားပါ၏။

သို့သော် ရက်မှလသို့သာ တိုင်လာ၏။ သဲမောင် သတင်းတော့မရ။ ကြာလာတော့ သူမလည်း သဘောပေါက်လာကာ သဲမောင်ကို စိတ်နာလာခဲ့သည်။

တစ်ရက်တော့ ဆိုင်ရောက်ရောက်ချင်း ...

"ဟယ် ... မြယွန်းပုံရေ၊ ခုနလေးပဲ ကောင်လေးတစ်ယောက် ညီမနာမည်နဲ့ စာအိတ်တစ်အိတ် ပေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



စာအိတ်ပေါ်က လက်ရေးကို ကြည့်လိုက်တော့ သဲမောင် လက်ရေး။

မြယွန်းပုံ စာအိတ်ကို အမြန်ဖောက်လိုက်သည်။ သဲမောင်က အချစ်ဦးမဟုတ်ခဲ့ပေမယ့် သူမရဲ့ရည်းစားဦးပါ။

"ပုံပုံ ...

တောင်းပန်တယ် ဆိုတဲ့စကားကို အခါတစ်ရာပြောရင်တောင် ကိုယ့်အပြစ် ကျေပါ့မလား။

ရိုးသားတဲ့ပုံပုံ ကိုယ့်ကို မျှော်နေမှာစိုးလို့ ဒီစာလေး ရေးလိုက်တာပါ။ တကယ်တော့ ကိုယ်က မိုးအုပ်တို့ကုမ္ပဏီ ဝန်ထမ်းတစ်ယောက်ပါ ပုံပုံ"

"ဟင် ..."

မြယွန်းပုံ ထိတ်လန့်သွားသည်။

"ဒါပေမဲ့ မိုးအုပ်ကတော့ ကိုယ့်ကိုမသိပါဘူး။ သူက သူ့ကျောင်း သူ့စာတွေနဲ့ပဲ လုံးပမ်းနေတာလေ။ မိုးအုပ်အမေက ကိုယ့်ကို မြယွန်းပုံနား ပို့ခဲ့တာပါ။ သူ့ဆန်စားလို့ရဲခဲ့ရပေမယ့် ပုံပုံကို ကိုယ် တကယ်အားနာခဲ့ပါတယ် ပုံပုံ။





ပုံပုံနဲ့ အနီးကပ် စကားပြောကြည့်တော့ ပုံပုံ့ရဲ့ရိုးသားမှုကို သိခဲ့ရပါတယ်။ ပြီးတော့ ပုံပုံ့အချစ်။ မိုးအုပ် လက်ထပ်ပွဲနေ့က ပုံပုံ ခွင့်ယူသွားတယ်လေ။ အဲဒီနောက်ပိုင်း ကြေကွဲနေတဲ့ ပုံပုံကို ကိုယ်ချင်းစာမိပါတယ်။ ကိုယ်တို့လိုဘဝတွေက သူ့တို့နဲ့မပတ်သက်တာ ကောင်းပါတယ်။ ပုံပုံဆုံးဖြတ်တာ မှန်တယ်။ အသည်းကွဲတာက ခဏပဲခံစားရမှာပါ။ ပြီးတော့ ပုံပုံ ကိုယ့်ကြောင့်တော့ အသည်းကွဲမှာမဟုတ်ပါဘူးနော်။

ခွင့်လွှတ်ပါ ပုံပုံ။ ကိုယ် ပုံပုံနားကို အခကြေးငွေယူပြီး ရောက်လာခဲ့တာပါ။ ဒါကလည်း မတတ်သာတဲ့ ကိစ္စကြောင့်ပါ ပုံပုံ။ ကိုယ် ဒီအလုပ်ကိုလက်ခံရင် ကိုယ့်ဇနီးကို ဗန်ကောက်ခေါ်သွားပြီး ကျောက်ကပ်အစားထိုးကုသပေးမယ်ဆိုလို့။ လူမမယ် ကိုယ့်သားလေးနဲ့ ကိုယ့်ဇနီးရဲ့ကျောက်ကပ်ရောဂါအတွက် ကိုယ် ဒီလိုလုပ်ခဲ့မိတာပါ။

ပုံပုံကိုပေးတဲ့ ထီးကလေးက ကိုယ့်ဇနီး ဗန်ကောက်ကနေ ဝယ်လာပေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဖနီးကတော့ သူ့ကို ကိုယ့်အလုပ်ရှင်က စေတနာနဲ့ ဆေးကုပေးတယ်လို့ပဲ သိထားပြီး ကျေးဇူးတွေ တင်နေလေရဲ့။ ကိုယ့်သားလေးလည်း အမိမဲ့သား မဖြစ်ရ တော့ဘူးပေါ့။

ကိုယ် မတတ်သာလို့၊ ထွက်ပေါက်မရှိတော့လို့ လုပ်မိတာ ခွင့်လွှတ်ပါ ပုံပုံ။ အခု ကိုယ် ဘာလို့ ပုံပုံနား က ထွက်သွားတာလဲဆိုတာ သဘောပေါက်လောက်ပါပြီ နော်။ ကိုယ့်အလုပ်ချိန်က မိုးအုပ် လက်ထပ်ပွဲနေ့ကပဲ ပြည့်သွားပြီလေ။

ကိုယ် မလာတော့ဘူး ပုံပုံ၊ လူကိုယ်တိုင် လာမ တောင်းပန်မိတာ မျက်နှာပူလို့ပါ။

ကိုယ့်မိသားစုအတွက် ပုံပုံကို ခုတုံးလုပ်မိလို့ မျက်နှာ ချင်းမဆိုင်ရဲတော့ပါဘူး။

အကြိမ်ကြိမ် တောင်းပန်နေတဲ့ ...

သဲမောင်"





မြယွန်းပုံသည် မိုးအုပ်အမေရဲ့မျက်နှာကြီးကို မြင် ယောင်ရင်း ခံပြင်းနေမိသည်။ သဲမောင်ကို သူမ စိတ်မဆိုးတော့ ပါဘူး။ အဓိက,က မိုးအုပ်အမေပဲ။ ပြီးတော့ ဒီစာကို မိုးအုပ် လက်ထဲရောက်အောင် ပို့ရပါလိမ့်မည်။ သူ့ဘက် ကိုယ့်ဘက်တော့ ရှိဦးမှ။

○✤○



www.burmeseclassic.com

www.burmeseclassic.com



မိုးအုပ်သည် သူ့နာမည်နဲ့ရောက်လာသော စာအိတ်ကို တအံ့တသြ ဖွင့်ဖတ်မိသည်။

သူ့ဆီစာရေးမယ့်သူမှ မရှိတာ။

ဘယ်ကစာပါလိမ့်။

စာကိုဖတ်ရင်း ဖတ်ရင်း သူ့မျက်နှာကြီး ပုပ်သိုးလာသည်။

မေမေ့လုပ်ရပ်အတွက် ရှက်သည့်စိတ်တွေ တဖျင်းဖျင်း ထလာခဲ့သည်။

မ,သနားပါတယ်။ သဲမောင် ဆိုသည့်ကောင်ကလည်း လုပ်ရက်သည်။





အပျိုစင်ကလေး မ,ကို လက်ကလေးကိုင်၊ ပခုံးလေးဖက်နှင့်။

သူ့မိသားစုအတွက် မ,ကို အသုံးချသွား၏။

မ,ဘယ်လောက်များ နာကြည်းနေလိုက်မလဲ။ နဂိုကတည်းကမှ မာနတွေနှင့် တင်းထန်ကာ သူဌေးသားဆို အလိုလို အထင်သေးချင်နေသည်။

မေမေ့လုပ်ရပ်ကို ဘယ်လောက်တောင် မုန်းတီးနေမလဲ မသိပါ။

ပြီးတော့ စာထဲမှာ မ,က သူ့ကိုချစ်သတဲ့။ သဲမောင်က သင်းအထင်နဲ့သင်း ရေးထားသလားတော့မသိ။ မိုးအုပ်ကတော့ မ,ကို တော်တော်သနားသွား၏။

သူမ သူ့ကိုချစ်နေခဲ့ရင် ပိုဆိုးမည်။ သူမကို လက်မထပ်ဘူးလို့ ပြောခဲ့တဲ့သူကိုမှ ချစ်နေခဲ့ရင် သူမ ပိုခံစားရမှာပင်။

မိုးအုပ်သည် တွေးရင်းနဲ့ သူ ပြောခဲ့၊ ဆိုခဲ့မိတာတွေအတွက်လည်း နောင်တတွေ ရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲချမ်းသာမရွေး မာနကြီးတတ်သူတွေကို မိုးအုပ် ကြည့်မရ။

ထိုထဲမှာမှ သူများထက်ပိုပြီး မာနကြီးတဲ့ မ,ကို သူ မုန်းခဲ့ပါ၏။

မရှိဆင်းရဲသားတွေဟာ မာနလေးတစ်ခုနဲ့ ဘ၀ကို ကျားကန်ထားတတ်တယ်ဆိုတာကို သူ မေ့နေခဲ့ပါသည်။

ခုတော့ မ,သနားပါသည်။

မေမေရဲ့လှည့်ကွက်ထဲမှာ ကလေးတစ်ယောက် ဖခင်ကို ရည်းစားဦး တော်လိုက်ရသည်။

မိုးအုပ်သည် မေမေနဲ့ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

မေမေ့ကုမ္ပဏီကို လိုက်သွားတော့ မေမေ မရှိ။ သဲမောင်ကိုတော့ လှစ်ခနဲ တွေ့လိုက်ပြီး ပျောက်သွား၏။

သူ အစည်းအဝေးခန်းထဲမှာ မေမေ့ကို ထိုင်စောင့်ပြီး ဝန်ထမ်းတစ်ယောက်ကို သဲမောင်ကို ခေါ်ခိုင်းလိုက်သည်။





"သဲမောင် အပြင်ထွက်သွားတယ် ကိုမိုးအုပ်"

"ဘယ်သွားတာလဲ"

"MD ခိုင်းထားလို့ ဘဏ်ကိုသွားတာပါ"

"ကောင်းပြီလေ။ သဲမောင် ပြန်လာရင် ကျွန်တော့်ဆီဖုန်း ဆက်ပြီး ကျွန်တော်ရှိတဲ့ နေရာကို လာတွေ့ပါလို့ ပြော လိုက်"

"တတ်ကဲ့ပါ"

သဲမောင် သူ့ကိုရှောင်သွားမှန်း သိလိုက်ပါသည်။

"မဖြစ်မနေ ဆက်ဆက်လာတွေ့ပါလို့ ပြောလိုက်နော်"

"ဟုတ်ကဲ့ပါ ကိုမိုးအုပ်"

သူ မေမေ့ကို အိမ်ကပဲစောင့်ပါသည်။ သူကအိမ် ထောင်ကျသော်လည်း အိမ်မခွဲဘဲ မေမေနဲ့အတူ နေပါသည်။ မေမေ့အချစ်တော် ချွေးမကလည်း အလိမ္မာမဟုတ်ပေမယ့် အိမ် တော့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလိမ္မာမဟုတ်ဘူး ဆိုတာက ဒီလို။ ပိုက်ဆံရှိ၊ ပညာတတ်၊ လုပ်ငန်းရှင်သူဌေးသမီးပီပီ မယားဝတ္တရားငါးပါးကို ဘာမှန်းတောင်မသိပါ။ မယားဝတ္တရား မကျေမှတော့ ဘယ်လိုလုပ်ပြီး အလိမ္မာဖြစ်တော့မှာလဲ။

ဒီနေ့မှ မေမေကလည်း နောက်ကျလိုက်တာ။

○✤○





"မိုး မအိပ်သေးဘူးလား။ စာလည်းမဖတ်ဘဲ ဒီမှာလာထိုင်နေတယ်"

ဂရေ့စ်က မိုးအုပ်ရှိရာ ဝရန်တာကို ရောက်လာပြီး ရှုးစမ်းနေတာပါ။ အရင်ညတွေဆို ဒီအချိန် သူ စာဖတ်ခန်းထဲမှာလေ။

"ကိုယ် မေမေ့ကို စောင့်နေတာ၊ ကိစ္စရှိလို့"

"ဩော် ... အိုကေလေ။ ဒါဆို ဂရေ့စ် အိပ်နှင့်ပြီနော်"

"အိပ် ... အိပ်"

ဂရေ့စ်ရဲ့သူဌေးသမီးမာနကျတော့ တစ်မျိုး။ သူမကို မပြောပြဘဲ ဘာအရာကိုမှ အတင်းမေးမြန်း စပ်စုခြင်းမျိုးမရှိ။ Don't Care အထားမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂရေ့စ် အိမ်ထဲပြန်ဝင်သွားပြီး သိပ်မကြာခင်မှာပဲ မေမေ့ကား ဝင်လာသည်။

မေမေ အိမ်ထဲဝင်လာတော့ အပေါ်ထပ်က ဆင်းလာသော သူနဲ့ဆုံသည်။

"မေမေ"

"ပြောစရာရှိရင် နောက်မှပြော My son ၊ မေမေ ပင်ပန်းလာတယ်"

"မရဘူး မေမေ"

"ဟေး ... မေမေ အရမ်းပင်ပန်းလာတယ်နော်"

"ဒါဆို မနက်ကျရင် မေမေ နားထောင်ပေးမှာလား"

"မနက်အစောကြီး ဧည့်သည်တွေကို ဘုရားလိုက်ပို့ရမယ်"

"ဒါဆိုရင်တော့ ဒီညပဲပြောမယ် မေမေ"

"မရဘူး၊ မနက်ဖြန်ညမှပြော"

ပြောပြီးတာနဲ့ မေမေက သူ့ကိုတွန်းဖယ်ကာ အပေါ်ထပ်ကို တက်သွားတော့သည်။

"မေမေ"





မေမေက သူမအခန်းထဲဝင်ကာ တံခါးပိတ်ပစ်လိုက်သည်။

မေမေက ဒီလိုပါပဲ။ သူမဖြစ်ချင်တာကို ဖြစ်အောင် အမြဲလုပ်နိုင်သူပါ။

ထိုညက မထွေးနိုင် မအန်နိုင် ခံစားချက်တွေနဲ့ မိုးအုပ် မိုးလင်းလိုက်ရသည်။

ထိုနေ့က သဲမောင် သူ့ကိုလာမတွေ့ပါ။ မေမေ မတွေ့ခိုင်းတာပဲ နေမှာပေါ့။

အဓိက,က မေမေပါပဲ။ မေမေက သဲမောင်ကို အပေးအယူလုပ်ပြီး ခိုင်းတာပဲ။

မိုးအုပ်သည် မ,ကိုပဲ သနားနေမိသည်။ မေမေက ဒီလိုလုပ်ရအောင် မ,နဲ့မိုးအုပ်တို့က ကြိုက်နေကြတာမှ မဟုတ်တာ။

မာနရှင် မ,က မိုးအုပ်ကို အစကတည်းက ရှောင်ခဲ့ပြီးသားပါ။

○✣○



www.burmeseclassic.com

www.burmeseclassic.com



"ပြော မိုးအုပ်"

"ဒီစာကို ဖတ်ကြည့်ပါဦး မေမေ"

"ကျွတ် ... အဲဒီ သဲမောင်ဟာလေ။ လုပ်လိုက်ရင် တလွဲချည်းပဲ"

"မေမေ ဘာလို့ ဒီလိုလုပ်တာလဲ"

"မင်းမသိဘူးလား။ မင်းမှာ စေ့စပ်ထားတဲ့သူ ရှိရက်နဲ့ တခြားတစ်ယောက်ကို သွားမျှော်နေလို့ လုပ်ရတာလေ"

"ဒါပေမဲ့ သားနဲ့သူ ကြိုက်နေကြတာမှ မဟုတ်တာ။ ပြီးတော့ သားကလည်း သူ့ကိုယူမှာ မဟုတ်ဘူး"



"ဒါပေမဲ့ ငါ့သား တွေဝေနေတယ်လေ"

"ဘာပဲဖြစ်ဖြစ် မေမေ ဒီလိုမလုပ်သင့်ဘူး။ လူပျိုလူလွတ်ကို နိုင်းရင်တောင် တော်သေးတယ်။ ခုက ကလေးတစ်ယောက်အမေ"

"ကလေးအမေဆိုတော့ ဘာဖြစ်လို့လဲ။ အဲဒီကလေးအမေက လူပျိုထက်စိတ်ချရလို့ မေမေက နိုင်းတာပေါ့။ သဲမောင်က သူ့မိန်းမနဲ့ သူ့သားပဲ စိတ်ထဲမှာရှိတာ"

"ဒါပေမဲ့ မေမေ့လုပ်ရပ်ကြောင့် သား သူ့ကိုအရှမ်းအားနာသွားပြီ မေမေ။ သား သူ့ကိုချစ်တယ်။ ဒါပေမဲ့ ဂရေ့စ်နဲ့ စေ့စပ်ထားတာတစ်ကြောင်း၊ သူ့လို မိန်းကလေးမျိုးကို လက်မထပ်နိုင်တာတစ်ကြောင်း။ သား သူ့ကိုဥပေက္ခာပြုနိုင်ခဲ့တယ်။ အခုမှ သူက သားစိတ်ထဲကို လုံးဝဝင်လာတာ။ သူ့ကို ဘာပြန်လုပ်ပေးရမလဲဆိုတာ တစ်ချိန်လုံးတွေးမိနေပြီ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတွေးစရာ မလိုဘူး။ ဘာမှလဲ လုပ်ပေးစရာအကြောင်း မရှိဘူး။ သဲမောင်ကို မနိုင်းခင် မေမေက သူ့ကိုအရင်ညှိတာပါ။ သူက လက်မခံတော့လည်း တစ်ပြားမှမရဘဲ ကလေးအဖေနဲ့ တွဲလိုက်ရတော့တာပေါ့။ သူ့ကိုပေးမယ့် ပိုက်ဆံကို သဲမောင်ကိုပဲ ပေးလိုက်တော့တယ်"

"မေမေ သမီးချင်း ကိုယ်ချင်းစာကြည့်ပါဦးဗျာ"

"မစာနိုင်ဘူး။ ငါ့မှာ သမီးမှမရှိဘဲ။ ရှိတဲ့သားကိုပဲ အကောင်းဆုံးဖြစ်အောင် လုပ်ပေးဦးမှာ။ ငါ အဲလိုမလုပ်ခဲ့ရင် မင်း ခုချိန်ထိ ဂရေ့စ်ကို လက်ထပ်မှာ မဟုတ်ဘူး"

"အဲဒါ သားကိုပဲ အပြစ်ပေးရမှာပေါ့ မေမေ၊ သူ့ကို ဘာလို့ ဒီလိုလုပ်လိုက်ရတာလဲ"

"ငါ့သားရယ်၊ အညာကိုင်တယ်ဆိုတဲ့စကား မကြားဖူးဘူးလား။ မင်းနဲ့ ဂရေ့စ်ကိစ္စ အမြန်ဆုံးပြီးမြောက်ဖို့က ဒီတစ်နည်းပဲ စဉ်းစားမိလို့ပါ My son ရဲ့။ ဘာမှ စဉ်းစားမနေနဲ့တော့။ အားလုံး ပြီးသွားပြီ။ သဲမောင်ကိုလည်း





ပြဿနာသွားမရှာနဲ့။ သူလည်း သူ့မိန်းမကျန်းမာရေးကြောင့် လုပ်ရတာ။ သဲမောင်ကြောင့် ဟိုကောင်မလေးလည်း ဘာမှနစ်နာစရာရှိမှာ မဟုတ်ဘူး။ သဲမောင်ရဲ့ရိုးသားမှုကိုယုံလို့နိုင်းတာ။ မင်းလည်း ဒီတင်ရပ်တော့။ ဂရေ့စ် သိသွားရင်လည်း မကောင်းဘူး"

"အမှန်တော့ မေမေ ဒီလိုမလုပ်လည်း ရပါတယ်။ သားက ဂရေ့စ်ကိုပဲ လက်ထပ်မှာပါ။ သားနဲ့ သူက ကြိုက်နေတာလည်း မဟုတ်ဘဲ ခုလို လုပ်လိုက်တာ သားတို့ဘက်က တော်တော်ဖောင်းလ်သွားတယ်။ ပြီးတော့ သား ရှက်တယ် မေမေ"

"ရှက်ရအောင် မင်းလုပ်တာမှ မဟုတ်တာ။ ငါလုပ်တာလေ။ ကဲပါ မိုးအုပ်ရယ်။ ပေး ... အဲဒီစာ။ ဒီဇာတ်လမ်း ဒီမှာပဲရပ်တော့။ မင်းလို စိတ်ပျော့ပုံမျိုးနဲ့တော့ ခက်တယ်။ မင်း အဲဒီလို ပျော့တိပျော့ညံ့ ဖြစ်နေလို့ ငါ ဒီလိုလုပ်ရတာ။ မေမေ့အကြောင်း မင်း သိပါတယ်။ မေမေက ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တာကို ဖြစ်အောင်လုပ်တတ်တယ်။ ကဲ ... မင်းသွား တော့။ မေမေ မေးလ်စစ်စရာ ရှိသေးတယ်"

မိုးအုပ် ပါးစပ်ပိတ်ပြီး ငြိမ်နေလိုက်ရတော့၏။

○✚○





ငယ်စဉ်ကတည်းက စာအုပ်တွေထဲ ခေါင်းနှစ်ကာ ပတ်ဝန်းကျင်ဆိုတာ ဘာမှန်းမသိဘဲ နေခဲ့သူ။ လူမှုဆက်ဆံရေး ဆိုတာ စာအုပ်ထဲမှာပဲရှိသည်။

ဒီတော့ မြယွန်းပုံ ပတ်ဝန်းကျင်နဲ့ လူတွေအကြောင်း မသိတာ မဆန်းပါ။

မသိလို့ ခုလိုခံလိုက်ရတာပေါ့။ အရိပ်သုံးပါးနားမ လည်လို့ ကလေးအဖေကိုတောင် မရိပ်မိခဲ့တာပေါ့။

ပြီးတော့ သူမဘဝရဲ့ ရည်းစားဦးက ကလေးတစ် ယောက်အဖေ။

ပြန်တွေးမိတိုင်း မြယွန်းပုံ သွားတွေစေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းပုံမှာ မိဘတွေနဲ့တောင် မိတ်ဆက်ပေးမိသေးသည်။

ခုတော့ မေမေတို့ကို ဘယ်လိုပြန်ပြောရမလဲ။

မြယွန်းပုံက စာပဲဖတ်တတ်တာ။ တကယ့်လက်တွေ့ ပေါင်းသင်းဆက်ဆံရေးက ဗီးရိုး။

တကယ်တော့ အရာရာဟာ တစ်ဖက်စွန်းမရောက်ဘဲ ညီမျှဖို့လိုသည်။

စာလည်းဖတ်သင့်သည်။ အပြင်လက်တွေ့ဘဝနဲ့လည်း အတွေ့အကြုံနဲ့ ဗဟုသုတအတွက် ထိတွေ့သင့်သည်။

မြယွန်းပုံရဲ့မိဘတွေက သူတို့ပန်းပုရုပ်ကလေးကို ပြီးပြည့်စုံပြီ ထင်ခနေကြတာ။ တကယ်တော့ ပန်းပုရုပ်ကလေးက တခြမ်းစောင်းနေခဲ့တယ်။

ပန်းပုဆရာတွေကတော့ သူတို့စိတ်ကြိုက် ထုကြတာပဲ။ ပြီးတော့ ကိုယ်ထုတဲ့ပန်းပုလက်ရာကို ကိုယ်ပြန်ကြည့်ရင် အပြစ်မမြင်ကြ။





မိဘတွေဟာ သားသမီးတစ်ယောက်ရဲ့ဘဝကို frame ချပေးသူတွေ ဆိုပါစို့။

ကိုယ်ကတော့ အကောင်းဆုံး ထင်တာကို လုပ်ပေးတာပါ။ ဒါပေမဲ့ မိဘတွေရဲ့ frame စောင်းနေခဲ့ရင် ? ။

ထို့ကြောင့် လက်ဦးဆရာက အရေးကြီးလှပါသည်။

ကိုယ်လိုချင်တဲ့ပုံစံကို သွင်းတာထက် ပန်းပုရုပ်ကလေးရဲ့ အသွေးအသားတွေက ဘယ်ပုံစံနဲ့ပိုပြီး လိုက်ဖက်မလဲ ဆိုတာ တွေးသင့်ပါတယ်။

ဆိုလိုတာက ဆရာဝန်မလုပ်ချင်တဲ့ သားသမီးကို မိဘက အတင်းဆေးကျောင်းတက်နိုင်းရင် အဲဒီဆရာဝန် ထူးချွန်ပါ့မလား။ အဲဒါကြောင့် ...

ပန်းပုဆရာဆန္ဒက အရေးကြီးလား။ ပန်းပုထုခံရမယ့် သစ်သားရဲ့အရည်အသွေးက ပိုအရေးကြီးသလား။ စဉ်းစားစရာပေါ့ ...။

○✤○



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ မနေ့က တွဲလက်စရည်းစားကို ဖြတ်လိုက်သည်။ ဖြတ်စရာအကြောင်းပြချက် ရှာမရသဖြင့် တုံးတိပဲ။

“ကဗျာတို့ လမ်းခွဲကြစို့”

“ဘာဖြစ်လို့လဲ ကဗျာ”

“ရင်မခုန်တော့လို့”

“ကဗျာ ရင်ခုန်အောင် ကိုယ် ဘာလုပ်ပေးရမလဲ”

“မလိုတော့ဘူး၊ ရင်ခုန်စရာ အသစ်တွေ့ထားပြီ”

“မင်းက ဘာလိုင်းကြီးပါလား”

ကဗျာ အပြုံးမပျက်ပါ။

“မဖြတ်ပေးဘူး ဆိုရင်ရော”





“ကဗျာက မနက်ဖြန် နောက်တစ်ယောက်ကို အဖြေပေးတော့မှာ”

“ကဗျာ ... မင်းကွာ၊ ရုပ်ကလေးလှသလောက် တော်တော်အရှက်မရှိတာပဲ”

“ယူ့ကို အဖြေပေးတဲ့နေ့က ယူ တော်တော်ပျော်နေတယ်မို့လား”

“တောက်”

“ယူ့အရင်တစ်ယောက်လည်း အဲဒီအချိန်တုန်းက ယူ့လိုပဲ ဒေါသတွေ ထွက်နေခဲ့တာပေါ့”

“နှင်းကဗျာ ... မင်း”

“ရှင်မဖြတ်ပေးလည်း ကဗျာက သူ့ကို အဖြေပေးမှာပဲ။ ရှင်နဲ့သူက အင်း ... ရည်းစားပြိုင်တွေပေါ့ ... ဟင်း ဟင်း”

“တော် ... တော် နှင်းကဗျာ၊ မင်းလို မိန်းကလေးမျိုးက သစ္စာတရားနဲ့ မတန်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ပါးစပ်ဖျားက သစ္စာက မက်လောက်စရာမှမရှိတာ၊ ဩော်... ရှင့်နံပါတ် မှတ်ထားလိုက်ဦးနော်။ ရှင်က ကဗျာရဲ့ ဆယ့်သုံးယောက်မြောက်ရည်းစား ... ဟ ... ဟ"

"တော် ... မင်း မိန်းကလေးဖြစ်နေလို့ပေါ့ကွာ။ အေး ... မင်းကို ငါကလည်း ဆယ်ခါပြန်ပြတ်တယ် နှင်းကဗျာ၊ မင်းကို တကယ်ချစ်ခဲ့တာ ငါ့အမှား။ ဒါပေမဲ့ အချစ်၊ မင်းကို ငါ ချစ်ချစ်ကြီးနဲ့ကို မုန်းတယ်၊ သွား ... မင်း သွားတော့"

"ကျေးဇူးတင်ပါတယ် ... Good Bye"

ကဗျာသည် အလှပြင်နေရင်း မနေ့ကတစ်ယောက်ကို ဖြတ်ခဲ့ပုံအား ပြန်တွေးရင်း ပြုံးစိစိဖြစ်နေသည်။

ကဗျာ ဒီနေ့အဖြေပေးမည့်တစ်ယောက်နဲ့ ဘုရားမှာ ချိန်းထားသည်။

ချိန်းထားတာက ဘုရားကိုအရောက် ကိုးနာရီ။ ဒါပေမဲ့ ကဗျာကတော့ ကိုးနာရီထိုးမှ အိမ်ကစထွက်သည်။ ဒါက ကဗျာ့အထာပဲလေ။





ကဗျာတို့ဆီကနေ ဘုရားကိုရောက်ဖို့က လိုင်းကားနှစ်ဆင့် စီးရပါသည်။ ဝန်ထမ်းသားသမီးမို့ တက္ကစီလည်း မစီးနိုင်ပါဘူး။

လိုင်းကားကို ဒေးဆေးစောင့်စီးလိုက်တာ ဘုရားရောက်တော့ ဆယ်နာရီခွဲ။

စနေထောင့်မှာ သကောင့်သားလေးက စွဲကောင်းနေသည်။ ဒါပါပဲ။ ဒါ ယောကျ်ားတွေရဲ့အကျင့်ပဲလေ။ မရခင်မှာ လိုလိပ်တတ်မြဲ။ မရခင်ကတော့ ဝီရိယတွေပိုကာ ကြိုရောက်မြဲ။ အဖြေပေးပြီးကာစ ဆိုရင်လည်း သူတို့မှာ ချစ်ခင်မဆုံး။ ဒါပေမဲ့ ကြာလာရင်တော့ သူတို့က တဖြည်းဖြည်း ပြန်နောက်ကျသွားကြမှာလေ။

"ကဗျာ"

"ကိုသားငယ်"

ကဗျာသည် အချိုဆုံးအသံ။ ပြုပြင်ထားတဲ့ အပြုံးတွေနဲ့ မျက်နှာဖုံးဆင်ပြီး ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် အချိုဆုံး အပြုံးတွေနဲ့ ကြည့်နေတုန်း။

"မိန်းမရယ် ... မိန်းမ ဘုရားကို ဘာလာလုပ်တာလဲ၊ မိန်းမ ဘုရားလာမယ်ဆို ကိုယ့်ကိုပြောတာ မဟုတ်ဘူး။ ကိုယ်လိုက်ပို့မှာပေါ့၊ အခု ကိုယ်တို့ရုံးက ဧည့်သည်တွေကို ဘုရားပို့ရင်း မိန်းမကိုတွေ့လိုက်လို့၊ နှင်းကဗျာနော် ... မပြောမဆိုနဲ့ အချစ် ဆိုးနေတယ်နော်"

ရေပွက်မဝင် ပြောနေတဲ့ တည်သွေး မျက်နှာကြီးကို ကြည့်ရင်း သားငယ် မျက်နှာကြီး နီရဲလာကာ ...

"ကဗျာ ... ခင်ဗျားဗျာ"

ချာခနဲ လှည့်ထွက်သွားတဲ့ သားငယ်နောက်ကျော ကိုကြည့်ရင်း ကဗျာ ပခုံးတွန့်ကာ ပြုံးလိုက်သည်။

"မိန်းမတွေ ပခုံးတွန့်ရင် ငါ အရမ်းမုန်းတယ်"

"ရှင်ချစ်အောင် နေပြစရာမှ မလိုတာ။ အင်း ... ဒီနေ့ ကြည့်ရတဲ့ အကယ်ဒမီရှော့ခ်က မိုက်တယ်။ အပျင်းတောင် ပြေသွားတယ်"





"နှင်းကဗျာ ... မင်းက မိန်းကလေးတန်မဲ့ တော်တော် သွေးအေးတယ်နော်။ အေးလေ ... အဲဒါကြောင့်လည်း မင်းက ဆရာမကြီး ဖြစ်တာပေါ့"

"ကဲ ... ကျွန်မသွားပြီ တည်သွေး။ ကျွန်မအတွက် အချိန်တွေအကုန်ခံနေတဲ့ရှင့်ကို သနားလိုက်တာ ... ကျွတ် ... ကျွတ်"

"မင်းပွဲကိုဖျက်ဖို့ ဒီလောက်တော့ ရင်းရမှာပေါ့ ... ဟား ဟား"

ဆရာကြီးနှစ်ပါး တွေ့ကြပြီ။

○✤○



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာလည်း တည်သွေးက ကဗျာရည်စားထားလို့မရအောင် အမျိုးမျိုး နှောင့်ယှက်တတ်ပါသည်။

တည်သွေးလုပ်ရပ်ကြောင့် ကြာလာတော့ တည်သွေးနဲ့ကဗျာကို ဘာညာထင်ကြသည်။ ကဗျာကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါ။ စိုက်စရာလည်း မလိုဘူး။ ပတ်ဝန်းကျင်ကို ဂရုစိုက်မှ ပိုဆိုးမှာ။ ပတ်ဝန်းကျင်ကို ဂရုစိုက်ပြီး ဦးတည်ချက်ပျောက်သွားသူတွေ တစ်ပုံကြီး။ အဲဒီထဲမှာ ကဗျာမပါစေရ။

ကဗျာကလည်း ရည်းစားတွေကို ထမင်းစားရေသောက်သာသာ ထားနေတာလေ၊ ကဗျာ ရည်းစားထားတာက ရည်းစားထားနေရင်းနဲ့ အဲဒီကောင်လေးရဲ့စိတ်ဓာတ်နဲ့ အကြိုက်





စရိုက်တွေကို အသေးစိတ် လေ့လာအကဲခတ်နေတာပင်။ အများစုကတော့ အတ္တသမားတွေချည်းသာ။ အတ္တနည်းတာနဲ့ များတာပဲကွာသည်။ ပေးဆပ်စွန့်လွှတ် ချစ်တတ်သူ မရှိမဟုတ်။ ရှိပါသည်။ ဒါပေမဲ့ တော်တော်ရှားသည်။

များသောအားဖြင့်ကတော့ မျက်စိနဲ့ ကဗျာ့ကိုမြင်နေချိန်မှာ နောက်ဖေ့နဲ့နှစ်ယောက်လောက် ကြည့်ထားပြီးသားဖြစ်နေတတ်ပါသည်။

ပေးဆပ်စွန့်လွှတ် ချစ်ပါသည်ဆိုတဲ့သူကလည်း ပိုင်ဆိုင်ရယူဖို့ မဖြစ်နိုင်လို့ သံကောင်းဟစ်ကြတာပါ။ မရယူနိုင်လို့ စွန့်လွှတ်လိုက်ရတာကို မေတ္တာရှင်ကြီးတွေလိုလို သံကောင်းဟစ်နေတဲ့သူကများသည်။

ဒါတွေကို လက်တွေ့သမား ကဗျာက ကောင်းကောင်းနားလည်နေပြီးသား။

ဒီကြားထဲမှာ မိန်းမနဲ့ပြိုင် နိုင်ချင်နေသော တည်သွေးလိုယောကျ်ားမျိုးတွေလည်း ရှိသေးသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာသည် တည်သွေးကို တန်ပြန်တိုက်ကွက်ဆင်နိုင်ဖို့ တည်သွေးအကြောင်း စုံစမ်းရသည်။

ကိုယ်က ခံစစ်နဲ့ချည်း ကစားနေရင် တစ်ဖက်က အလွယ်တကူဖိကာ အနိုင်ယူသွားနိုင်သည်လေ။

တန်ပြန်ထိုးဖောက်တိုက်ကွက်ဆင်နိုင်မှ သူတစ်လှည့်ကိုယ်တစ်ခါ သရေလောက် မှန်းလို့ရမှာဖြစ်သည်။

တည်သွေး အကြောင်း စဉ်းစားလိုက်တော့ တည်သွေးကလည်း သူ့ပတ်ဝန်းကျင်မှာတော့ တကယ့်ကို ဆရာ့ဆရာကြီး ဖြစ်နေပါ၏။

တည်သွေး မျက်စိမှိတ်ပြလိုက်ရင် တည်သွေးခြေရင်း ဝပ်ဆင်းချင်သည့်မိန်းမတွေ ပုံနေသည်ဆိုပဲ။

တည်သွေးက မိန်းကလေးတွေကို ချစ်တယ်တောင်မပြောရပါဘဲ အိစိကလီလုပ်ရင်း ရည်စားလိုလို ဘာလိုလိုတွဲသွားတွဲလာ လုပ်ပစ်တာချည်းပဲတဲ့။





တည်သွေးကို ဖမ်းချင်တဲ့ မိန်းကလေးတွေလည်း ရှိသတဲ့။ အမျိုးမျိုး ခွင်ဆင်တတ်ကြသတဲ့။ ဒါပေမဲ့ ဆရာ့ဆရာထက်ကို ဆရာကျတဲ့တည်သွေးကို ဘယ်အကွက်နဲ့မှ ဖမ်းလို့မရဘူးတဲ့။ အရှောင်အတိမ်းလည်း ကောင်းတယ်ဆိုပဲ။

ပြီးတော့ တည်သွေးတို့က ညီအစ်ကိုချည်းပဲ လေးယောက်ရှိတဲ့အထဲမှာ တည်သွေးက ဒုတိယမြောက်သားတဲ့။ အစ်ကိုကြီးက အိမ်ထောင်သည်။ ညီတစ်ယောက်က သင်္ဘောသား။ ညီအငယ်ဆုံးလေး မိုးသွေးက ကဗျာကို ကြွေနေတာတဲ့။

မိုးသွေးက အရမ်းငယ်လို့ ကဗျာက ရှော်လိုက်တာပါ။

ကဗျာ ကလေးတွေကို ဒုက္ခမပေးချင်ဘူး။ အဲဒီကလေးတွေက တစ်ခုခုဆို ခံနိုင်ရည်မရှိဘဲ မဟားဒယား ပေါက်ကွဲတတ်ကြတာ။ အဲဒါမျိုးကိုတော့ ကဗျာတို့က ရှောင်သည်။

ကဗျာသည် ကိုယ့်ကို အမှုပတ်နိုင်သည့် အဆင်မျိုးဆိုရင်တော့ ဝေးဝေးက ရှောင်ပါသည်။

ခုပဲကြည့်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသွေး။

ပြဿနာဖြစ်နိုင်ချေရှိလို့ ရှောင်ကာမှ သင်းဘာသာ တစ်ဖက်သတ် ကြေကွဲဆွေးမြည့်ပြီး တည်သွေးနဲ့သူမ ပြဿနာ တက်ရတာပင်။

တကယ်ဆိုရင် သူမ မိုးသွေးအပေါ် ဘာမှမဆွဲဆောင် ခဲ့ပါပဲ သူမဘက်က တွန်းထုတ်ခဲ့တာပါ။

မိုးသွေးမှာ ဆရာကျသော အစ်ကိုတစ်ယောက်ရှိနေ တာက သူမအတွက် မဟာကံဆိုးမှုပဲပေါ့။

တည်သွေးက သူမကို အရိပ်တစ်ခုလို နှောင့်ယှက် နေသည်။

ဘာပဲလုပ်လုပ် တည်သွေးကြောင့် ပွဲဖျက်ရသည် ချည်း။

သူမကတော့ "ပဥ္စလက်နှလုံးသား တည်သွေး"ကို "ပွဲဖျက်တည်သွေး"ဟု တိတ်တိတ်ကလေး နာမည်ပေးထားသည်။

○ ✣ ○





တည်သွေးသည် ညီငယ်ရဲ့ရင်ဘတ်ကို ဖောက်စား သွားသော မိန်းမကို လက်စားချေဖို့ ချဥ်းကပ်ခဲ့တာပါ။ သို့သော် ထိုမိန်းမသည်လည်း သူ့ထက်မသာရင်တောင် သူ့ထက်မလျှော့ သော ပဥ္စလက်ပညာရှင်တစ်ဦးပဲဖြစ်သည်။

ပြီးတော့ ထိုမိန်းမဆီမှာ မမြင်နိုင်သော ညှို့အား တစ်ခုလည်းရှိသည်။

ထိုမိန်းမကို စ,တွေ့ဖူးကာစမှာပဲ သူ စိတ်ဝင်တစား လက်စားချေချင်နေမိတာ။

နာမည်နဲ့လိုက်အောင် နှင်းပွင့်လေးလို ဖြူစင်နုနယ် ပြီး ကဗျာတစ်ပုဒ်လို သိမ်မွေ့နူးညံ့မှုတွေ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမနှလုံးသားကတော့ နာမည်နဲ့မလိုက်အောင် မာကြောခက်ထန်လွန်းလှသည်။ သူမကြောင့် ဘဝပျက်ရတဲ့အထိ ကျဆုံးသွားတဲ့ ယောက်ျားတွေ မနည်းဘူးဆိုပဲ။

ထိုထဲတွင် သူ့ညီ မိုးသွေးပါ,ပါသေးသည်။ မိုးသွေးဟာ သူမအတွက် စာရင်းဝင်နံပါတ်တစ်ခုတောင် မဖြစ်ခဲ့ပါ။ မိုးသွေးအဆင့်က သူမရဲ့အပယ်ခံအဆင့်။

မိုးသွေးကလည်း ဒါကိုပဲ ကြေကွဲနေရှာတာပါ။ မိုးသွေးမှာ မိုက်မဲတဲ့ မျှော်လင့်ချက်တစ်ခု ရှိနေတယ်လေ။ ဒါကတော့ သူမကသာ ရည်းစားအဖြစ် ရွေးချယ်ခဲ့ရင် မိုးသွေးဟာ သူမအပေါ် အရမ်းကောင်းပြီး မေတ္တာကွန်ယက်တစ်ခု ဖြန့်ကျက်ကာ သူမ ရုန်းမထွက်နိုင်အောင် ချစ်ပြဖို့ အားခဲထားသူပါ။

မိုးသွေးဟာ နှင်းကဗျာကို တကယ်ကို ချစ်ခဲ့တာပါ။ မိုးသွေးရဲ့မေတ္တာ အသွားသာရှိပြီး ပြန်လမ်းမရှိခဲ့၍ မိုးသွေးခမျာ ယူကျုံးမရ။ ပြိုင်ပွဲဝင်ခွင့်တောင် မရခဲ့တဲ့ အရှုံးသမားအဖြစ်ခံယူကာ အင်မတန် စိတ်ဓာတ်တွေ ကျခဲ့သေးတာ။ ဆယ်တန်းဖြေ





ထားတဲ့ မိုးသွေးဟာ ဆယ်တန်းအောင်စာရင်း အဖြေကိုတောင် စိတ်မဝင်စားတော့တဲ့အထိ ဖြစ်သွားတာပါ။

အောင်စာရင်းထွက်တော့ ကျသည်။ သူ့အတွက် အောင်စာရင်း မဟုတ်ဘဲ ကျစာရင်း ဖြစ်နေခဲ့သည်။

မိုးသွေး ပိုလေသွားသည်။ ကျောင်းပြန်တက်ခိုင်းလို့မရ။

အားအားရှိ ဂစ်တာတီးပြီး အသည်းကွဲသီချင်းတွေပဲ ဆိုနေတတ်သည်။ စိတ်နဲ့ကိုယ်လည်း ကပ်ပုံမရ။

မိုးသွေးကိုကြည့်ကာ သူတို့ တစ်မိသားစုလုံး စိတ်ဆင်းရဲခဲ့ရသည်။ မိုးသွေးက အငယ်ဆုံးဆိုတော့ ပိုဆိုးသည်။ အမေဆိုရင် မိုးသွေးစိတ်နဲ့ အိပ်ရာထဲတောင်လဲသည်။

အဖေက မိုးသွေးကို စိတ်ပျော့လို့ဆိုပြီး ဒေါသထွက်ကာ ထကန်သေးသည်။

ဒီတော့ သူ စိတ်တွေကြွလာကာ သူမကို မိုးသွေးကိုယ်စား လက်စားချေချင်စိတ်တွေ ပေါက်လာသည်။



www.burmeseclassic.com

နှင်းကဗျာက ဆရာမကြီးမှန်း သိပေမယ့် သူကလည်း သူ့ကိုယ်သူ ယုံကြည်မှုရှိသည့်အတွက် သူမထံ ချဉ်းကပ်ခဲ့တာပါ။ ဒါပေမဲ့ နှင်းကဗျာကို စတွေ့ဖူးကာစမှ သူ့ရဲ့ယုံကြည်မှုတွေ ဆိမ်းယိုင်ခဲ့ရသည်။

နှင်းကဗျာသည် အရမ်းချော အရမ်းလှနေတာတော့ မဟုတ်ပါ။ ဒါပေမဲ့ ချစ်စရာကောင်းကာ ဆွဲဆောင်မှုကလည်း အပြည့်။

ထို့ကြောင့် သူတောင် သူမစက်ကွင်းကလွတ်အောင် မနည်းရုန်းထွက်ရမည် ထင်ပါသည်။

သူမကိုနိုင်ဖို့ မလွယ်ပါ။ သရေကျအောင်တောင် မနည်းကြိုးစားရမည်။

ဆရာကြီးနှစ်ပါးတော့ တွေ့ကြပြီ။

○ ✚ ○





နှစ်ယောက်စလုံးက သရေနဲ့ အကန်ခံပြီး ကစားကြရမှာပါ။

နှစ်ဦးနှစ်ဖက်ရှိန်ပြီး လန့်နေကြကာ သတိအနေအထား ဖြစ်နေပါသည်။

သူတို့ ကိုယ့်ကိုယ်ကိုယ် အပြည့်အဝ ယုံကြည်မှုမရှိ ဖြစ်နေကြတာက သူတို့ဟာကွက်ကို သူတို့ကိုယ်တိုင် ထင်ရှားစွာ ပြန်မြင်ရလို့ပါပဲ။

ထိုဟာကွက်ကို တစ်ဖက်သား မမြင်သွားလေအောင် အသည်းအသန် ပိတ်ဆို့ကာကွယ်နေရသည်။ ထိုဟာကွက်ကတော့ ပြိုင်ဘက်အပေါ် နှလုံးသားက ယိမ်းယိုင်နေခြင်းပါပဲ။

www.burmeseclassic.com



ဟုတ်ပါတယ်။ သူတို့ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားခြင်းမှာ နှစ်သက်သဘောကျခြင်းတွေလည်း ဖြစ်နေပါတယ်။

ဘယ်သူမှ မငြိဘူး၊ မထိဘူးသေးတဲ့ နှလုံးသားနှစ်ခုက အသွင်တူခြင်းတွေ့တော့ ထိချင်ငြိချင်သည်။

ဒါပေမဲ့ သူတို့ အရှုံးမခံနိုင်ပါ။ တစ်ယောက်က တစ်ယောက်ကို ချစ်မိတာနဲ့ ချစ်တဲ့သူက အရှုံးပင်။

တည်သွေးက သူမကို နှောင့်ယှက်မှုမျိုးစုံနဲ့နှောင့်ယှက်သမျှ သူမက လောလောဆယ် အပြုံးလေးနဲ့ပဲ ခံစစ်ဖွင့်ထားသည်။ လောလောဆယ်တော့ ဘယ်သူမှ အထိမနာသေးပါ။

ကဗျာသည် သူ နှောင့်ယှက်သမျှကို သည်းခံရင်း သူ့ကို တုံ့ပြန်နိုင်ဖို့ ချက်ကောင်းစောင့်နေခဲ့သည်။

သူ့ကို ကဗျာ ဘယ်လိုတုံ့ပြန်ရမလဲ။ သူ့လို ကိစ္စတိုင်း နှောင့်ယှက်တာမျိုး မဟုတ်ဘဲ ချက်ကောင်းတစ်ချက်နဲ့ပဲ တုံ့ပြန်ချင်တာ။





သူကတော့ ကဗျာ့ကိစ္စမှန်သမျှ ဝင်စွက်ဖက်ရင်း ခြေလှမ်းတွေ ကျွံလာခဲ့ပါသည်။ ကဗျာ့ပတ်ဝန်းကျင်မှာရော သူ့ပတ်ဝန်းကျင်မှာပါ သူနဲ့ကဗျာကို အတွဲဟု ထင်နေကြပါပြီ။

ကဗျာ့ဘေးမှာ ဘယ်သူမှမရှိတော့ဘဲ သူ့တစ်ယောက်သာ မကြာခဏ ပေါ်လာတတ်သလို သူ့ပတ်ဝန်းကျင်မှာလည်း သူ့ခများ ကဗျာ့ကို အချိန်ပြည့်နှောင့်ယှက်နေရတာနဲ့ **အီစီကလီ** လုပ်ချိန်တောင် မရှိတော့။ ဒီတော့ သူနဲ့ကဗျာ့ကို ပတ်ဝန်းကျင် နှစ်ခုလုံးက အတွဲထင်ကြတာ မမှားပါ။ **ကဗျာကတော့ အာမေဋိတ်** ရှင်းချက်မှ မပေးဖြစ်ဘဲ အခြေအနေကို စောင့်ကြည့်နေမိ၏။

○✤○



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ရထားလား။ ရထားလား။ ဘယ်ဘူတာမှာရပ်မှာလဲ။ ရပ်ရမယ့်ဘူတာ တွေ့ပြီလား"

"ရှင် ဘာကြောင်တာလဲ တည်သွေး"

"ဟား ဟား ... မအိပ်သေးဘူးလား။ ငါလည်း မျက်လုံးတွေကျယ်နေလို့ကွ။ စကားပြောရအောင် ဆက်လိုက်တာ"

"အားနေတယ်ပေါ့"

"အေး ... မင်းဖုန်းလည်း အားနေပါလား"

"တစ်ချိန်လုံးကြီးလည်း ပြောနိုင်ပါ့မလားရှင်။ အော်ပရေတာမှ မဟုတ်တာ"

"ထားပါ၊ ခုနင် မေးခွန်းလေး ဖြေပါဦး"





"ဘာလဲ"

"ရထားကြီးရပ်စရာ ဘူတာမတွေ့သေးဘူးလားလို့။ ရပ်စရာဘူတာမဟုတ်ဘူး ဆောရီး။ မင်းက ဘူတာတိုင်းရပ်တဲ့ရထားကြီးပဲ။ ခရီးဆုံးဘူတာ မတွေ့သေးဘူးလားလို့မေးရမှာ။ မင်းနားခိုမယ့်ဘူတာ မတွေ့သေးဘူးလား"

"အသက်အစိတ်မှ မပြည့်သေးတာ။ ကဗျာ့ target က အသက်အစိတ်လေ"

"သြော် ... ဒါဆို အခု ဘယ်နနှစ်လဲ"

"ဘာလို့ဖြေရမှာလဲ။ လျှောက်လွှာတင်ချင်လို့လား။ ဒီမှာတောင် သတ်မှတ်ထားတာထက် ပိုကျော်နေပြီ"

"ခရီးဆုံးဘူတာ မရှိသေးဘူးဆိုရင် တော်ကြာ မတော်တဆ ငါ့ကို ခရီးဆုံးဘူတာအဖြစ် သတ်မှတ်လိုက်မှာ စိုးလို့ပါ"

"စိတ်ချပါ၊ မဖြစ်စေရဘူး"

"စကားမစပ် ငါ မင်းကိုချစ်တယ် နှင်းကဗျာ"

"ရှင်က ခရီးတစ်ထောက် နားစေချင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ္တခဏပေါ့။ ထာဝရတော့ လက်ခံနိုင်မယ်မထင်ဘူး နှင်းကဗျာ"

"ဟင်း ... ဟင်း"

ရယ်သံနှင့်အတူ ဖုန်းကို call end လုပ်သွားသည်။

တည်သွေး ပြုံးနေသည်။ သူမနှင့်စကားပြောရတာ ပျော်စရာကောင်းသည်။ စိတ်ကြည်နူးသည်။ ဒါက မဖြစ်သင့်ပေမယ့် မတတ်နိုင်။ ဖြစ်နိုင်ရင် သူမရဲ့ခရီးဆုံးဘူတာ သူဖြစ်ချင်ပါ၏။ ဒါပေမဲ့ သူမက ဘယ်တော့မှ သူ့ရင်ခွင်မှာ နားမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ သူနဲ့ သူမက ပြိုင်ဘက်တွေဖြစ်နေလို့လေ။

တကယ်လို့ သူမဘက်ကသာ သူ့ကိုရွေးချယ်ခဲ့ရင် သူ သူမရှေ့မှာ ဒူးထောက်အရှုံးပေးလိုက်ချင်ပါသည်။

တစ်ဖက်မှာလည်း နှင်းကဗျာ တစ်ယောက် ဆွေးဆွေးကလေး ဖြစ်နေပါသည်။

နှင်းကဗျာ ရပ်ချင်သည့်ခရီးဆုံးဘူတာက သူဆိုရင်ရော သူက လက်ခံမှာမို့လို့လား။





ဒါပေမဲ့ သူနဲ့စကားပြောရင်း သူ့ကိုနိုင်ရမယ့် နိုင်ကွက်တစ်ခု တွေ့လိုက်တယ်။ ဟုတ်တယ်။ သူဟာ ခရီးဆုံးဘူတာ မဖြစ်မှတော့ ကဗျာ့မှာ ခရီးဆုံးဘူတာ ရှိရမှာပေါ့။

ကဗျာဟာ သူပြောသလို ရထားတစ်စင်းဆိုရင် အဲဒီရထားဟာ မဖြစ်မနေ ဘူတာတစ်ခုမှာ ခရီးဆုံးရမှာလေ။

ခရီးမဆုံးတဲ့ ရထားရယ်လို့မှ မရှိတာ။

ကဗျာသည် သူ့ကို နောက်ဆုံးစက္ကန့်မှာ အနိုင်ယူဖို့ စဉ်းစားလိုက်သည်။

ဟုတ်တယ်။ ကဗျာ ခရီးဆုံးဘူတာတစ်ခုကို ရွေးချယ်ရတော့မည်။ ကဗျာသည် အစကတည်းက ချစ်တဲ့သူကိုမှ လက်ထပ်မည်ဟု ရည်ရွယ်ထားခဲ့ခြင်းမရှိ။ ကဗျာ့ဘဝတစ်လျှောက်လုံး အေးချမ်းသာယာစေမည့် အိမ်ထောင်ဖက်ကောင်း တစ်ယောက်ကို ဦးနှောက်နဲ့ သေချာရွေးချယ်ဖို့ပဲ ကဗျာ ရည်ရွယ်ထားခဲ့တာလေ။ အဲဒါကြောင့် အချစ်က မလိုပါဘူး။ နှလုံးသားကိုလည်း သိမ်းထားမှာပါ။

○✤○



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာရေ ... ဒီနေ့ မေမေတို့ရုံးက ဒုဦးစီးလေးကို အိမ်မှာ ထမင်းစားဖိတ်ထားတယ်။ ဘယ်မှသွားဖို့ မစဥ်းစားနဲ့ သမီး"

"ဘာလဲ ... မေမေ့ဒုဦးစီးလေးက လူပျိုလား"

"အေး"

"ဟား ... ဆင်ကွက်ကြီးထင်တယ်"

"ကောင်လေးက ရည်မွန်တယ်၊ စိတ်ဓာတ်ကလေးလည်း ကောင်းတယ်၊ ငါ့သမီးထက် အသက်လည်းကြီးတော့ ငါ့သမီးအပေါ် ချစ်ခင်အလိုလိုက်နိုင်တယ်။ ငယ်ငယ်နဲ့ ဒုဦးစီးဖြစ်လာတာဆိုတော့ အရည်အချင်းရော ဘက်ဂရောင်းပါ ပြောစရာမလိုတော့ဘူး"





"ချည်ပြီး တုပ်ပြီးကို ပြောနေတာပါလား မေမေရဲ့။ ရေလျှံတာတော့ ဟုတ်ပါရဲ့။ ရုပ်ရောရှိရဲ့လား မေမေရဲ့"

"ညည်းရုပ်က ကျိုသောက်လို့မှ မရတာအေ။ အဲဒီရုပ်ရှိနေရင်တောင် ရုပ်ကြောင့်တက်ရမယ့် ပြဿနာတွေ၊ ဖြေရှင်းရမယ့် အကြောင်းအရာတွေ ရှိလာနိုင်တယ်။ ရုပ်ချောတဲ့ ယောကျ်ားတွေက အိမ်အပြင်မှာ ခြေထောက်တစ်ဖက်ကို ငါးဆယ်ရာခိုင်နှုန်းလောက် လှမ်းထားပြီးသား ဖြစ်တတ်တယ်"

"သမီး သိပါတယ် မေမေ"

"ဒါဆိုရင် နေ့ခင်းကျရင် သူ့ကို ညှို့ဝတ်ကျော့ကျော့လေးနဲ့ ဣန္ဒြေရရလေး ညှို့ခံနော်။ သူက သမီးကို သဘောကျသွားရင် မေမေတို့က welcome ပဲ"

"ဟုတ်ကဲ့ မေမေ"

"ဒါဆို သမီး မေမေ့ကို ရေတ်သီးလေး ထောင်းပေးစမ်း။ မိန်းမတစ်ယောက်က အိမ်ထောင်ရေးသာယာချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အိမ်မှုကိစ္စ နိုင်နင်းဖို့လည်း တစ်ခန်းတစ်ကဏ္ဍတော့ လိုတယ် သမီး။ ကိုယ်မလုပ်ချင်ရင်တောင် သိနေရမယ်။ လုပ်ကို လုပ်တတ်နေရမယ်။ အဲဒါမှ သူများကိုခေါ်နိုင်း လို့ရမှာလေ။ အထူးသဖြင့်တော့ ကိုယ့်ယောက်ျားစွဲမက်နေမယ့် ဟင်းတစ်ခွက်တော့ ချက်နိုင်ရမယ်”

“ဟုတ်ကဲ့”

ကဗျာ့မေမေက ခေတ်မေ့မေပါ။ သမီးဖြစ်သူကို တိုက်ရိုက် ရိုက်သွင်းတတ်ပါသည်။

ကဗျာသည် သူ့မမိခင်ရဲ့ မသိမသာ ပုံသွင်းမှုကို ခံရမှန်းမသိ ခံခဲ့ရတာဖြစ်ပါသည်။ ကဗျာ့မိခင်ဟာ စာတတ်ပါသည်။

ကဗျာ့ကို ငယ်ငယ်တည်းက အစ်ကိုဖြစ်သူနဲ့ထည့်ခဲ့တာက သူ့မ မအားတာကတစ်ကြောင်း၊ သမီးဖြစ်သူကို ယောက်ျားလေးတွေရဲ့ခလေ့စရိုက်ကို သိစေချင်တာတစ်ကြောင်းဖြင့် တစ်ချက်တည်းခုတ်၍ နှစ်ချက်ပြတ်စေခဲ့တာပါ။





သမီးဖြစ်သူ ရည်းစားတွေ များနေခဲ့တာကိုလည်း သိရက်နဲ့ လွှတ်ထားခဲ့တာပါ။ ဘာလို့လဲဆိုတော့ မိခင်ပီပီသား သမီးရဲ့အခြေအနေကို သိတာပေါ့။ လူတစ်ယောက်အကြောင်း၊ အခြေအနေ၊ အနေအထားကို အသိဆုံးက သူ့ရဲ့မိခင်ပါပဲ။ မသိချင်ယောင်ဆောင်နေတာပဲ ရှိတာပါ။ မသိတာတော့ မဖြစ်နိုင်ဘူးလေ။ သမီးအကြောင်းကိုသိလို့ လွှတ်ထားခဲ့တာပါ။ သမီးက ဖြစ်ကရပ်ဆန်း ဖြစ်သွားမည့်ကလေးမျိုးမဟုတ်။ သမီးမှာ အတွေးအခေါ်ရှိသည်။ အယူအဆမှန်သည်။ အတွေ့အကြုံကလည်း ရှိနေပြီ။ ဒီတော့ အချိန်တန်တော့မှ သမီးကို ကိုယ့်လိုချင်တဲ့ပုံစံထဲ ထည့်လိုက်ရုံပဲလေ။

သူမထင်တာ မမှားပါ။ အခု သမီးက သူမခင်းပေးတဲ့လမ်းကြောင်းကို အေးဆေးလျှောက်နေပြီလေ။ သူမ မသိတာ တစ်ခုပဲရှိသည်။ အဲဒါကတော့ သမီးဖြစ်သူဟာ ဘူတာတစ်ခုမှာ မဖြစ်မနေ နားခိုချင်နေပြီ ဆိုတာပါပဲ။ အဲဒီတစ်ခုပဲ မသိလိုက်တာပါ။ ကဗျာအတွက်တော့ တော်တော်ကို အဆင်သင့်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မမေ့ရဲ့ဒုဦးစီးမှူးနာမည်က ကိုသွင်ဦးတဲ့။ မမေ ပြောသလို လူကောင်းလူတော်တစ်ယောက်ဆိုတာ ရုပ်ရည်အကဲ ခတ်မိရုံနဲ့ သိသာပါသည်။

စကားပြောကြည့်တော့ ပိုသဘောပေါက်သွားသည်။ ကိုသွင်ဦးက ကဗျာ့ထက် ရှစ်နှစ်ကြီးပါသည်။ အသားလည်းညို သည်။ ရုပ်ရည်က ဘာထူးခြားမှုမှ မရှိသည့် သာမန်ရုပ်ရည်မျိုး။

ဒါပေမဲ့ ...

ကိုသွင်ဦးက အင်မတန် ရည်မွန်ယဉ်ကျေးသော သူတစ်ယောက်ပါ။ သူ့ရည်မွန်ပုံ၊ ယဉ်ကျေးပုံက တကူးတက





လုပ်ယူထားတာမျိုး မဟုတ်ဘဲ နဂိုဗီဇပုံစံမျိုး။ ယဉ်ကျေးပေမယ့် စကားပြောတာတော့ ပြတ်သားသည်။ ယောကျ်ားပီသသည်။

ခေတ်လူပျို အရာရှိပီပီ သမီးပျိုရှိတဲ့အိမ်က ထမင်း စားဖိတ်တာကို ထက်မြက်သော ကိုသွင်ဦးက သဘောပေါက်ကို ပေါက်မှာပါ။ ထို့ကြောင့်လည်း ကဗျာ့ကို လိုလိုလားလား ပြော ဆိုဆက်ဆံပါသည်။

ကဗျာသည်လည်း ကျေနပ်ပါသည်။ ကိုသွင်ဦးဟာ ကဗျာလိုချင်တဲ့ အချက်အလက်တွေနဲ့ ပြည့်စုံသော အိမ်ထောင်ဖက် ကောင်းတစ်ယောက် ဖြစ်ပါသည်။

"ဒီထမင်းဝိုင်းက ကဗျာ့လက်ရာလား"

"ကဗျာ ငရုတ်သီးတော့ ကူထောင်းပေးထားတယ်"

"ဟင်းချက်တဲ့နေရာမှာ ငရုတ်သီးညက်ဖို့က အဓိကကျ တယ်လို့ ကြားဖူးတယ်။ ဟင်းတွေစားလို့ကောင်းတာ ကဗျာ ငရုတ်သီးထောင်းတာ တော်လို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ ကိုသွင်ဦး ကဗျာ့ဘဝထဲ ခြေလှမ်းစခဲ့တယ်။

စတွေ့တွေ့ချင်းနေ့မှာပဲ ကဗျာတို့ စကားတွေအများကြီး ပြောဖြစ်ကြတယ်။

သူ့အကြိုက်၊ ကိုယ့်အကြိုက်၊ သူ့စရိုက်၊ ကိုယ့်စရိုက်၊ သူ့အကြောင်း၊ ကိုယ့်အကြောင်း စသဖြင့် ပြောဖြစ်ကြသည်။

သူကတော့ သူ့မိသားစုအကြောင်း၊ သူ့သူငယ်ချင်းတွေအကြောင်း၊ သူ့အလုပ်သဘာဝအကြောင်းလေးတွေ ပြောပြသည်။

ကဗျာလည်း ပြောရပါမည်။ မဖြစ်မနေ ပြောရတာကတော့ ကဗျာ ရည်းစားများသည့် အကြောင်းပေါ့။ heart မပါဘဲ ရည်းစားတွေထားဖြစ်သည့်အကြောင်း ရှင်းပြမိ၏။

ကိုသွင်ဦးကလည်း ပြုံးပြုံးနဲ့ပဲ နားထောင်သွားပါသည်။

အဲဒီနောက်မှာတော့ ကိုသွင်ဦးက လူကြီးလူကောင်းဆန်စွာပဲ သူ့မမိခင်ဆီမှာ ကမ်းလှမ်းစကား ပြောခဲ့ပါသည်။





ကိုသွင်ဦးရော ကဗျာပါ ဆက်မြက်သူတွေမို့ တစ်ဦးကိုတစ်ဦး တစ်ကြိမ်တွေ့ရုံနဲ့ ကောင်းကောင်းအကဲခတ်နိုင်ခဲ့ပါ၏။

ကဗျာ့မိခင်ကလည်း ကဗျာ့ကိုတောင် မမေးဘဲ ကိုသွင်ဦးရဲ့ကမ်းလှမ်းမှုကို လက်ခံခဲ့သည်။

နောက်ဆုံးတော့ ကဗျာဟာ သူ့ရဲ့ခရီးဆုံးဘူတာကို တွေ့သွားပါပြီ။

ကိုသွင်ဦးနဲ့ ကဗျာ့ကိစ္စက လူကြီးတွေကနေတစ်ဆင့်သွားတာမို့ တည်သွေး သိလည်းမသိလိုက်။ ဖျက်လည်းမဖျက်လိုက်ရပါ။

ဒါကိုက တည်သွေးကိုနိုင်ဖို့ ဇုက်ဖဲတစ်ချက်ဖြစ်နေခဲ့ပါသည်။

ကိုယ်ချစ်တဲ့ နှလုံးသားကို လက်စားချေရမှာ နင်းကဗျာ ကိုယ်တိုင်လည်း အရမ်းခံစားရသည်။ ဒါပေမဲ့ ကဗျာ့အသိထဲမှာ စွဲထင်နေတာက သစ္စာမဲ့တတ်တဲ့ ယောကျ်ားတွေဟာ အချစ်နဲ့ မထိုက်တန်။

○ ✤ ○



www.burmeseclassic.com

www.burmeseclassic.com



ကဗျာတို့ လက်ထပ်ဖို့ မြန်မြန်စီစဉ်ဖြစ်သွားတာက ကိုသွင်ဦးက၊ နယ်ကိုပြောင်းဖို့ အမိန့်ကျလာလို့ပါ။ ကိုသွင်ဦးက ကဗျာ့ကိုပါ လက်ထပ်ပြီး ခေါ်သွားချင်သဖြင့် လောခြင်းဖြစ်သည်။

ကိုသွင်ဦးမိဘတွေ လိုက်လာပြီး ကဗျာ့ကို မိသားဖသားပီပီ တောင်းရမ်းကြ၏။ မင်္ဂလာဆောင်ပွဲကိုလည်း တင့်တင့်တယ်တယ် စီစဉ်ပေးသည်။

ကိုသွင်ဦး မိဘတွေက ရွှေတစ်ဆင်စာနဲ့ ကားတစ်စီး လက်ဖွဲ့သည်။ ကားဈေးတွေက ကျနေတော့ ကားကောင်းတစ်စီးမှ ဘယ်လောက်မှ မကျတော့ဘူးလေ။

ကဗျာ့အနေအထားကို ကဗျာ ကျေနပ်ပါသည်။





ကိုသွင်ဦးကို တည်သွေးနဲ့ မိုးသွေး အကြောင်း သေချာရှင်းပြထားရသည်။ တော်ကြာ သူတို့ပွဲလာဖျက်နေမှာစိုးလို့လေ။ ကိုသွင်ဦးက နားလည်ပေး၍ တော်သေးသည်။

မင်္ဂလာကိစ္စကို အရာရာ ကဗျာ့သဘောကျ စီစဉ်ပေးပါသည်။ ဖိတ်စာကအစ ဝတ်စုံအဆုံး နုနုညံ့ညံ့ လှလှကလေးတွေ။ ကဗျာ ပျော်ပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူသည်။ အိမ်ထောင်ဖက်ကောင်းကို ရွေးနိုင်ပြီ ဟုလည်း စိတ်တိုင်းကျသည်။

ဒါပေမဲ့ ...

နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာက နည်းနည်းကလေး နာသည်။ စစ်ခနဲ စူးရှရှဖြစ်သည်။

ကဗျာ့မင်္ဂလာပွဲကိုတက်ဖို့ တည်သွေးကို မဖိတ်ချင်ပါ။ သူလာတာဟာ ကဗျာ့အတွက် ပိုခံစားရရုံကလွဲပြီး ဘာမှ ဖြစ်လာမှာ မဟုတ်ဘူးလေ။ သူသိမှာစိုးလို့ ဖိတ်စာတွေကိုတောင် ကပ်ပြီးဝေဖို့ စီစဉ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ့သူငယ်ချင်းတွေကိုတောင် အသိမပေးဖြစ်။ ဒါက ကဗျာမိသားစုပဲ သိထားသည့်ကိစ္စ။

အစ်ကိုဖြစ်သူကိုလည်း ပိတ်ထားသည်။ သူ့သူငယ်ချင်းတွေကို မပြောဖို့။

ကဗျာ့မင်္ဂလာပွဲကိစ္စကို အားလုံးဖိတ်စာဝေမှ သိရမည်လေ။

မင်္ဂလာပွဲကျင်းပရန် သုံးရက်အလိုမှ ဖိတ်စာကို စဝေသည်။

ဖိတ်စာငါးစောင်လောက် ဝေပြီးချိန်မှာပဲ ကဗျာ့ဆီကို ဖုန်းဝင်လာသည်။

"နှင်းကဗျာ ... မင်းမှာ အစောကြီးကတည်းက ခရီးဆုံးဘူတာ ရှိပြီးသားကြီးလား"

"မပြောပြဘူး"

"ဟား ... မင်းက ကပ်မှအသိပေးပြီး အားလုံးကိုဖြတ်ချသွားတာပဲ။ ပညာသားပါပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ချီးကျူးတဲ့အတွက်ပေါ့"





"ကိုယ်တို့ပွဲကြီးက သရေပွဲကြီးလားကွာ၊ မင်းပွဲကို ကိုယ်ဖျက်နိုင်ရင်တော့ အနိုင်အရှုံး ရှိလာမယ်ထင်တယ်"

"ဟင်း ဟင်း ... ကဗျာက မပိုင်ဘဲ မလုပ်တတ်ဘူးတည်သွေးရဲ့၊ ဒါပေမဲ့ ရှင် ကြိုးစားချင်သေးရင်တော့ လုပ်ကြည့်ပေါ့"

"ဒီလောက်သေချာနေရင်တော့ မစမ်းသပ်ရဲတော့ပါဘူး။ ဒါနဲ့ ကိုယ့်ဆီကို ဖိတ်စာဘယ်အချိန်ရောက်မှာလဲ"

"ဆောရီးပဲ တည်သွေးရယ်"

"မဖိတ်ဘူးပေါ့"

"ဘာလို့မဖိတ်ဖြစ်တာလဲ ဆိုတာကို မင်္ဂလာပွဲကျင်းပကာနီးရင် ဖုန်းဆက်လိုက်မယ်လေ"

"အခုပြောလို့ မရဘူးလား"

"ခုတည်းကသိရင် ရှင် ခံနိုင်ရည်မရှိမှာစိုးလို့"

"ဟား ... တည်သွေးရာဇဝင်မှာ ခံနိုင်ရည်မရှိဘူးဆိုတာ ထုံးစံမရှိဘူး၊ မင်း ပြောစရာရှိတာသာပြော"

"မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟဲလို ... ဟဲလို ... ဟိတ် ... ကွာ ... ဒီကောင်မလေး"

နှင်းကဗျာ ဖုန်းချသွား၍ တည်သွေး သိချင်စိတ်တွေနှင့် ဖုန်းပြန်ခေါ်သော်လည်း နှင်းကဗျာကတော့ လုံးဝမကိုင်တော့။

တည်သွေးသည် နှင်းကဗျာကို တကယ်ချစ်ခဲ့မိ၍ နှင်းကဗျာ တခြားသူနှင့် လက်ထပ်မည်ဆိုတော့ သွေးပျက်နေသည်။

မိုးသွေးကိုလည်း မပြောရဲ။ မိုးသွေး သိရင်လည်း တော်တော်ပေါက်ကွဲမှာ။ သူကတော့ လူမသိ သူမသိနိုင်စွာဘဲ စိတ်ဓာတ်တစ်ခုလုံး စုတ်ပြတ်သတ်သွားသည်။

သူ ရှုံးသည်။ နှင်းကဗျာ မသိလိုက်ပေမယ့် သူရှုံးပါသည်။ သူ ရှုံးကိုရှုံးသွားပါပြီ။ ဒါပေမဲ့ နှင်းကဗျာ သူ့ကိုမင်္ဂလာပွဲမဖိတ်သည့် အကြောင်းရင်းကို သိချင်ပါသေးသည်။

○✤○





သူမကို အခြောက်တစ်ဖွဲ့ဝိုင်းပြီး အလှပြင်ပေးနေကြပြီ။ အဖြူရောင်သတို့သမီးဂါဝန်စုံလေးကလည်း သူမခန္ဓာကိုယ်ပေါ်မှာ တောက်ပနေပြီ။

အဖြူရောင်သစ်ခွပန်း ခပ်ကြီးကြီး တစ်ပွင့်တည်းပန်ထားသော ဘီးဆံထုံးလေးနဲ့ သူမမျက်နှာ လိုက်ဖက် တင့်တယ်လွန်းလှသည်။

လက်ကိုင်ပန်းကိုလည်း ပန်းအစစ်တွေနဲ့ပဲ အလှဆင်ထားသည်။ အဖြူရောင်သစ်ခွပန်းတွေနဲ့ပဲပေါ့။

နှင်းကဗျာက ဖြူစင်နေသော နှင်းပွင့်ကလေးလို၊ ဖြူစင်နူးညံ့လွန်းတဲ့ ကဗျာတစ်ပုဒ်လို လှနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ပေါ်မှာ ကျောက်ကလေးတွေ ထိုးထားသော ပုံတော်ဖိနပ်လေးကလည်း နှင်းကဗျာခြေထောက်နားမှာ ခစားလျက်။

ပြီးသွားပြီ။

ပြင်ဆင်ပြီးသွားချိန်မှာ ကဗျာ အရမ်း အရမ်းကို လှနေပါပြီ။

ပြီးပြည့်စုံတဲ့ သတို့သမီးလေး ဖြစ်နေပါသည်။

ကဗျာ ဖုန်းကလေးကို နှိပ်လိုက်သည်။ လက်ကလေး နည်းနည်းတုန်ချင်နေတာကို အားမရပါ။

"ဟဲလို"

"ပြော ... နှင်းကဗျာ ပြော"

"တည်သွေး ဖုန်းစောင့်နေတာလား"

"ဟုတ်တယ်"

"တည်သွေး ... ကဗျာက အိမ်ထောင်ဖက်ကို နှလုံးသားနဲ့ မရွေးချင်တဲ့ ,မိန်းမပါ"





"သိပါတယ်၊ မင်း အခု ကတော်ဘဝကို ရွေးလိုက်တာမို့လား။ မင်း ဉာဏ်ကောင်းပါတယ်"

"ဒါပေမဲ့ ကဗျာ့ဘဝမှာ နှလုံးသားနဲ့ ချစ်ခဲ့တဲ့သူရှိတယ် တည်သွေးရဲ့"

"ဘာ"

"ဟုတ်တယ်၊ သူ့ကို ကဗျာ တကယ်ချစ်ခဲ့တာ"

"ဘယ်သူ့ကိုလဲ"

"ကဗျာ့ကို သိပ်အနိုင်ယူချင်နေတဲ့ ယောကျ်ားတစ်ယောက်ကိုပေါ့"

"ဘာ"

"ဒါပဲနော် တည်သွေး။ ကဗျာ့ မင်္ဂလာပွဲ စတော့မှာ။ Goodbye ... ... Forever"

ဖုန်းလိုင်း ပြတ်တောက်သွားပါပြီ။

"ကဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တည်သွေးသည် ကဗျာ မညာဘူးဆိုတာကို ယုံကြည်ပါသည်။ ပြီးတော့ ကြေကွဲသည်။ ကိုယ်က ချစ်နေရတယ်လို့ သေချာချိန်တုန်းက ခံစားရသည်။ သူမကပါ သူ့ကိုချစ်တယ်ဆိုတာ သိရတော့မှ ရှုံးတာ။

ချစ်သူကို ကိုယ်ကချစ်ရက်၊ သူကလည်း ကိုယ်နဲ့ ထပ်တူရှိပါရက်နဲ့ ဝေးကွာခဲ့ရတာဟာ ရိုးရိုးအသည်းကွဲတာထက်ကို ပိုခံစားရတာပါ။

ဒီပွဲမှာ သူမ အပြတ်အသတ်ကို နိုင်သွားပါသည်။ သူ့ကိုချစ်ရက် တခြားတစ်ယောက်ကို လက်ထပ်ပြသွားခဲ့ပါသည်။

သူကတော့ ရင်ကွဲပက်လက် ကျန်ရစ်ခဲ့ပါပြီ။

အရှုံးကို တစ်သက်လုံးပိုက်ကာ နောင်တတွေ တနင့်တပိုးဖြင့် ကျန်ရစ်ခဲ့ပါပြီ။

သူမ မဖိတ်တဲ့ မင်္ဂလာပွဲကို သူ မသွားပါ။ သူမ ဘာလို့မဖိတ်တာလဲဆိုတာသိလို့ ပိုပြီးတောင် မသွားချင်ခဲ့ပါ။ ဒါပေမဲ့ သူချစ်တဲ့မိန်းမတစ်ယောက် သူ့ရဲ့သတို့သမီး ဖြစ်မလာ





ရင်တောင် သတို့သမီးဝတ်စုံနဲ့တော့ မြင်ဖူးချင်ပါသေးသည်။ အရမ်းကို ကဗျာဆန်ဆန်လှနေတဲ့ အဖြူရောင်သတို့သမီးလေးရဲ့ ပုံရိပ်ကို သူ နောက်ဆုံးထွက်သက်ထိ မြင်ယောင်နေမှာပါ။ မင်္ဂလာပွဲနဲ့ မလှမ်းမကမ်းကနေ ပရိသတ်တွေကို ခန်းမအဝင်ဝ ထွက်ပြီး နှုတ်ဆက်နေတဲ့ အဖြူရောင်သတို့သမီးလေး။

သူ့ရင်ဘတ်ကို ဖောက်စားပြီး အနိုင်ယူသွားခဲ့တဲ့ ကောင်မလေး။

သူ မျက်တောင်ခတ်ရမှာတောင် နှမြောစွာ။

○✤○



www.burmeseclassic.com

www.burmeseclassic.com



## အစွန်းရောက်ပန်းပု-၁

မြယွန်းပုံဟာ စာမှုစာ။ စာအုပ်တွေထဲမှာပဲ နစ်မျောကာ ပြင်ပလောကကို လုံးဝလျစ်လျူရှုထားသူပါ။

လူတွေနဲ့ ပေါင်းသင်းဆက်သံရေးမှာ ဇီးရိုးအဆင့်အထိ အစွန်းရောက်ခဲ့တာမို့ စာအုပ်ကြီးအတိုင်း စခန်းသွားရင်း အညာခံရပြီး အသည်းလည်းကွဲခဲ့ရပါသည်။

○✚○





## အစွန်းရောက်ပန်းပု-၂

နိုရာကတော့ တင်ပြခဲ့တဲ့အတိုင်း ဘာမှမသိနားမလည်ခဲ့သော တစ်ဦးတည်းသောသမီး၊ အချစ်လွန်ခံခဲ့ရတဲ့သမီး မိန်းကလေးတစ်ယောက်ပါ။

နောက်ဆုံး သူမရဲ့မသိနားမလည်ခြင်းတွေက သူမရဲ့အသက်ကိုပါ နုတ်ယူသွားခဲ့တဲ့အထိ အစွန်းရောက်ခဲ့ပါသည်။

○✚○



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အစွန်းရောက်ပန်းပုံ-၃

နှင်းကဗျာဟာ နှလုံးသားကို လုံးဝအယုံအကြည်မရှိ။ တစ်ဖက်စွန်းရောက်အောင်ကို အယုံအကြည်မဲ့ခဲ့တာပါ။

အဲဒါကြောင့် သူမရဲ့အိမ်ထောင်ဖက်ကို ရွေးတဲ့နေရာမှာ သူမနှလုံးသားကို သူမကိုယ်တိုင် ဖောက်စားပြီး ဦးနှောက်နဲ့ ရွေးချယ်ခဲ့ပါတယ်။ အသည်းကွဲခံရဲ့တဲ့ သတ္တိတွေနဲ့ပေါ့ ... ..။

○✤○



BURMESE CLASSIC .com



## အစွန်းရောက်ပန်းပုံများ

စာဖတ်ပြီး လူတွေနဲ့ လိုက်လျောညီထွေနေကာ နှလုံးသားနဲ့ချစ်၍ ဦးနှောက်နဲ့ပါ စဉ်းစားချင့်ချိန်မယ်ဆိုရင် ...

အစွန်းရောက်ပန်းပုတွေ ဖြစ်လာနိုင်စရာအကြောင်းမရှိတော့ဘူးပေါ့။

မိန်းကလေးတိုင်း ပြီးပြည့်စုံတဲ့ အိမ်ထောင်ဖက်ကောင်း၊ ကိုယ်နဲ့ လိုက်လျောညီထွေဖြစ်နိုင်မယ့် အိမ်ထောင်ဖက်ကောင်းနဲ့ ဆုံတွေ့ပြီး ဘဝတစ်လျှောက်လုံး သာယာပျော်ရွှင်ကြပါစေလို့ ဆန္ဒပြုရင်း ...။



www.burmeseclassic.com

www.burmeseclassic.com



● မွေးမြလန်းဆန်း ဘဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

ရွှန်းရည်မိုး

10th June 12

www.burmeseclassic.com